
www.burmeseclassic.com



# ဒဂုန်ရွှေမျှား

## ဝေဟင်ခရီး

Five Weers in a Balloon

Jules Verne

[ ဒုတိယအကြိမ် ]

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ➤ ၅၀၀၃၆၀၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ➤ ၅၀၀၄၉၁၀၅၁၀

ထုတ်ဝေခြင်း
ဒုတိယအကြိမ် ➤ (၂၀၁၁ ဇန်နဝါရီလ)
အုပ်ရေ ➤ (၅၀၀)

မျက်နှာဖုံး ➤ ဝေယျာ
ကွန်ပျူတာစာစီ ➤ *Quality*
အတွင်းဖလင် ➤ *Quality*

ပုံနှိပ်သူ
နော်ဆဲဒနေမူး(ရှာလီပုံနှိပ်တိုက်)၊(၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်၊

ထုတ်ဝေသူ
ဦးမြင့်ထွန်း(မြ) (၀၃၉၀၆)၊
အမှတ် ၅၀၈/၅၁၂(ပထမထပ်)
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

တန်ဖိုး ➤ ၁၅၀၀ - ကျပ်

ဒုဂန်ရွှေမျှား ၉၉၅.၈၃
ဝေဟင်ခရီး/ဒုဂန်ရွှေမျှား
- ရန်ကုန်၊
Quality Publishing House ၂၀၁၀၊
၁၂၇ - စာ၊ ၁၃ x ၂၀.၅ စင်တီ
(၁) ဝေဟင်ခရီး

www.burmeseclassic.com

www.burmeseclassic.com

# ပေဟင်သီး

၁၈၆၂ ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် လန်ဒန်မြို့ရှိ ကမ္ဘာ့ပထဝီပညာ စူးစမ်းရှာဖွေရေးအသင်းကြီး၌ အရေးကြီးသော အစည်းအဝေးကြီးတစ်ခု ကျင်းပလေသည်။ ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌဖြစ်သူက ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိသော အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အာဖရိကတိုက်ကို မိုးပုံးပျံဖြင့် ဖြတ်သန်းရန် ကြံစည်လျက်ရှိကြောင်း ကြေညာလိုက်ရာ အသင်းသားများက လှိုက်လှိုက်လှဲလှဲ ဩဘာပေးကြလေသည်။ ထို့နောက် ဥက္ကဋ္ဌက ထိုပုဂ္ဂိုလ်ကြီး၏နာမည်မှာ ဆင်မြူယယ်ဖာဂတ်ဆင် ဖြစ်ကြောင်းဖြင့် ပြန်ပြောပြန်ရာ အသင်းသားများမှာ အတိုင်းမသိ ဝမ်းမြောက်လျက် ထိုပုဂ္ဂိုလ်ကြီးအား သူ၏စွန့်စားသွားရောက်မည့် ခရီးအတွက် ကုန်ကျမည့် စရိတ်စကများကို ကာမိစေရန် ငွေကြေးများစုဆောင်းထောက်ပံ့ကြ၏။

ဒေါက်တာ ဖာဂတ်ဆင်သည် ယခုအကြိမ်သာမဟုတ် ယခင်ကလည်း ဥရောပတိုက်အစရှိသော ကမ္ဘာဟောင်းနှင့် အမေရိကန်ပြည်စသော ကမ္ဘာသစ်တွင် အနှံ့အပြား ခရီးသွားခဲ့ဖူးရာ သူသွားခဲ့သော ခရီးများမှာ အကျိုးမဲ့ မဟုတ်ဘဲ လောကဓာတ်ပညာနှင့်တကွ ပထဝီသမိုင်းတွင် အကျိုးများစေ



www.burmeseclassic.com

www.burmeseclassic.com



လောတ်အောင် တွေ့ကြုံခဲ့သောခရီးများ ဖြစ်လေသည်။ သူ၏ခရီးသွားလာခဲ့ပုံများကို သူသည် လန်ဒန်မြို့ရှိ သတင်းစာကြီးများတွင် ဆောင်းပါးအဖြစ်ဖြင့် အတျယ်တဝင့်ရေးသားဖော်ပြခဲ့ရာ ထို့ကြောင့်လည်း သူ၏နာမည်မှာ ထင်ရှားကျော်ကြားပြီးလျှင် ကြောက်ရွံ့ခြင်းကင်းမဲ့သည့် စွန့်စားရှာဖွေသူ အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦးအနေဖြင့် ကမ္ဘာ အသိအမှတ်ပြုရလေသည်။ ဒေါက်တာ ဖာဂတ်ဆင်ကား မည်သည့်အခက်အခဲကိုမဆို တွန့်ဆုတ်ခြင်းမရှိ၊ အပင်ပန်းခံသည့်နေရာနှင့် ဖွဲ့ကောင်းသည့် နေရာတွင် ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ကြီးပါပေတည်း။

အာဖရိကတိုက်ကြီးမှာ မည်မျှပင် လူများပေါက်ရောက်ခဲ့ပြီဆိုသော်လည်း တိုက်အတွင်း၌ လူသူမသိသေးသည့် လျှို့ဝှက်နက်နဲမှုများရှိရဦးမည်ဟု ဒေါက်တာဖာဂတ်ဆင်ယူဆ၏။ သို့ဖြစ်၍ အာဖရိကတိုက်၏ တစ်စိတ်တစ်ဒေသကို အပျော်ခရီးသဘောမျိုးထွက်၍ စူးစမ်းရှာဖွေရန် ဖြစ်လေသည်။ သူ၏အကြံမှာ ထိုဒေသကို မီးပုံးပျံဖြင့်သွားရသော် ရက်သတ္တပတ်အနည်းငယ်မျှနှင့် ပေါက်ရောက်နိုင်ပေမည်။ မီးပုံးပျံနှင့် သွားရန်မှာလည်း သူသည် မည်မျှလောက်စိတ်ချသနည်းဆိုပါမူ သူနှင့်အလွန်ချစ်ကျွမ်းဝင်သော ရစ်ချတ်ကနေဒီကိုပင် သူနှင့်အတူ လိုက်ပါရန် တိုက်တွန်းဖိတ်ခေါ်လေသည်။

ကနေဒီမှာ စကော့လူမျိုးတစ်ယောက်ဖြစ်ပြီးလျှင် ရဲရင့်၍ စိတ်ပြတ်တောက်၏။ တည်ကြည်၍ပွင့်ပွင့်လင်းလင်းရှိ၏။ သူတို့နှစ်ယောက်မှာ အိန္ဒိယပြည်တွင်ရှိနေစဉ်က စစ်တပ်တစ်တပ်တည်း အမှုထမ်းခဲ့ဖူးရာ တစ်ယောက်နှင့်တစ်ယောက် လွန်စွာပင် ချစ်ကျွမ်းဝင်လျက် ဖာဂတ်ဆင်မှာ သစ်ပင်ပန်းပင်များနှင့် ပိုးမွှားများအတတ်ပညာများကို လိုက်စားပြီးလျှင် ဒစ်က ကျွဲးဆင်



www.burmeseclassic.com

www.burmeseclassic.com



များကို ပစ်ခတ်ရန် များစွာ ဝါသနာပါသူဖြစ်လေသည်။ (ဒစ်ဆိုသည်မှာ ရစ်ချတ်ကာဖနေဒီအား ဒေါက်တာက ရင်းနှီးစွာခေါ်သော အမည်ဖြစ်သည်။)

မကြာမီက ဒေါက်တာဖာဂတ်ဆင်သည် ဒစ်ထံသို့ အလည်အပတ် ရောက်ရှိလာရာ အလွန်စကားနည်းပြီး အံစဉ်ငေးမောတွေဝေလျက်ရှိသဖြင့် သူ၏ဦးနှောက်ထဲတွင် အကြံတစ်ခုခုရှိရမည်ဟု ဒစ်က ရိပ်မိလေသည်။ သို့သော် ထိုအခါက မည်သို့မျှ ဖွင့်ဟ၍ မမေးခဲ့ချေ။ မကြာမီ တိုင်းသတင်းစာတွင် အောက်ပါသတင်းတစ်ခုပါလာသည်ကို တွေ့ရသောအခါမှ ထိုပြဿနာမှာ ရှင်းလင်းသွားလေသည်။

ကမ္ဘာကျော် စွန့်စားရှာဖွေသူနှင့် ခရီးသည်များဖြစ်သော ဒေါက်တာဖာဂတ်ဆင်သည် အာဖရိကတိုက်ကို အရှေ့မှအနောက်သို့ မီးပုံးပျံဖြင့် ဖြတ်သန်းရန် ကြံစည်လျက်ရှိကြောင်း မီးပုံးပျံစ၍ ထွက်မည့်နေရာမှာ အာဖရိကတိုက်၏ အရှေ့ဘက်ကမ်းခြေရှိ ဇန်ဇီဘား ကျွန်းဖြစ်ပြီးလျှင် နောက်ဆုံး သူ၏ခရီးစဉ်ပြီး၍ ဆင်းသက်မည့်နေရာကိုမူ ဘုရားသခင်မှသာ သိမည်ဖြစ်ကြောင်း ဟု သတင်းစာတွင် ဖော်ပြထား၏။

ထိုသတင်းကို ဖတ်ရသောအခါ ဒစ်က -

"အရူး ...သိပ်ရူးတဲ့အကြံ၊ အာဖရိကတိုက်ကို မီးပုံးပျံနဲ့ ဖြတ်ပျံမယ်ဆိုတာ သူမို့ကြံပလေဗျာ ...။ ၂ နှစ်အတွင်း ကျိတ်ကြံနေတာ လက်စသတ်တော့ ဒီအကြံကို။ မဖြစ်ဘူး ...မဖြစ်ဘူး ...မဖြစ်ဘူး။ ဒီလောက်တောင် ညာဏ်နည်းတဲ့ အလုပ်ကိုတော့ မလုပ်ဖြစ်အောင် တားဦးမှ။ အခုလိုသာဆိုရင် သေကိုတောင် သွားဦးမလား မပြောတတ်ဘူး" ဟု တစ်ကိုယ်တည်း ရေရွတ်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့် ရစ်ချတ်ကနေဒီသည် လန်ဒန်မြို့သို့ရောက်ရှိသွား၍ ဒေါက်တာထံသွားရောက်ရာ အဆင်သင့်ပင် ဒေါက်တာဖာဂတ်ဆင်နှင့် တွေ့ရ၏။ သို့သော် ဒေါက်တာဖာဂတ်ဆင်က -

"ဘယ့်နယ်လဲ ဒစ်လား"

"အစစ်ပေါ့ဗျာ"

"အမဲလိုက်ကောင်းတဲ့အချိန်ကြီး ခင်ဗျား လန်ဒန်မှာ ဘာလုပ်နေတာလဲ"

"ဘာလုပ်ရမှာလဲဗျ။ ခင်ဗျား အဓိပ္ပာယ်မရှိတဲ့အကြံကြီးကို ဖျက်ရအောင်လို့ပေါ့"

"ဘာအဓိပ္ပာယ်မရှိတာလဲ"

(တိုင်းသတင်းစာကို လက်ဖြင့်ထောက်ပြလျက်) "ဒီဟာ အမှန်ပဲလား"

"မှန်တာပေါ့၊ ခင်ဗျားပါ ခေါ်သွားဖို့ ခင်ဗျားဆီကိုတောင် ကျုပ်ဒီနေ့ စာရေးမလို့"

"ကျုပ်ကိုပါခေါ်မလို့ ဟုတ်စ။ မလုပ်ပါနဲ့ဗျာ နှစ်ယောက်စလုံး အရှူးထောင်ရောက်နေဦးမယ်"

"မဟုတ်တာပဲ။ ကျုပ်ရယ်စရာပြောတာမဟုတ်ဘူး။ တကယ်ပြောနေတာ။ ခင်ဗျားမလိုက်ရင်လည်း ကျုပ်တစ်ယောက်တည်းသွားတော့မှာပဲ"

ဒေါက်တာ ဖာဂတ်ဆင်သည် သူ၏ရည်ရွယ်ချက်များကို ရစ်ချတ်ကနေဒီ (ဒစ်) အားရှင်းလင်းပြ၏။ သို့နှင့် နောက်ဆုံး၌ ချစ်လှစွာသော မိတ်ဆွေနှစ်ယောက်တို့သည် ယခင်က သူတစ်ထူးမကြံစည်ခဲ့ဖူးသော အကြံကို စွန့်စားရန်သဘောတူညီကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



(ဤဇာတ်လမ်းစတင်ဖြစ်ပွားသည့်အခါက အာဖရိကပြည်သည် လူသူလေးပါး အရောက်အပေါက်နည်းပါးသော တိုင်းပြည်တစ်ပြည်ဖြစ်၏။ ဥရောပတိုက်သားများပင်လျှင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှလွဲ၍ အချို့ဒေသများသို့ အနည်းငယ် အကျဉ်းမျှသာ ရောက်ဖူးကြသေးသည်။ သို့ဖြစ်၍အားလုံးသော မြေပုံစာအုပ်များ၌ပင် အာဖရိကတိုက်၏မြေပုံအလယ်မှ ထွက်လပ်ကြီးထဲတွင် လူသူမရောက်ပေါက်သေးသော အတွင်းပိုင်းဒေသ တို့၌ စာလုံးကြီးများဖြင့် ပုံနှိပ်ဖော်ပြထားတတ်ကြလေသည်။)

ဒေါက်တာ ဖာဂတ်ဆင်သည် သူ၏မီးပုံးပျံခရီးကို ဖန်ဇီးဘားကျွန်းမှ စတင်ထွက်ခွာရန် ဆုံးဖြတ်ခဲ့လေသည်။ ဤကျွန်းကြီးသည် အင်္ဂလန်ပြည် ရှိ မန်းကျွန်းထက် ၃ ဆနီးပါးမျှ ကြီးမား၍ အီကွေတာ၏တောင်ဘက်တွင် ပထဝီမိုင်အားဖြင့် မိုင်ပေါင်း ၃၆၀ ခန့်မျှ ဝေးကွာပြီးလျှင် အာဖရိကတိုက် အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းအနီး၌ ကပ်လျက် တည်ရှိ၏။ ဒေါက်တာ ဖာဂတ်ဆင်သည် သူထွက်သွားမည့် ခရီးအတွက် အသေးစိတ်ပြုလုပ်ပြင် ဆင်ရန်ရှိသည်တို့ကို အချိန်လုံလောက်စွာယူ၍ စေ့စပ်စွာ ပြင်ဆင်လုပ် တော့၏။ သူ၏မီးပုံးပျံကြီးနှစ်လုံးမျှပါရှိရန်အပြင် သူနှင့် နှစ်ပေါင်းများစွာ နေလာခဲ့သော လူယုံတော်တပည့်ကြီး ဂျိုးကိုပါ သူနှင့်အတူ ခေါ်ဆောင် သွားမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

သေချာနိုင်သမျှ သေချာတိကျစွာ တွက်ချက်ပြီးသောအခါ၌ စားရေ ရိက္ခာအဝတ်အထည်များနှင့် တိုင်းထွာရန် ကိရိယာတန်ဆာပလာစသည့် လမ်းခရီးအတွက် သယ်ဆောင်သွားရန်လိုအပ်သောပစ္စည်းများ၏ အလေး ချိန်စုစုပေါင်းမှာ ပေါင် ၄၀၀၀ နီးနီးမျှ ရှိသည်ကို တွေ့ရှိရလေသည်။ သူ၏ နောက်ဆုံး ခန့်မှန်းခြေစာရင်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



| ပေါင်ချိန်များ | |
|---|---|
| ဒေါက်တာဆင်မြူရယ်ဖာဂတ်ဆင် | ၁၃၅ |
| ဒစ်ကနေဒီ (သူ၏မိတ်ဆွေ) | ၁၅၃ |
| ဂျိုး (သူ၏တပည့်) | ၁၂၀ |
| ပ-မီးပုံးပျံ၏အလေးချိန် | ၆၅၀ |
| ဒု-မီးပုံးပျံ၏အလေးချိန် | ၅၁၀ |
| လှူစီးပုခက်နှင့် ပိုက်ကွန်ကြီး | ၂၈၀ |
| သံချိတ်ကြီးများ၊ တိုင်းထွာသည့် ကိရိယာများ၊ သေနတ်များ၊ စောင်များ၊ ရွက်ဖျင်တဲနှင့် ကိရိယာ တန်ဆာပလာများ | ၁၉၀ |
| အမဲသား၊ အသားမှုန့်၊ ဘီစကစ်မုန့်၊ လက်ဖက်ခြောက်၊ ကော်ဖီမှုန့်နှင့် ဘရန်ဒီပုလင်းများ | ၃၈၆ |
| သောက်ရေ | ၄၀၀ |
| အဝတ်အထည်များ | ၇၀၀ |
| ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ | ၂၇၆ |
| သဲအိတ်များ | ၂၀၀ |
| စုစုပေါင်း-ပေါင် | ၄၀၀၀ |

ဒေါက်တာမှာ စိတ်ကူးဉာဏ်ထက်မြက်သည့်အလျောက် မီးပုံးပျံကို အရွယ်နှစ်မျိုးပြုလုပ်ပြီးလျှင် အငယ်ကိုအကြီးထဲသို့ ထည့်သွားလျက်ပ ရန်အကြံရခြင်းဖြစ်လေသည်။ အဆိုပါမီးပုံးကြီးနှစ်လုံးစလုံးကိုပင် ရှိုင်ရှိန်



www.burmeseclassic.com

www.burmeseclassic.com



ပိုးဖြင့် ချုပ်လုပ်ကာ အပေါ်မှ ကြက်ပေါင်စေးဖြင့် လေလုံအောင် မံထားလေသည်။ သူသည် သေချာစွာ စမ်းသပ်စစ်ဆေးထားပြီးဖြစ်သော သံချိတ်ကြီး ၃ ချောင်းအပြင် ပေါ့ပါးခိုင်ခန့်လျက် ပေ ၅၀ မျှရှည်လျားသော ပိုးကြိုးလှေကားတစ်ချောင်းကိုပါ ယူဆောင်လာခဲ့ရန် စီမံထားလေသည်။

ဒေါက်တာ၏တပည့်ကြီး ဂျိုးကား အရာရာတွင် စိတ်ချအားကိုးရသူဖြစ်လေသည်။ ဒေါက်တာ၏လက်အောက်တွင် တပည့်ခံလာခဲ့သည်မှာ ကြာရှည်လှပြီဖြစ်သောကြောင့် ဆရာဖြစ်သူက လခစားအစေခံတစ်ယောက်ဟူ၍ သဘောမထားဘဲ မိတ်ကောင်းဆွေကောင်းတစ်ယောက်အနေနှင့် ဆက်ဆံပေါင်းသင်းခဲ့သည်။ ဂျိုးကလည်း သူ့ဆရာ၏ ယုံကြည်အားကိုးချက်ကို မိမိအသက်နှင့် လဲ၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်စေကာမူ ဦးမလေးဘဲ စေတနာ ကို စေတနာဖြင့်တုံ့ပြန်ကာ ပြုလုပ်ဖွယ်ရှိသမျှကို ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်ချည်း ဖြစ်လေသည်။ ထို့ပြင် သူသည် ဒေါက်တာနှင့် အရပ်ရပ်သို့ အတော်ပင်နံ့စပ်အောင် လိုက်ပါခဲ့ဖူးသည့်အလျောက် လောကဓာတ်ပညာဘက်ဆိုင်ရာ အချက်အလက်တို့ကိုလည်း အတော်အတန် တီးခေါက်မိပြီးဖြစ်နေရာ ထိုဗဟုသုတများသည် ယခုထွက်မည့်ခရီးစဉ်အတွက် များစွာအထောက်အပံ့ရစေမည်ဟု ဆရာကြီးက ယုံကြည်သည်။ ထိုအရာများထက် ထင်ရှားသော ဂျိုး၏အရည်အချင်းများသည်ကား တည်ကြည်ငြိမ်သက်ခြင်းအပြင် မည်သည့်အရာမျိုးနှင့် ရင်ဆိုင်ရစေကာမူ ကောင်းသည့်ဘက်သို့ ကြည့်ရှုမျှော်တွေးတတ်ခြင်းပင် ဖြစ်လေသည်။ သို့ဖြစ်၍ ပြဿနာတစ်ရပ်သည် အခြားသူတစ်ယောက်အဖို့ ရှုပ်ထွေးခက်ခဲနေစေကာမူ သူ့အဖို့ကား သဘာဝအားဖြင့် လွယ်ကူရှင်းလင်းသကဲ့သို့ ဖြစ်နေတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာဖရိကတိုက်ကို ဖြတ်ကျော်မည့်စီမံကိန်းကြီးကို ပြုလုပ်ရေးဆွဲရာ၌ ဆရာဖြစ်သူသည် သူ့အားထိုအကြောင်းနှင့် စပ်လျဉ်း၍ စကားတစ်ခွန်းမျှပင် မဟာခဲ့ဖူးသော်လည်း ဂျိုးကမူ သူ့ဆရာ၏လေကြောင်း ခရီးစဉ်တွင် သူလည်း အတူလိုက်ပါရမည်ဖြစ်ကြောင်း တထစ်ချယုံကြည်ပြီး ဖြစ်လေသည်။

❖ ❖ ❖

ဇန်ဇီးဘားသို့ သွားမည့် ခရီးသည်များအား တင်ဆောင်သွားမည့် မီးသင်္ဘော ရီဇော်လူ့သည် ၁၈၆၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဂရင်းဝစ်ဆိပ်ကမ်းမှာ ကျောက်ဆူးချကာ ဆိုက်ကပ်လျက်ရှိ၏။ အဆိုပါမီးသင်္ဘောမှာ တန်ချိန် ၈၀၀ ခန့်ရှိသော ပင်လယ်ကူးမီးသင်္ဘောတစ်စင်းဖြစ်ပြီးလျှင် ပထဝီအသင်းကြီးမှ အသင်းသားများ၏ ကြိုးပမ်းဆောင်ရွက်ချက်အရ ဗြိတိသျှအစိုးရသည် ဒေါက်တာဖာဂတ်ဆင်၏ကိစ္စတွင် အသုံးပြုရန် ထိုသင်္ဘောကို ဘုရင့်ရေတပ်မတော်မှ ကပ္ပတိန် ဝင်းနက် ဆိုသူအား အုပ်ချုပ်ဦးစီးစေလျက် စေလွှတ်ခဲ့ခြင်းဖြစ်လေသည်။

မီးပုံးပျံကြီး (၂) လုံးနှင့် တကွ လူစီးပုခက်၊ သံချိတ်များ၊ ကြိုးများ၊ စားနပ်ရိက္ခာများ၊ ရေလှောင်ကန်များနှင့် တိုလီမိုလီများပါမကျန် သင်္ဘောကုန်လှောင်ခန်းထဲ၌ ဖာဂတ်ဆင် ကိုယ်တိုင်စီမံခန့်ခွဲ၍ နေရာချထားလျက်ရှိ၏။ ဒေါက်တာ ဖာဂတ်ဆင်နှင့် ကနေဒီတို့အဖို့ သက်သာချောင်ချိစွာ လိုက်ပါနိုင်မည့် အခန်းနှစ်ခန်းအပြင် ဂျိုးအတွက် အခြားခန်းတစ်ခန်းကိုလည်း အသင့်ပြင်ဆင်ထားလေသည်။

အဆုံးသတ်အစီအစဉ်များ ပြုလုပ်ပြီး၍ ပထဝီအသင်းကြီးက ဒေါက်တာ ဖာဂတ်ဆင်အဖို့ ရည်ရွယ်ကျင်းပသော ညစာစားပွဲကြီး၌ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



စကားများပြောကြားပြီးလတ်သော် ခရီးသွားမည့်သူအားလုံးသည် သင်္ဘောပေါ်သို့ ကောင်းမွန်စွာ ရောက်ရှိလေ၏။ သို့နှင့် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်တွင် ရီဖော်လူ့သည် ကျောက်ဆူးများနုတ်ပြီးလျှင် သိမ်းမြစ်ကြီးတစ်လျှောက် အောက်သို့ စုန်ဆင်းကာ အာဖရိကအရှေ့ကမ်းခြေရှိရာသို့ ဖျေး၍ ထွက်ခွာလာခဲ့လေသည်။

ရှည်လျားပျင်းရိဖွယ်ကောင်းလှသော ရေလမ်းခရီး တစ်လျှောက်တွင် ဒေါက်တာသည် သင်္ဘောစားပွဲခန်းမကြီးထဲ၌ ပထဝီပညာနှင့် ပတ်သက်သော လက်ချာ ရှင်းလင်းပောပြောပြခြင်းဖြင့် အချိန်ကုန်စေခဲ့၏။ သူ၏ ပောပြောခြင်းများ စိတ်ပါဝင်စားလျက်ရှိကြသော ပရိသတ်များသည် လေကြောင်းခရီးအတွက် မည်သို့မည်ပုံစီစဉ်ထားသည်များကို တစ်ခုစီ အသေးစိတ်ရှင်းလင်း ပြောဆိုပြသသောအခါ၌ ပို၍ပင် စိတ်အား ထက်သန်လျက်ရှိကြကုန်၏။

ထို့ပြင်ဒေါက်တာသည် မီးပုံးပျံကြီးကို သူဆင်းလို တက်လိုသောအခါ၌ မြေပေါ်သို့ဆင်းရန်နှင့် လေထဲသို့တက်ရန် သူမည်ကဲ့သို့ စီစဉ် ပြုလုပ်ထားကြောင်းကိုလည်း သူ့အဖော်များအား အောက်ပါအတိုင်း အပြည့်အစုံကြိုတင် ရှင်းလင်း ပြောပြထားလေသည်။

(ဒေါက်တာ) "ကျုပ်တော့မီးပုံးပျံထဲက ဓာတ်ငွေ့တွေအပြင်ထွက်မသွားစေဘဲနဲ့ ကိုယ်လိုတဲ့အခါမှာ ဆင်းနိုင်တက်နိုင်အောင် အထပ်ထပ် စမ်းသပ်ခဲ့တာပဲဗျို့။ နို့ပေမဲ့ ဒီလို စမ်းသပ်ပြီးလို့ ရခဲ့တဲ့ အဖြေတွေဟာတော့ ဓာယ်ပြီး ကျေနပ်စရာ မကောင်းလှသေးဘူး။ သဲအိတ်တွေကိုတော့ ကျုပ်နည်းနည်း ဖဲ သယ်သွားပါတယ်။ ကျုပ်ရဲ့ဆင်းတဲ့တက်တဲ့နည်းတွေကတော့ မီးပုံးပျံတဲ့မှာ ထည့်ထားတဲ့ ဓာတ်ငွေ့တွေကို အပူအအေးအမျိုးမျိုးပြောင်းလဲစေခြင်း



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်ပြန့်စေကျုံ့စေပြီးတော့ ဆင်းနိုင်တက်နိုင်တဲ့နည်းတွေပါပဲ။ အထဲက ဓာတ်ငွေ့တွေ ပြန့်ကားသွားရင် မီးပုံးပျံကြီးဟာ ရှိရင်းစွဲအလေးချိန်ထက် ပေါ့သွားတဲ့အတွက် အပေါ်ကိုတက်ပါတယ်။ ပြဒါးချိန်ကို လျှော့ပေးလို့ ဓာတ်ငွေ့တွေ ပြန်ကျုံ့ဝင်သွားတဲ့အခါမှာတော့ မီးပုံးပျံကြီးဟာ အောက်ကို ကျလာပါတယ်"

ရီဇော်လူ့သဘောသည် သိမ်းမြစ်ထဲမှ ထွက်ခွာလာခဲ့ပြီးနောက် ၃၇ ရက် မြောက်သောနေ့ (မတ်လ ၃၀ ရက်နေ့) တွင် တောဗယ်တောင်တန်းကို မြင်ရလေ၏။ လေကြောင်း သင့်နေသောကြောင့် ရီဇော်လူမှာလည်း ဗိုမိ ခရီးတွင်လျက်ရှိလေ၏။ မိုဇန်ဗီရေလက်ကြားကို ကျော်လွန်ခဲ့ပြီးနောက် ဧပြီလ ၁၅ ရက်နေ့ နံနက် ၁၁ နာရီအချိန်၌ကား သဘောသည် ကျွန်း အနောက်ဘက်ကမ်းပေါ်ရှိ ဖန်ဇီးဘား ပင်လယ်ဆိပ်ကမ်းမြို့တော်ကြီးသို့ ဆိုက်ရောက်လေတော့၏။

ရီဇော်လူ့သဘောသည် ကျောက်ဆူးချမိသည်နှင့် တစ်ပြိုင်နက် အင်လိပ် ကောင်စစ်ဝန်သည် သဘောပေါ်သို့ တက်ရောက်လာပြီးသော် မိမိ ပေးနိုင်သည့် အကူအညီမှန်သမျှကို ပေးရန် အသင့်ရှိပါကြောင်းနှင့် ဒေါက်တာအား ပြောကြားလေသည်။ ထို့ပြင် ခရီးသွား အဖွဲ့ခေါင်းဆောင်ကြီးနှင့် သူ၏မိတ်ဆွေများသည် ကောင်စစ်ဝန်ရုံး၌ လိုက်၍တည်းခိုသင့်ပါကြောင်း ဖိတ်ကြားခေါ်ငင်သဖြင့် ဖာဂတ်ဆင်၊ ကနေဒီနှင့် ဂျိုးတို့လည်း ကောင်စစ် ဝန်နေထိုင်ရာ ကောင်စစ်ဝန်ရုံးသို့လိုက်၍ အေးချမ်းစွာ တည်းခိုလျက်ရှိ ကြ၏။ သူတို့၏ ပထမဆုံး လိုအင်ဆန္ဒမှာ မီးပုံးပျံကြီးကို ဖန်ဇီးဘားမြို့အနီး ကမ်းပေါ်ရှိ သဘောများထွက်ဝင်သည်ကို အချက်ပြသည့်နေရာအနီးမှ သင့်လျော်သော နေရာတစ်နေရာသို့ ချပြီးလျှင် အတွင်းသို့ ဓာတ်ငွေ့သွင်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်လေသည်။အခဆိုပါနေရာမှာ အရှေ့ဘက် လေတိုက်ခြင်းမှ ကောင်းစွာအကာအကွယ်ရသော နေရာဖြစ်လေသည်။

သို့ရာတွင် မီးပုံးပျံကြီးအား ကုန်းပေါ်သို့ ချမည်ပြုသောအခါ ကျွန်းနေလူထုသည် မီးပုံးပျံကြီးအား ကုန်းပေါ်သို့ ချမည့်ကိစ္စကို လူထုအလုံးအရင်းနှင့် ပြင်းထန်စွာကန့်ကွက်ကြလိမ့်မည် ဖြစ်ကြောင်းနှင့် ကောင်စစ်ဝန်အားလာရောက် သတိပေးကြသည်။ ထိုသူများသည် ဘာသာ အယူဝါဒတွင် တစ်ယူသန် စွဲလမ်းလျက် ရှိကြသည် ဖြစ်ရကား ကောင်းကင်လဟာပြင်ထဲသို့ တက်ရောက်ရန် မိမိတို့ရှိရာသို့ ရောက်လာကြသော ခရစ်ယာန်များသည် မိမိတို့ကိုးကွယ်သည့် အယူဝါဒကို ဓော်ကားရန်စပြုရန် ပြုလုပ်ခြင်းဖြစ်သည်ဟု တစ်ဖက်သတ် အယူသီးလျက် ရှိကြ၏။ နေနှင့်လ နစ်ခုစလုံးကိုပင် အာဖရိကတိုင်းရင်းသားများသည် ကိုးကွယ်ကြသည်ဖြစ်ရာ ယင်းကဲ့သို့ ခရီးမျိုးသည် သူတို့အား ဘေးအန္တရာယ် ကျရောက်စေလိမ့်မည်ဟူ၍လည်း မိုက်မဲစွာ ယူဆကြသဖြင့် ယခုကဲ့သို့ ကန့်ကွက်တားဆီးရန် ကြံစည်ကြခြင်းဖြစ်လေသည်။

ဒေါက်တာ – "ဒီလိုဆို ကျုပ်တို့ ဘယ့်နယ် လုပ်ကြရမလဲ၊ ကျုပ်တို့ကမ်းပေါ် ဘယ်နေရာကိုပဲ ဆင်းဆင်း ဒီလိုချည်းပဲ နေမှာပဲ"

ကောင်စစ်ဝန် – "ကိစ္စမရှိပါဘူးဗျာ။ ခင်ဗျား ဆိပ်ကမ်းအပြင်ဘက်ကပေဟာပိုကျွန်းတွေကို မြင်တယ်မဟုတ်လား။ အဲ ခင်ဗျား မီးပုံးပျံကြီးကို အဲဒီမှာချပြီးတော့ သင်္ဘောသားတွေကို ခင်ဗျား ဘေးပတ်လည်မှာ ဝိုင်းခိုင်းထားပေတော့၊ ခင်ဗျား ဘာမျှ ကြောက်စရာ မလိုတော့ဘူး"

ဒေါက်တာ – "ဟန်ကျလိုက်လေဗျာ။ ဒီလိုဆိုရင်တော့ ကျုပ်တို့ပြင်ဆင်စရာတွေကို အေးအေးဆေးဆေးပြင်နိုင်ဆင်နိုင်ကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တပွတိန်ဝင်းနက်ကလည်း ထိုအကြံကို သဘောတူသည်။ သို့နှင့် ရိုဖော်လူ့ကို ချွန်ဗေ အမည်ရှိသော ကျွန်းကလေးကို ပြောင်း၍ ဆိုက်ကပ်ကြသည်။ ဧပြီလ ၁၆ ရက်နေ့ နံနက်တွင် မီးပုံးပျံကြီးကို ဘေးပတ်လည် သစ်ပင်ကြီးများဖြင့် နေရိပ်၍ နေသော ကွက်လပ်ကြီးတစ်ခု အလယ်တွင် ချထားကြလေသည်။

ပေ ၈၀ မျှစီ အမြင့်ရှိသော တိုင်ကြီးနှစ်တိုင်ကို ပေ ၈၀ မျှပင် အကွာထား၍ စိုက်ထူကြပြီးလျှင် ထိပ်ဖျားနှစ်ဖက်ကို တောင့်တင်းခိုင်ခံ့သော ကြေးနန်းကြိုးတစ်ချောင်းဖြင့် ဆက်သွယ်ထား၏။ ထိုကြိုး၏အလယ်သို့ လေမရှိသေးသော မီးပုံးပျံကြီးကို ဆွဲတင်ရန် စက်သီးများကို တပ်ဆင်ပြန်၏။ ထို့နောက် နှစ်လုံးစလုံးကို အတူဆွဲတင်နိုင်ရန် မီးပုံးပျံအငယ်ကို အလုံးကြီးအတွင်း ထိပ်ထဲ၌ မြဲမြံစွာ ပူးကပ်၍ထားလေသည်။ ထို့နောက် မီးပုံးပျံကြီးတစ်လုံးစီ၏ အောက်ဖျား၌ အတွင်းသို့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို အသီးသီး ပေးသွင်းရန် ပိုက်ကြီးနှစ်လုံးကိုလည်း တပ်ဆင်လေသည်။

ကန့်၊ ရေနှင့် သံတိုသံစများတို့မှ ဓာတ်ငွေ့ထုတ်ယူရသော ကိရိယာကိုလည်း ပြုလုပ်စီမံထားသည်ဖြစ်ရာ နောက်တစ်နေ့ နံနက် ၈ နာရီတွင် အလုံးစုံအသင့် ဖြစ်နေကြလေသည်။ ပိုက်ကွန်ကြီးဖြင့် ဖုံးအုပ်ထားသော မီးပုံးပျံကြီးကို သဲအိတ်ပေါင်းများစွာဖြင့်ဆွဲ၍ထားသော လှူစီးပုခက်ကြီး၏ အပေါ်တည့်တည့်၌ ချိန်သားကိုက်၍ ထား၏။ ပြန့်ကားဖောင်းပွလာစေမည့် ကိရိယာကို သတိကြီးစွာဖြင့် စီစဉ်ပြီးလျှင် ဓာတ်ငွေ့ထည့်သွင်းသည့် အလုပ်ကို စတင် ပြုလုပ်လေသည်။ သံချိတ်များ၊ ကြိုးများ၊ ကိရိယာတန်ဆာပလာများနှင့်တကွ လမ်းခရီးအတွက် လိုအပ်သော အဝတ်အထည် စောင်စသည်များအပြင် ရွက်ထည်တဲ၊ စားရေရိက္ခာများနှင့် လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ခဲယမ်းမီးကျောက်များကိုပါ ပုခက်ထဲတွင် သူ့နေရာနှင့်သူ စီစဉ် ကန့်သတ်၍ ထည့်သွင်းလေသည်။ ကြည်လင်သန့်ရှင်းသော သောက်ရေကိုလည်း ဇန်ဖီးဘားမှ ရရှိသိုမှီးကြရသည်။ ညနေ ၅ နာရီအချိန်ခန့်တွင် အထက်ပါ အစီအစဉ်အားလုံးကို အပြည့်အစုံ စီမံပြုလုပ်ပြီးစီးကြလေသည်။ ယင်းကဲ့သို့ အစီအစဉ်များ စီမံလုပ်ကိုင်နေဆဲတွင် ရီဖော်လူ့သင်္ဘောမှ လှေများသည် ရေလက်ကြားထဲ၌ စောင့်ကြပ်၍လည်းကောင်း၊ ကျွန်းပတ်လည်ကို ပတ်တရောင်များ မပြတ်လှည့်၍ လည်းကောင်း နေကြရ၏။

ကျွန်းမကြီးပေါ်မှ တိုင်းရင်းသားလူမည်းများကား မိမိတို့မနစ်သက်သည့်အကြောင်းကို ဆန္ဒပြသည့်အနေဖြင့် ဒေါသတကြီးအော်ဟစ်ခြင်းများ၊ လက်သီးလက်မောင်းတန်း၍ ပြခြင်းများဖြင့် အဆက်မပြတ်အောင် ဆူညံလျက်ရှိကြ၏။ ဘုန်းကြီးများနှင့် ဆေးဆရာကြီးများကမူ ဆူညံလျက်ရှိကြသော လူအုပ်များထဲသို့ လှည့်ပတ်ဝင်ရောက်ကာ ပရိသတ်၏ဒေါသများကို ထိန်းသိမ်းပေးလျက် ရှိကြလေသည်။ အချို့သတ္တိကောင်းသော လူအချို့ကမူ ဇန်ဖီးဘားနှင့် ခြားနေသော ရေလက်ကြားကလေးကိုပင် လက်ပစ်ကူးကာ ဖြတ်ကျော်လျက် ကျွန်းပေါ်သို့ တက်ရောက်ကြသေး၏။ သို့ရာတွင် ထိုသူများအား လွယ်ကူစွာ ပြန်လည် မောင်းနှင်ပစ်လိုက်နိုင်ခဲ့ကြသည်။ ထို့နောက်၌ကား နီးဂရိုးလူမည်းများသည် အုန်းရည်မှချက်လုပ်ယူရသော မီးတောက်သည့် ချက်အရက်တစ်မျိုးကိုလည်းကောင်း၊ လူးဆန်မှ ပြုလုပ်သော ဘီယာအပြင်းစား တစ်မျိုးကိုလည်းကောင်း မူးယစ်သောက်စားကြပြီးလျှင် ရဲဆေးတင်ကာ အမျိုးမျိုးဆူညံလျက် သီချင်းများကို သာယာနာပျော်ဖွယ်ကင်းလှသည့်အသံဆိုးကြီးများဖြင့်ညဥ့်လုံးပေါက် သီဆိုကာ ဆက်လက်၍ အနှောင့်အယှက် ပေးကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီတွင် ရီဖော်လူ့သင်္ဘောပေါ်၌ ခရီးသည်ကြီးများအတွက် နှုတ်ဆက်ညစာစားပွဲကြီးကို ကျင်းပကြသည်။ ထိုညအဖို့ သူတို့သည် သင်္ဘောပေါ်၌ပင်အိပ်ကြလျက် နံနက် ၆ နာရီတွင်မှ ချွန်ဝေ ကျွန်းပေါ်သို့ နောက်ဆုံးအကြိမ် အဖြစ် ဆင်းကြလေသည်။

မီးပုံးပျံကြီးကား အရှေ့လေထဲတွင် စုံညားစွာ တလှုပ်လှုပ်တရွရွ ရှိလေသည်။ ထိုအချိန်၌ မီးပုံးပျံတက်မသွားစေရန် ထည့်သွင်းထားသော သဲအိတ်များကိုသင်္ဘောသား ၂၀တို့ကပြန်၍ရွှေ့လိုက်ကြ၏။ ကပ္ပတိန်ဝင်းနက် နှင့် သင်္ဘောအရာရှိများကား ကျွန်ုပ်တို့၏ ခရီးသည်ကြီးများအား ဘေးမသီ ရန်မခဘဲ ကောင်းမွန်စွာ ပြန်လည်ရောက်ရှိရေးအတွက် ဆုတောင်း ပတ္ထနာ ပြု၍ နောက်ဆုံးနှုတ်ဆက်ရန် အသင့်ရှိနေကြလေပြီ။

ဤသို့ဖြင့် နောက်ဆုံးနှုတ်ဆက်စကားကို ပြောကြားကြလေတော့ သည်။ လူတိုင်းပင် ခရီးသည် သူရဲကောင်းကြီး သုံးယောက်တို့နှင့် လက်ဆွဲ နှုတ်ဆက်ကြ၏။ ၉ နာရီတွင် သူတို့သည် လှစီးပုခက်အတွင်း၌ မိမိတို့နေရာ ကို အသီးသီးယူကြလေသည်။ သင်္ဘောသားများက ကြိုးများကို အသီးသီး လျှော့ပေးကြသဖြင့် မီးပုံးပျံကြီးသည် အပေါ်သို့ တဖြည်းဖြည်း ကြွတက်လာ ပြီးလျှင် ပေ ၂၀ ခန့်အမြင့်သို့ ရောက်လျက်ရှိ၏။ အဖော်နှစ်ယောက်၏ အလယ်၌ ရပ်လျက်ရှိသော ဒေါက်တာကြီးက ဦးထုပ်ကို ချွတ်ကိုင်ရင်း "မိတ်ဆွေများ၊ ကျုပ်တို့ရဲ့ လေသင်္ဘောကြီးကို အတိတ်ကောင်း နိမိတ် ကောင်း ဖြစ်အောင် ဗိတိုရိယ ရယ်လို့ ကျုပ်တို့အမည်တပ်လိုက်ကြပါစို့ရဲ့" ဟု လှမ်းအော်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူးရား...ဘုရင်မကြီး သက်တော်ရာကျော်ရှည်ပါစေ၊ အင်္ဂလန်ပြည်ကြီးအခွန့်ရှည်စွာတည်မြဲပါစေ" ဟူသောတစ်ခဲနက်အသံကြီးတားဟိန်းသွားလေသည်။

ထိုအချိန်၌ကြွကြွရွရွဖြစ်နေသော မီးပုံးပျံကြီးသည် လေထဲသို့ပျံတက်သွားလိုလှသကဲ့သို့ တလူးလူးတလွန့်လွန့်ဖြင့် လှုပ်ရှားရုန်းကန်လျက်ရှိလေ၏။ "ကိုင်း ...လွှတ်လိုက်ကြပေတော့ဗျို့" ဟု ဒေါက်တာက လှမ်း၍ အမိန့်ပေးလိုက်လေသည်။ သို့ဖြင့် သင်္ဘောသားများသည် သူတို့ကိုင်ထိန်းထားကြသော ကြိုးများကို ဖြေ၍ လွှတ်ပေးလိုက်ကြလေရာ ဝိတိုရိယယာဉ်ပျံကြီးလည်း လျင်မြန်သော အဟုန်ဖြင့် လေထဲသို့ ကြွတက်လာသည်တွင် ရီဇော်လူ့သင်္ဘောမှ ဂုဏ်ပြုခွဲစွာသော အထိမ်းအမှတ်ဖြစ်သည့် အမြောက်ကြီး ၄ လက်မှ ဆက်တိုက် မြည်ဟည်းထွက်ပေါ်၍ လာကြလေတော့သတည်း။

❖ ❖ ❖

ရာသီဥတုမှာ ကြည်လင်သာယာနေသဖြင့် ဝိတိုရိယသည် ပေ ၁၅၀၀ အမြင့်အထိ တစ်ဟုန်ထိုး တည့်တည့်မတ်မတ်ကြီးတက်သွားလေသည်။ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းသို့ တိုင်အောင် ဇန်ဇီးဘားကျွန်းကြီးတစ်ကျွန်းလုံးကို ခြုံ၍မြင်ရသော ရှုခင်းမှာ ခရီးသည်များ၏ မျက်စိအောက်၌ ရောင်စုံကော်ဇောကြီးကို ဖြန့်၍ခင်းလိုက်ဘိသကဲ့သို့ ကြည့်ရှု၍ မငြီးနိုင်အောင်ရှိလေ၏။ လယ်ကွက်များသည် လှပသော ရောင်စုံကန့်လန့်ကာကွက်များနှင့် တူ၍ လူများကား သေးငယ်သော ပိုးမွှားတိရစ္ဆာန်ကလေးများကဲ့သို့ ရှိနေကြလေသည်။ ဟစ်အော် ကြွေးကြော်၍နေကြသော အသံများ တဖြည်းဖြည်း ဝေး၍ပျောက်ကွယ်သွားသည်နှင့်အတူ ရီဇော်လူ့မှ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သည့် အထိမ်းအမှတ်အဖြစ် အဆုတ်မပြတ်ပစ်ဖောက်လျက် ရှိကြသော အမြောက်သံများပင်လျှင် သဲ့သဲ့မျှသာ ကြားရလေတော့၏။

"မြေပြင်က ရှစ်င်းကဖြင့်သိပ်လှတာပဲ သခင်" ဟု ဂျိုးက ပြောသော်လည်း မည်သူမျှ စကားပြန်၍ မပြောချေ။ ကနေဒီ ကြည့်ရှုလျက်ရှိရာ ဒေါက်တာဖာဂတ်ဆင်မှာမူ အနိမ့်အမြင့်နှင့်တကွ ရာသီဥတုကို တိုင်းထွာသည့် ဘာရိုမီတာ ဖြင့်သာ အလုပ်ရှုပ်လျက်ရှိလေသည်။ ၂ နာရီခန့်ကြာသော အခါဝိတိုရိယသည် တစ်နာရီလျှင်စမိုင်သာသာနှုန်းဖြင့် သွားလျက်ပင်လယ် ကမ်းရိုးတန်းအနီးသို့ ချဉ်းကပ်လာလေသည်။ ဒေါက်တာသည် မြေပြင်နှင့် နီးကပ်လိုသဖြင့် မီးဖိုမှ မီးကိုလျှော့ပေးလိုက်ရာ မီးပုံးပျံကြီးသည် မြေပြင်မှ ပေ ၃၀၀ ခန့်မြင့်သော နေရာသို့ နိမ့်ဆင်းလာသည်။ ထိုနေရာသည်ကား ဥဇပ်ရားမိုး ခေါ် အာဖရိကတိုက်အရှေ့ဘက် ပင်လယ်ကမ်းခြေဒေသဖြစ်၍ ကမ်းခြေတစ်လျှောက်တွင် လမုတောကြီးသည် ထူထပ်စွာ ပေါက်ရောက်နေလျက် ဒီရေကျသွားသော အခါတွင် အမြစ်များကိုပင် မြင်နိုင်လေသည်။

ရှေးလွန်လေပြီးသောအခါက ဤနေရာတွင် ပင်လယ်ကမ်းရိုးတန်းဖြစ်နေသော သဲတောင်ကုန်းများကို အဝေးရှိ မိုးကုပ်စက်ဝိုင်းပေါ်တွင် မြင်ရပေရာ အနောက်မြောက်ဒေသရှိ တောင်ထွတ်များသည်လည်း မြင်ကွင်းအောက်သို့ ရောက်လာလေသည်။

ဝိတိုရိယသည် ဒေါက်တာ၏ မြေပုံတွင် ရှာဖွေကြည့်ရချက်အရ ကီဇိုတူ အမည်ရှိသော ရွာကလေးတစ်ရွာအနီးသို့ ချဉ်းကပ်လာ၏။ ထိုအခါ ရွာသူရွာသားများသည် တစ်နေရာတွင် စုရုံးကာ မိမိတို့ဦးခေါင်းပေါ်မှ မီးပုံးပျံကြီးဖြတ်ကျော်သွားသည်ကို ဒေါသကြီးစွာဖြင့် သံကုန်အော်ဟစ်လျက်ရှိကြလေသည်။ ထို့ပြင် မြားတံများကိုလည်း လေသို့ဝါကြီး


www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ အကျိုးမဲ့ပစ်ခတ်ကြသေးရာ မြားတံများမှာ ၎င်းတို့ အလှမ်းမမှီနိုင်သော လေယာဉ်ကြီး၏ အောက်တွင် ပျားပန်းခပ်ဘိသကဲ့သို့ ပျံဝဲလျက်ရှိကြကုန်၏။

ထိုအခါမှ ကနေဒီလည်း ဂျိုးနည်းတူ စကားပြောဖော်ရလာပြီးလျှင် မီးပုံးပျံစီးလာရသည့်အရသာကို နှစ်ဦးသား အရီအရွ ဆက်လက်ရီးကျူးလျက်ရှိကြလေ၏။

ကနေဒီ- "တို့ လေယာဉ်ကြီးနဲ့ ယှဉ်လိုက်ရင် ရထားတွေဟာ အလကားပဲကွ"

ဂျိုး- "သင်္ဘောတွေလည်း အလကားပဲခင်ဗျ"

ကနေဒီ- "ဒီလို ရှုမျှော်ခင်းမျိုးတွေကို မမြင်ရဘဲ တောထဲကို တရကြမ်းဖြတ်ပြီး မီးရထားစီးသွားရတာလည်း အလကားပဲကွ"

ဂျိုး- "သဘာဝရဲ့ ရှုမျှော်ခင်းကို ကိုယ့်ခြေဖဝါးအောက်မှာထားပြီး ဇိမ်နဲ့နေကြည့်နိုင်တဲ့ မီးပုံးပျံတစ်လုံးသာ ကျွန်တော့်ကို ပေးပါခင်ဗျာ။ ကျွန်တော်ကျေနပ်ပါပြီ"

ထို့နောက် ဂျိုးသည် နံနက်စာစားရန် ပြင်ဆင်လျက်ရှိရာ ဒေါက်တာက-

"တို့တစ်တွေအတွက် ကော်ဖီတော့ များများပါမှ ဖြစ်လိမ့်မယ်ဟေ့။ ငါ့မီးဖိုက အပူငွေ့နည်းနည်းယူပေါ့ကွယ်။ ဟိုမှာ အများကြီးရှိတာပဲ။ သပ်သပ်မီးဖိုတာထက်လည်း စိတ်ချရပါတယ်"

နံနက်စာ စားသောက်ပြီးသောအခါ မိမိတို့နေရာသို့ အသီးသီး ပြန်ရောက်နေကြပြန်၏။ သူတို့ဖြတ်သန်းလျက်ရှိသော တောတောင်ဒေသများမှာ မြေဩဇာအလွန်ကောင်း၍ စပါးစိုက်ပျိုးသည့် လယ်ကွင်းကြီးများဖြင့်ပြည့်ကြား



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ပြောင်း၊ ဆေးနှင့် မုယောခင်းကြီးများကို မျက်စိတစ်ဆုံးမြင်ကြရသည်။ ကွေ့ကောက်ကျဉ်းမြောင်းသော လှည်းသွားလမ်းကလေးများသည် မြစိမ်းရောင်သစ်ရွက်ပေါင်းကူးကြီးများအောက်တွင် ငုပ်လျှိုးပျောက်ကွယ်၍နေကြလေသည်။

"အမယ်လေး ကြီးကျယ်လိုက်တဲ့အပင်ကြီးတွေနယ်။ ကြည့်ကြစမ်းပါဦးနယ်။ ကြည့်ကြစမ်းပါဦး။ အပင် ၁၀ ပင် ၁၂ ပင်လောက်နဲ့ သစ်တောကြီးတစ်တော ဖြစ်လောက်ပါရဲ့" ဟု ဂျိုးက အလန့်တကြား အော်ပြောလိုက်လေသည်။

ဒေါက်တာ - "ဒါတွေဟာ ပင်စည်ထိပ်ဝ အကျယ်ပေ ၃၀ ရှိတတ်ကြတဲ့ ဗားမော့ဆိုတဲ့ အပင်ကြီးတွေပေါ့။ ဒီသစ်ပင်ကြီးတွေဟာ အာဖရိကမှာသာမကဘူး။ တောင်အမေရိကတိုက်နဲ့ အရှေ့အိန္ဒိယကျွန်းစုတွေမှာလည်း ပေါက်တတ်ကြတယ်။ ကြည့်စမ်း။ ဟောဟိုအပင်ကြီးများ အနည်းဆုံး လုံးပတ် ပေ ၁၀၀ လောက်ရှိလိမ့်မယ်"

ထိုနေ့ည ၆ နာရီခွဲတွင် ဗိတိုရိယသည် ဒမ်အူးမင်း တောင်ထိပ်နှင့် မျက်နှာချင်းဆိုင် အရပ်သို့ရောက်လာလေသည်။ ထိုတောင်ထိပ်ကို ကျော်ဖြတ်ရန်မှာ ပေ ၃၀၀၀ ကျော်ခန့် မြင့်အောင်တက်ဖို့လိုသည်။ ယင်းကဲ့သို့ဖြစ်စေရန်မှာ ဒေါက်တာသည် မီးပုံးပျံကြီးကို ပိုက်လုံးဖြင့် ဆက်သွယ်ထားသော မီးဖိုမှ မီးအပူရှိန်ကို ၁၈ ဒီဂရီမျှထပ်၍မြင့်တင်ပေးရမည်ဖြစ်၏။ သို့ဖြင့် အပူရှိန်ကို မြင့်တင်ပြီးသောအခါ ဓာတ်ငွေ့မှာ ပြန့်ကား ထွက်လာသဖြင့် မီးပုံးပျံကြီးသည် အပေါ်သို့ မြင့်တက်လာပြီးလျှင် လှပသော တောင်ထိပ်ကြီးကို ကျော်ဖြတ်လေသည်။ ၈ နာရီလောက်တွင် တောင်ကြီး၏ အခြားတစ်ဖက်သို့ ဆင်းမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အဆင်းကား အတက်ထက် နေးကွေးလေသည်။ သံချိတ်များကို လှူစီးပုခက်ပေါ်မှ ပစ်ချလိုက်ရာတွင် သံချိတ်တစ်ခုသည် ကြီးမားလှသော ညောင်ပင်ကြီးတစ်ပင်၏ အကိုင်းတစ်ကိုင်းတွင် မြဲမြဲစွာသွား၍ ချိတ်နေလေသည်။ ဂျိုးလည်း ချက်ချင်းပင် ကြိုးမှလျှောဆင်းပြီး မိမိတို့လေသဘော်၏ ကျောက်ဆူးကြိုးကို စိတ်ချရလေရန် သေချာစွာ ထပ်မံ၍ ချိတ်တွယ်လေသည်။ ထို့နောက် အပေါ်မှ သူ့ထံသို့ ပစ်ချပေးသော ကြိုးလှေကားဖြင့် ကျင်လည်စွာ ပြန်တက်လာခဲ့၏။ ထိုအချိန်၌ကား မီးပုံးပျံကြီးသည် အရှေ့လေကို တောင်ကြီးက ကာကွယ်ပေးထားသဖြင့် မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေလေတော့၏။

သူတို့သည် ညဥ့်ကို သုံးပိုင်းခွဲ၍ စောင့်ကြရန် ဆုံးဖြတ်လိုက်ကြ၏။ နှစ်ယောက်က အိပ်နေစဉ် ကျန်တစ်ယောက် စောင့်ကြပ်နေရမည်ဖြစ်၏။ ဒေါက်တာက ၉ နာရီမှ သန်းခေါင်အထိလည်းကောင်း၊ ကနေဒီက ၁၂ နာရီမှ နံနက် ၃ နာရီအထိလည်းကောင်း၊ ဂျိုးက ၃ နာရီမှ နံနက် ၆ နာရီအထိလည်းကောင်း အသီးသီး တာဝန်ခွဲယူကြလေသည်။

သို့နှင့် ကနေဒီနှင့် ဂျိုးတို့က စောင်များဖြင့် အသီးသီး ကွေးလျက် ပုခက်ကြီး၏ ထောင့်တွင် စိုက်ထူ၍ထားသော ရွက်ထည်တဲအတွင်း၌ အေးချမ်းစွာ အိပ်စက်လျက်ရှိကြစဉ် ဒေါက်တာမှာ တစ်ကိုယ်တည်း ကင်းစောင့်လျက်ရှိနေရလေ၏။

❖ ❖ ❖

သာယာသောညဥ့်သည် ကုန်မှန်းမသိ ကုန်လွန်သွားခဲ့၏။ သို့ရာတွင် နောက်တစ်နေ့ နံနက်လင်းသောအခါ၌ကား ကနေဒီသည် အဖျားတက်ဘိသကဲ့သို့ အိပ်ရာမှ တုန်တုန်ယင်ယင်ဖြင့် နိုးလာလေသည်။ ရာသီဥတုသည်



www.burmeseclassic.com

www.burmeseclassic.com


ပြောင်းလဲ၍ပြုလာသည်။ ကောင်းကင်ကြီးတစ်ခုလုံးသည် မကြာမီ မိုးသည်းထန်စွာ ရွာသွန်းတော့မည်ကဲ့သို့ မည်းမှောင်သော တိမ်တိုက်ကြီးများဖြင့် ဖုံးအုပ်လျက် ရှိလေသည်။

ဒေါက်တာဂါတင်ဆင်သည် မီးပုံးပျံကြီးအား အနောက်မြောက်ဘက်သို့ ဆောင်ယူသွားနိုင်မည့်လေကြောင်းကို ရရှိရန် စမ်းသပ်ရှာဖွေလျက်ရှိ၏။ ပေ ၆၀၀ အကွာသို့ ရောက်လျှင်ပင် သူအလိုရှိသော လေကြောင်းကို ရရှိသွားလေသည်။

ဒေါက်တာ- "ကျုပ်တို့အခု ရှုဗီဟု လို့ခေါ်တဲ့ တောင်တန်းကြီးကို နီးလာကြပြီဗျ။ ဒီနာမည်က လေသွားလမ်းပေါက်လို့ အဓိပ္ပာယ်ရတယ်။ ဒီတောင်ထွတ်ကြီးတွေ ကျော်ဖို့ကတော့ ကျုပ်တို့လိုချင်တဲ့ အမြင့်ကို ရကောင်းပါရဲ့။ ကျုပ်ရဲ့မြေပုံအရဆိုရင်အနည်းဆုံး ပေ ၅၀၀၀ ထိအောင် ကျုပ်တို့ တက်ကြရလိမ့်မယ်"

မကြာမီပင် ဓာတ်ငွေ့ကို ပြန့်ကားစေရန် ပြုပြင်ပေးသဖြင့် မီးပုံးပျံကြီးလည်း အပေါ်သို့ သိသိသာသာ ထိုးတက်လာသည်။ အထက် ကောင်းကင်ယံ၌လေကြောင်းသည် အတော်ကောင်းမွန်၍ အရှိန်ပြင်းနေသဖြင့် သူတို့အားတောင်တန်းကြီးကိုလွတ်အောင် သယ်ဆောင်သွားလေသည်။ တောင်ထိပ်များပေါ်၌ ဆီးနှင်းများနှင့် ရေခဲပြင်ကြီးများကို မြင်ကြရသည်။ ရှုဗီတိုတောင်ကြီးတစ်ဖက်သို့ ကျော်လွန်ပြီး၍ တစ်ခဏမျှကြာသောအခါ သူရဲကောင်းသုံးယောက်တို့သည် မြေပြင်သို့ ဒုတိယအကြိမ်ဆင်းသက်ကြရလေသည်။ ထိုနေရာကား အွှူးဆားဂါးရားနယ်ဖြစ်လေသည်။

ဒေါက်တာ- "ကိုင်း ဒစ်ရေ၊ ညစာအတွက် ဒရယ်သားကလေးဘာကလေး စားရအောင် ခင်ဗျားနဲ့ ဂျိုးအတွက် သေနတ်တစ်လက်စီယူပြီး သွားရှာကြဗျာ"


www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်မျှ လျှောက်မိကြသောအခါ ဒစ်နှင့် ဂျိုးတို့သည် တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိသွားကြ၏။ သူတို့သည် သတိနှင့် လှည့်ပတ်သွားကြရလေသည်။

ဂျိုး- "ဒီနေရာတွေက လမ်းလျှောက်ဖို့ မြေတယ်ပြီး မညီပေမဲ့ ခုလို လာရတာ ခြေလက်ဆန့်ခွင့်ရလို့ တစ်နည်းအားဖြင့်တော့ အကောင်းသား မစွတာဒစ်ရဲ့"

ကနေဒီက သူ့အဖော်အား တိတ်ဆိတ်ငြိမ်သက်စွာ ရပ်တန့်နေရန် အချက်ပေးလိုက်၏။ အကြောင်းမှာ ရေစန်းသွားသော ချောင်းရိုးတစ်ခုထဲ၌ ရေအချို့မှာ အိုင်ကလေးများဖြစ်၍ ကျန်ရစ်ခဲ့ပေရာ အဆိုပါ အိုင်ကလေးများ၌ ၁၂ ကောင်ပါသော ဒရယ်တစ်အုပ်သည် ရေသောက်နေကြသောကြောင့် ဖြစ်လေသည်။

ကနေဒီသည် ခြေသံ မကြားအောင် သစ်ပင်ထူထပ်သော တောအုပ်တစ်ဖက်မှလှည့်၍ ဖြည်းညင်းစွာ သွားလျက်ရှိစဉ် ဂျိုးလည်း နေရာ၌ မလှုပ်မယှက် ရပ်၍ကျန်ခဲ့လေသည်။ ဒိုင်းခနဲ မြည်၍သွားသော ကနေဒီ၏သေနတ်သံနှင့်အတူ လက်ပြင်ကိုထိမှန်၍ လဲကျကျရစ်ခဲ့သော ဒရယ်ဖိုကြီးတစ်ကောင်မှတစ်ပါး ဒရယ်အုပ်ကြီးတစ်အုပ်လုံးသည် မျက်စိတစ်မှိတ်အတွင်းတွင် ရုတ်တရက် ပျောက်ကွယ်၍ သွားလေသည်။ ကနေဒီလည်း သူပစ်၍ရသောသားကောင်ရှိရာသို့ ပြေးသွားကြည့်ရှုပြီးလျှင် "ချက်ကောင်းကို ထိသွားတာပဲဟေ့၊ ဒီကောင်ကို တို့အရေဆုတ်ပြီး အသားကောင်းကောင်းတွေ လိုးယူသွားကြရမယ်" ဟု ပြောလိုက်လေသည်။

သို့ဖြင့် သူတို့သည် အမဲကောင်နှင့် အလုပ်ရှုပ်နေကြစဉ် သေနတ်သံတစ်ချက်ကို ကြားလိုက်ကြရ၏။ ကနေဒီနှင့် ဂျိုးတို့လည်း အမဲကောင်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုဖြတ်ပြီးသော အသားများကို သိမ်းဆည်းယူငင်ကြပြီးလျှင် မိမိတို့လာခဲ့သည့် လမ်းအတိုင်း ခပ်သုတ်သုတ် ပြန်လာကြလေသည်။ ထိုအခါ ဒုတိယ သေနတ်သံတစ်ချက်ကို ထပ်မံကြားရပြန်၏။ "ခြေကုန်သုတ်မှ ဖြစ်လိမ့်မယ် ဟေ့" ဟု ကနေဒီက ပြောသဖြင့် နှစ်ယောက်သား ခြေကုန်သုတ်၍ ပြေးလာခဲ့ကြလေရာ မကြာမီ သူတို့လည်း ဝိတိုရိယကိုလည်းကောင်း၊ ပုခက်ထဲမှ ဒေါက်တာကိုလည်းကောင်း လှမ်း၍မြင်ကြရလေသည်။

ဂျိုး- "ဘုရားရေ"

ကနေဒီ- "ဘာဖြစ်လို့လဲဟင်၊ မင်းဘာမြင်ရလို့လဲ"

တိုင်းရင်းသားလူမည်းတစ်စုတို့ကား ထိုနေရာသို့ရောက်ရှိနေကာ မီးပုံးပျံကြီးကို ပုရွက်ဆိတ်များပမာ ဝိုင်းအုံလျက်ရှိကြလေသည်။ စင်စစ်အားဖြင့်သော်ကား သူတို့နှင့် ၂ မိုင်ခန့် ဝေးသေးသော မီးပုံးပျံကြီးအား ကျောက်ချထားသည့် သဖန်းပင်ကြီးအောက်၌ ဆူညံစွာ တွန်းထိုးခုန်ပေါက်လျက်ရှိကြသော ၃၀ ခန့်မျှရှိသည့် လူတစ်စုကို တွေ့ရခြင်းဖြစ်လေသည်။ အချို့ကား သစ်ပင်၏အမြင့်ဆုံးသော အကိုင်းများရှိရာသို့ပင် တက်ရောက်ကာ တစ်ကိုင်းမှတစ်ကိုင်းသို့ ကူးလျက်ရှိကြလေပြီ။

ပုခက်တွင်းမှ ထွက်ပေါ်လာသော အခြားသေနတ်သံတစ်ချက်ကြောင့် ကြီးမားသော လူမည်းကြီးတစ်ကောင်သည် သစ်ကိုင်းများပေါ်မှအောက်သို့ ဖောက်ထိုးမိုးမျှော် ကျလာသောအခါ၌ ကနေဒီနှင့် ဂျိုးတို့သည် ကျန်ရှိသောခရီးတစ်မိုင်ကို အမြန်နှုန်းနှင့် ဒုန်းစိုင်း၍ ပြေးခဲ့ကြလေသည်။ အဆိုပါ အကောင်ကြီးကား မြေပြင်မှ ပေ ၂၀ ခန့်မြင့်သော နေရာတွင် တင်ရှိနေကာ ခြေနှင့်လက်များကို လေထဲတွင် ပုခက်လွှဲ၍နေလေသည်။ ဂျိုးကမူ တရက် ခွက်ထိုးခွက်လန် ရယ်မောလျက် -



www.burmeseclassic.com

www.burmeseclassic.com



"ဟား ...ဟား ...ဟား ကြည့်စမ်းပါဦး မစ္စတာကနေဒီ၊ သူ့အပြီးနဲ့ ချိတ်ဆွဲနေလိုက်တာ လက်စသတ်တော့ ကိုယ်တော်မြတ်တွေအားလုံး မျောက်တွေဖြစ်နေတာကိုး"

စင်စစ်အားဖြင့်ကား ထိုသတ္တဝါများသည် ခွေး၏မျက်နှာပုံသဏ္ဌာန်မျိုးရှိကြသည်။ လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော မျောက်လွှဲကျော်ကြီးများဖြစ်ကြလေသည်။ သို့ဖြစ်စေကာမူ သေနတ်များဖြင့် ဆက်လက် ပစ်ခတ်ကြသောအခါ၌ကား အဆိုပါမျောက်အုပ်ကြီးမှာ တစ်စုတစ်ရုံးတည်း ထွက်ပြေးသွားကြရုံမျှမက အများအပြားပင် အတုံးအရုံးလဲကျသေဆုံး၍ ကျန်ရစ်ကြလေသည်။

မျောက်အုပ်ကြီးအဝေးသို့ဆုတ်ခွာသွားစဉ်အမဲလိုက်သမားနှစ်ယောက်တို့လည်း မီးပုံးပျံကြီးအနီးသို့ ရောက်ရှိလာကြလေသည်။ မကြာမီ ဝိတ်ိုရိယသည် ၎င်း၏ခရီးသည်များကိုယူဆောင်လျက် ဝေဟင်ထက်သို့တက်ရောက်တာ အနောက်ဘက်သို့ လေကြောင်းနှင့် အလိုက်သင့် တဖြည်းဖြည်း လိုက်ပါသွားလေသတည်း။

❖ ❖ ❖

ညနေ ၄ နာရီ ထိုးလေပြီ။ ၇ နာရီထိုးခါနီးတွင် ဝိတိုရိယသည် ကန်လီမီးမြစ်ဝှမ်းကို ကျော်ဖြတ်လေရာ ဒေါက်တာဖာဂတ်ဆင်သည် ၁၀ မိုင်မျှ ကျယ်ဝန်း၍ ရွာပေါင်းများစွာ တည်ရှိသော ယင်း၏မြစ်ဝှမ်းကျယ်ကြီးကို ကြည့်ရှုအတဲခတ်ရင်း လိုက်ပါလာလေသည်။ ယင်းတို့ အနက်မှ ရွာတစ်ရွာတွင် သူဂျိုးကိုးလူရှိင်းဘုရင်နေထိုင်လျက် အဆိုပါနယ်မှာ ကျယ်ပြန့်လှသောအာဖရိကတိုက်ကြီး၏အခြားနယ်များထက်ယဉ်ကျေးမှုတွင် တိုးတက်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်လီမီး မြစ်ဝှမ်းကို ကျော်လွန်သောအခါ မြေပြင်သည် ခြောက်သွေ့၍ ကျောက်တုံးများ ထူထပ်လာ၏။ သို့ရာတွင် နာရီဝက်ခန့်ကြာသောအခါ သူတို့သည် မြေဩဇာကောင်းသော ချိုင့်ဝှမ်းကြီးတစ်ခုသို့ ရောက်ရှိလာကြသဖြင့် တောတောင်များမှာတစ်ဖန် စိမ်းလန်းစိုပြည် သာယာ၍ လာပြန်လေသည်။

နံနက်လင်း၍ ဒေါက်တာသည် မိမိ၏ အလုပ်ခွင်သို့ ပြန်သောအခါ ဝိတိုရိယသည် မိမိတို့အိပ်ပျော်နေကြသည့်အခိုက်တွင် လေယာဉ်ဖြင့် အနောက်မြောက်ဘက် ကျောက်တုံးထူထပ်သော အရပ်တစ်ခုသို့ မိုင် ၃၀ ခန့် ခရီးပေါက်လာကြောင်းကို တွေ့ရှိရလေသည်။ ယင်းနေရာမှ ကျောက်တုံးများသည် ကတော့ပုံသဏ္ဌာန်ရှိ၍ လှပသော ပန်းရောင်အဆင်းရှိသည့် နမ်းဖတ်ကျောက်များ ဖြစ်ကြလေသည်။ ယခုအခါ သူတို့သည် အာဖရိက တိုက် အလယ်ပိုင်းတွင် အရေးကြီးသောမြို့တစ်မြို့ဖြစ်သည့် ကာဇေး (ယခု တဗိုးရားဟု ခေါ်သည်) နှင့် မိုင် ၁၀၀ ပျော့ပျော့မျှသာ ဝေးတော့၏။ ကံအား လျော်စွာပင် အရှေ့တောင်လေကလည်း ပင့်တိုက်လျက်ရှိသဖြင့် ကျွန်ုပ်တို့ ခရီးသည်များသည် အဆိုပါမြို့သို့ နေ့ချင်းပေါက် ရောက်ရှိကြလိမ့်မည်ဟု မျှော်လင့်ရလေသည်။

ကြည်လင်သော ရာသီဥတုဖြင့် နေရောင်လင်းလျက်ရှိသော ၂ နာရီခန့်အချိန်တွင် ဝိတိုရိယသည် ပင်လယ်ကမ်းခြေမှ မိုင် ၃၅၀ ခန့်မျှဝေးသော ကာဇေးမြို့ပေါ်၌ ဝဲလျက်ရှိပေတော့၏။

ဒေါက်တာဖာဂတ်ဆင်က သူ၏မှတ်တမ်းကို ကြည့်ရှုရင်း–

"ကျုပ်တို့ ဇမ်ဇီဘားက မနက် ၉ နာရီထွက်လာကြပြီး ၂ ရက်ပဲလာကြ ရတယ်။ အခု ကာဇေးကို ရောက်နေပြီ။ ဒါတောင်လမ်းကြောင်း ရှောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ အချိန်တွေ ပါသေးတယ်။ ကျုပ်တို့ မိုင်ပေါင်း ၅၀၀ နီးနီးလောက် ခရီးပေါက်လာခဲ့ကြပြီဗျ"

❖ ❖ ❖

အာဖရိကတိုက် အလယ်ပိုင်း၌ ရှိနေသည့် ကာဖေးကား မြို့စားမြို့ဟု အမည်တပ်၍ ခေါ်ဆိုထိုက်သည့်နေရာပင် မဟုတ်သော်လည်း အရပ်လေးမျက်နှာမှ ခရီးသည်များနှင့် ကုန်သည်များ ဖြတ်သန်းသွားလာတွေ့ဆုံလေ့ရှိကြသည့် အရေးကြီးသော နေရာတစ်ခု ဖြစ်လေသည်။ တောင်အရပ်မှ လာကြသော ကုန်သည်များသည် ရောင်းချရန် ကျွန်များနှင့် ဆင်စွယ်များကို ယူဆောင်လာတတ်ကြပြီးလျှင် အရှေ့မှလာကြသော ကုန်သည်များကမူ ထိုနယ်ရှိ ရေအိုင်ကြီးများပတ်လည်၌ နေထိုင်ကြသော တိုင်းရင်းသားများအား ရောင်းချရန် ချည်ထည်များနှင့် ရောင်စုံဖန်ပုတီးများကို ယူဆောင်လာတတ်ကြလေသည်။

မြို့မှာ ကြီးမားကျယ်ပြန့်လျက် ဘေးပတ်လည်တွင် စည်းရိုးများဖြင့် ကာရံထားသော တဲစခန်းကြီး ၆ ခုကို ပေါင်းစပ်ထားသည့် အစုအဝေးကြီး တစ်ခုသာလျှင် ဖြစ်ပေသည်။ အဆိုပါ ခြံဝင်းကြီးများထဲ၌ တိုင်းရင်းသားများ၏ ရွှံ့အိမ်များနှင့် ကျွန်များနေထိုင်သည့် တဲကလေးများကို ဆောက်လုပ်ထားကြလျက် ဥယျာဉ်ကလေးများကိုလည်း ဂရုတစိုက် စိုက်ပျိုးထားကြလေသည်။ ထို့ပြင် ကြက်သွန်၊ ဖရဲ၊ ဖရုံ၊ မျောက်ဥနှင့် မှိုစသည့် အသီးအနှံဝင်များကိုလည်း အများအပြားစိုက်ပျိုး၍ ထားကြသေး၏။ ဘေးပတ်လည်၌တဲများဆောက်လုပ်ထားသည့် လဟာပြင်တစ်ခုတွင် ဈေးနေရာပြုလုပ်ထား၍ လူများမှာ တလှုပ်လှုပ်တရွရွနှင့် သွားလာရောင်းဝယ်ကြရင်း ဆူညံလျက်ရှိကြ၏။ ကုလီများ၏ အော်သံများ၊ ပုံတီးသံများ၊ မြင်းနှင့် လားသံ



www.burmeseclassic.com

www.burmeseclassic.com



များ။ ကလေးများ၏ မြူးထူးအော်ဟစ်သံများ၊ မိန်းမများ၏ သီချင်းသံများနှင့် ခရီးသွားအုပ်စု အကြီးအကဲ လုပ်သူများ၏ အမိန့်ပေးသံများမှာ စုပေါင်း ရောယှက်ကာ ကျွက်ကျွက်ညံမျှရှိကုန်၏။

ယင်းကဲ့သို့ ဆူပူလှုပ်ရှားနေကြသည့် အခြင်းအရာသည် မီးကို ရေနှင့် လောင်းသတ်လိုက်သည့်ပမာရုတ်ခြည်းငြိမ်သက်သွားလေသည်။ အကြောင်း သော်ကား ဝိတိုရိယကြီးသည် ကောင်းကင်မှ တစ်မုဟုတ်ချင်း ပေါ်ထွက် လာပြီးနောက် သူတို့ဦးခေါင်းထက်တွင် အတန်ကြာ ပျံဝဲနေရာမှ အောက်သို့ တည့်တည့်မတ်မတ်ကြီး ဖြည်းညင်းစွာ ဆင်းသက်လာသော ကြောင့်ပေတည်း။ ယောကျ်ားများ၊ မိန်းမများ၊ ကလေးသူငယ်များ၊ ကျွန်များ၊ ကုန်သည်များ၊ အာရပ်များနှင့် နီဂရိုးများသည် ကြီးစွာသော ကြောက်လန့် အံ့ဩခြင်းဖြင့်ယင်းတို့၏တဲအိမ်များအတွင်းသို့အလျှိုလျှိုဝင်ရောက်ပျောက် ကွယ်သွားကြကုန်၏။

ဘနေဒီ - "မိတ်ဆွေ ဆင်မြူယယ်၊ ကျုပ်တို့ဒီလိုသာ ဆက်လုပ်နေရင် ဒီလူတွေနဲ့ကျုပ်တို့ ဂျူးသန်းရောင်းဝယ်ရေး အဆက်အသွယ်တွေ တည်တံ့ နိုင်မြဲအောင်လုပ်ဖို့ ခဲယဉ်းနေလိမ့်မယ်"

ဒေါက်တာ - "ခင်ဗျား လူတွေ ခဏပဲ လန့်ကြတာပါဗျာ။ တော်တော် ကြာရင် အစွဲအလမ်းတစ်ခုကြောင့်ဖြစ်စေ၊ ထူးဆန်းလို့ပဲဖြစ်စေ ပြန်ပြီး ပေါ်လာကြပါလိမ့်မယ်။ နို့ပေမဲ့ ကျုပ်တို့မှာ ကျည်ဆန်တို့ ဆိပ်လူးမြားတို့ အတွက် အကာအကွယ် မရှိလေတော့ သတိတော့ ထားကြရလိမ့်မယ်ဗျို့။ အနားသိပ်ကပ်လို့ မဖြစ်ဘူး"

"ခင်ဗျားက ဒီအာဖရိကတိုင်းရင်းသားတွေနဲ့ ရောရောနှောနှော လုပ် ဦးမလို့လား ဆင်မြူယယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မလုပ်ရမှာလဲဗျ။ ကျုပ်တို့ စမ်းကြည့်ကြသေးတာပေါ့"

ဝိတိုရိယလည်း မြေပြင်နှင့် တဖြည်းဖြည်းနီးကပ်လာပြီးလျှင် ဈေးနှင့် မလှမ်းမကမ်းတွင် ရှိသည့် သစ်ပင်ကြီးတစ်ပင်ထိပ်တွင် မြဲမြဲစွာသွားရောက် ချိတ်တွယ်၍ နေလေသည်။

လူများသည် ကြောက်ရွံ့စိတ်များ တဖြည်းဖြည်း ပပျောက်သွားကြပြီး လျှင် ပုန်းအောင်းနေသောနေရာများမှ ပြန်၍ထွက်လာကြ၏။ ရှေးဦးစွာ အနီးသို့ ချဉ်းကပ်လာကြသူများအနက် အများမှာ ခရုံခွကြီးများဖြင့် ပြုလုပ် ထားသော ၎င်းတို့၏ အဆင်တန်ဆာများကို ကြည့်ရခြင်းအားဖြင့် ဝါဂိုဂို လူမျိုးများဖြစ်ကြကြောင်း လွယ်ကူစွာ သိရှိကြရလေသည်။ ထိုသူများ ကား အဆိုပါအရပ်တွင် မှော်ဆရာကြီးများနှင့် ဘုန်းကြီးများ ဖြစ်ကြ၏။ ယောကျ်ားမိန်းမများနှင့် ကလေးသူငယ်များပါဝင်သော လူအုပ်ကြီးသည် သူတို့ ဘေးပတ်လည်သို့ တဖြည်းဖြည်း ဝိုင်းအုံလာကြလေသည်။ ဗုံများ ကိုလည်း ယခင်ကထက် ကျယ်လောင်စွာ တီးခတ်ကြရာမှ လူအားလုံးပင် ၎င်းတို့၏ လက်ဝါးနှစ်ဖက်ကို ပြိုင်၍စတင်တီးခတ်ကြပြီးနောက် အထက် ကောင်းကင်သို့လည်း လက်များကို ဆန့်တန်းခြင်း ပြုကြလေသည်။

ဒေါက်တာ- "ဒါဟာ ကျုပ်တို့ကို သူတို့အလေးပြုတဲ့ သဘောပဲဗျ။ ကျုပ်ထင်တဲ့အတိုင်း မလွဲရင်တော့ ကြီးကျယ်တဲ့ ဇာတ်ကွက်တစ်ကွက်ကို ကျုပ်တို့တစ်တွေ ဝင်ပြီးကကြရလိမ့်ဦးမယ်ထင်တယ်"

ထိုခဏ၌ မှော်ဆရာကြီး တစ်ယောက်က အချက်ပြုလိုက်သဖြင့် ပရိ သတ်များလည်း မီးကိုရေနှင့် သတ်လိုက်သကဲ့သို့ ငြိမ်ကျသွားလေသည်။ သူသည် ခရီးသည်များအား နားမလည်သော ဘာသာတစ်မျိုးဖြင့် စကား



www.burmeseclassic.com

www.burmeseclassic.com



စ၍ ပြောလေသည်။ ဒေါက်တာဖာဂတ်ဆင်သည် သူပြောသည့်စကားကို နားမလည်သဖြင့် အာရေဗျဘာသာဖြင့် အနည်းငယ်စမ်းသပ်ပြောဆိုကြည့်ရာ ထိုဘာသာဖြင့်ပင် ချက်ချင်းစကားပြန်၍ ပြောသည်ကို တွေ့ရလေသည်။

ထိုသူမှာ စကားပြောကောင်းသူတစ်ယောက်ပီပီ ရှည်လျားစွာ ဖွဲ့နွဲ့ပြောဆိုလျက်ရှိသော်လည်း လိုရင်းအချက်ကို ဒေါက်တာသိရှိရသည်မှာကား ထိုအရပ်မှ လူများသည် ဝိတိုရိယမီးပုံးပျံကြီးအား လနတ်သမီးကြီးဖြစ်၍ အဆိုပါနတ်သမီးကြီးသည် သူ၏သားတော်သုံးပါးနှင့် ၎င်းတို့၏ရပ်ရွာသို့ အလည်အပတ်ကြွရောက်တော်မူလာသည်ဟူ၍ ထင်မှတ်နေကြခြင်းပင် ဖြစ်လေသည်။ ထိုသူလည်း လနတ်သမီး၏ သားတော်များအားနှစ်ရှည်လများ မကျန်းမမာ ဖြစ်၍နေသော မိမိတို့ဘုရင်ရှိရာ နန်းတော်သို့ကြွရောက်၍ ဆေးပါးကုသပေးပါရန် တောင်းပန်လျက် ရှိလေသည်။ ယင်းကဲ့သို့ ဖိတ်ကြားပင့်ခေါ်သည့်အကြောင်းကို ဒေါက်တာဖာဂတ်ဆင်က သူ၏အဖော်များအားပြန်လည်ပြောကြားလေသည်။

ဒစ် - "ဒီလူမည်းဘုရင်ရှိတဲ့နေရာကို ခင်ဗျား တကယ်သွားမလို့လား"

ဒေါက်တာ - "သွားမယ်လေ၊ ဒီလူတွေက ကျုပ်တို့အပေါ် ကောင်းကောင်းမွန်မွန် ရှိကြပုံရသားပဲဗျ။ ပြီးတော့ ဒီနေ့လေကလည်း ငြိမ်နေတော့ ဝိတိုရိယကြီးအတွက် ကျုပ်တို့ဘာမျှစိုးရိမ်နေစရာမလိုပါဘူး"

ဒစ် - "ဒါပေမဲ့ ခင်ဗျား ဘယ့်နှယ်လုပ်မလဲ"

"စိုးရိမ်စရာမလိုပါဘူး ဒစ်ရယ်၊ ဆေးကလေး ဝါးကလေးနည်းနည်းပါးပါးလောက်နဲ့ ဒီပြဿနာကို ကျုပ်ဖြေရှင်းနိုင်ပါလိမ့်မယ်" ဟု ပြောပြီးနောက် ဒေါက်တာဖာဂတ်ဆင်သည် ပရိသတ်များဘက်သို့ လှည့်၍



www.burmeseclassic.com

www.burmeseclassic.com


"လနတ်သမီးကြီးသည် အွန်ရပ်ဝေဇီ လူမျိုးတို့၏ မြတ်နိုးလှသော အရှင်ဖြစ်သူ ဘုရင်ကြီး၏ အပေါ်၌ သနားကရုဏာထားတော်မူ၍ သူ၏ပြန်လည်ကျန်းမာရေးအတွက် ကျွန်ုပ်တို့အား လွှဲအပ်တော်မူလိုက်သည်။ သို့ဖြစ်၍ ဘုရင်ကြီးသည် ကျွန်ုပ်တို့အား လက်ခံတွေ့ဆုံရန် အသင့်ရှိစေလော့"

ကြွေးကြော်သံများ၊ သီးချင်းဆိုသံများနှင့် ဝမ်းမြောက်ခြင်းကို ပြသကြသည့် ကိုယ်ဟန်အမူအရာများကား ယခင်ကထက် နှစ်ဆတိုးကာ ဆူညံလျက် ရှိလေသည်။

ဖာဂတ်ဆင် - "ကိုင်း မိတ်ဆွေတို့ အရေးပေါ်အကြောင်းကိစ္စ ပေါ်ပေါက်လာရင် အသင့်ရှိနေဖို့လိုလိမ့်မယ်။ ကျုပ်တို့မှာ ဒီကချက်ချင်း ထွက်ဖို့ အကြောင်း ပေါ်ကောင်းပေါ်လာလိမ့်မယ်။ ဒီတော့ ဒစ်၊ ခင်ဗျားက ပုခက်ထဲမှာနေခဲ့ပြီး မီးပုံးပျံဖို့ လုံလောက်တဲ့ အရှိန်ရဖို့ မီးဖိုကို အမြဲမီးမပြတ်အောင် ကြည့်လုပ်ထားပေတော့။ ကျုပ်တို့သံချိတ်တွေကမြဲလည်း မြဲ၊ ခိုင်လည်းခိုင်ပါတယ်။ ဒီတော့ မီးပုံးပျံအပေါ် လွင့်တက်သွားမှာ စိုးရိမ်စရာမလိုပါဘူး။ ကျုပ်မြေကြီးပေါ်ဆင်းသွားမယ်။ ဂျိုးလည်း အောက်ကိုဆင်းရမယ်။ နို့ပေမဲ့ သူက လှေကားခြေရင်းမှာ စောင့်နေရစ်ရလိမ့်မယ်"

ဒစ် - "ဘယ့်နှယ်ဗျ။ ဒီလူမည်းဘုရင်ကို ခင်ဗျားတစ်ယောက်တည်း သွားကြည့်မလို့လား"

ဂျိုး - "အို ခင်ဗျာ၊ သခင့်နောက်ကို ကျွန်တော်လမ်းဆုံးအောင် လိုက်မလာရဘူးလား"

ဖာဂတ်ဆင် - "လိုက်စရာမလိုဘူး။ ငါတစ်ယောက်တည်းပဲ သွားမယ်။ ဒီလူတွေက လမင်းက သူတို့ဆီလာလည်တယ်လို့ ဒီလူတွေအထင် ရောက်နေတယ်။ ဒီတော့ သူတို့ရဲ့ယုံကြည်မှုနဲ့ ငါ့မှာ အလိုလို ကာကွယ်ပြီးသားဖြစ်


www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။ ဒါကြောင့် ငါ့အတွက် ဘာမျှမစိုးရိမ်နဲ့၊ ငါစီမံထားတဲ့အတိုင်း ကိုယ်နေရာမှာသာ ကိုယ်နေကြ"

သို့နှင့် ဒေါက်တာဖာဂတ်ဆင်သည် သူ့ဆေးသေတ္တာကလေးကို ချိုင်းအောက်၌ ညှပ်ပြီးလျှင် လှေကားမှ ဆင်းသက်သွားရာ ဂျီးလည်း နောက်မှ လိုက်၍ ဆင်းသွားပြီးနောက် လှေကားရင်း၌ တင်ပျဉ်ခွေ ချိတ်လျက် ခန့်ညားသော ဣန္ဒြေဖြင့် ထိုင်နေလေ၏။ လူအုပ်ကြီးလည်း သူ့ဘေးပတ်လည်သို့ ဝိုင်းလာကြပြီးလျှင် အရိုအသေပေးသော အားဖြင့် ခပ်လှမ်းလှမ်း၌ ရပ်နေကြသည်။ ထိုအချိန်၌ သာယာနာပျော်ဖွယ်ရှိသော တူရိယာများ၏ ဆူညံသံများကြောင့် နားပင်းလုမတတ်ဖြစ်နေသော ဒေါက်တာဖာဂတ်ဆင်သည် ဘာသာရေးအကများဖြင့် ကြိုဆိုကာ ရှေ့ဆောင်ခေါ်သွားသော မှော်ဆရာကြီးများနှင့်အတူ မြို့နှင့်အတန်ငယ်ဝေးသော ဘုရင့်နန်းတော်ရှိရာသို့ တဖြည်းဖြည်း သွားရလသည်။ အချိန်ကား ညနေ ၃ နာရီခန့်ရှိလေပြီ။

နန်းတော်၏အဝင်အဝတွင် ဒေါက်တာဖာဂတ်ဆင်အား ဘုရင်၏ ကိုယ်လုပ်မောင်းမအပေါင်းတို့က ခရီးဦးကြိုပြုကြလေရာ ယင်းတို့အနက်မှ မိန်းမ အတော်များများပင် လှပခန့်ညားခြင်းရှိသည်ကို တွေ့ရ၍ အားလုံးပင်ဘူးတောင်းလျှော်ဖြင့် ပြုလုပ်ထားသော ဂါဝန်တိုတစ်မျိုးကို ခါးလယ်၌ ရစ်ပတ်ဝတ်ဆင်ထားကြသည်။ သူတို့သည် ဆေးရွက်နှင့် ဆေးခြောက်များကိုလည်း စီးခိုးများတထောင်းထောင်းထအောင် ဆေးတံမည်းကြီးများဖြင့် သောက်ရှူလျ...က်ရှိကြ၏။ ယင်းတို့အနက်မှ စတွေးရန် သတ်မှတ်ထားသောမိန်းကလေးခြောက်ယောက်ကားနန်းဆောင်ထဲမှ အသက်အငယ်ဆုံးသော အချောအလှကလေးများ ဖြစ်ကြဟန်တူလေသည်။ ထိုမိန်းကလေးများမှာကား ဘုရင်ကြီး ကွယ်လွန်သည့် အခါတွင် သချိုင်းထဲ၌တစ်ယော...်



www.burmeseclassic.com

www.burmeseclassic.com



တည်းမဖြစ်ဘဲ အဖော်ရစေရန် သူနှင့်အတူ အရှင်လတ်လတ် မြေမြှုပ်ခံရမည့်သူများဖြစ်ကြလေသည်။

ဒေါက်တာဖာဂတ်ဆင်သည် ရှခင်းတစ်ခုလုံးကို တစ်ချက်မျှလှမ်း၍ အကဲခတ်လိုက်ပြီးနောက် ဘုရင်၏ဥြောင်စောင်းရှိရာသို့ တိုးသွားလေသည်။ ဥြောင်စောင်းထက်၌ကား အပျော်အပါးအမျိုးမျိုးကို လိုက်စားလျက် ရက်စက်ကြမ်းကြုတ်ဟန်ရှိသော အသက် ၄၀ လူတစ်ယောက်ကို တွေ့ရလေသည်။ ထိုသူကား လုံး၀ သတိကင်းကွာလျက်ရှိနေပေ၏။

ဒေါက်တာဖာဂတ်ဆင်သည် အားတိုးဆေး ခပ်ပြင်းပြင်းတစ်ခွက်ကို သတိမေ့နေသော သူ၏ပါးစပ်ထဲသို့ လောင်းထည့်လိုက်၏။ တစ်ခဏမျှကြာသောအခါ နာရီပေါင်းများစွာ အသေကောင်ကဲ့သို့ဖြစ်နေသော ဘုရင်၏ ကိုယ်ခန္ဓာကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်၍လာရာ ယင်းကဲ့သို့ အခြေအနေပြောင်းလဲသည်ကို မြင်ကြရသောအခါ ချီးမွမ်းထောမနာခြင်းပြုကြသည့်အသံများမှာ ဆူညံ၍သွားလေသည်။

သို့ရာတွင် စိတ်နလုံး မချမ်းမြေ့ဖွယ်ကောင်းလှသည့် အခြင်းအရာကို လာရောက်ကြည့်ရှုရသည်မှာ ဤမျှနှင့်ပင် လုံလောက်ပြီဖြစ်သဖြင့် ဒေါက်တာသည် မိမိကိုကြည်ညိုလေးစားလျက် ရှိကြသော ပရိတ်သတ်များအား လက်ဖြင့်ဇေ့ယမ်းကာ ဖယ်ရှားစေပြီးနောက် နန်းတော်ထဲမှ ထွက်ကာ ဝိတိုရိယရှိရာသို့ ရှေးရှုပြန်လာလေ၏။

❖ ❖ ❖

သူ၏သခင်မရှိခိုက် ဂျိုးသည် လှေကားရင်း၌ မြိမ်သက်စွာ စောင့်ဆိုင်း၍နေရာ လူအုပ်ကြီးကလည်း သူ့အားအကြီးအကျယ် အရိုအသေပေးလျက်



www.burmeseclassic.com

www.burmeseclassic.com


ရှိကြ၏။ သူကလည်း လနတ်သမီး၏ သားတော်တစ်ပါးပီပီ လူအများ၏ အရှိအသေကိုခံယူရင်း မိမိသည် မာနအလျှင်းမရှိဘဲ ပျော်ရွှင်တတ်သော သူတစ်ယောက်သာ ဖြစ်ကြောင်းကိုပြလျက်ရှိလေသည်။

လူများသည် မုယောစပါးနှံများဖြင့် ဘီယာအပြင်းစားတစ်မျိုးပါဝင်သည့် *လက်ဆောင်ပဏ္ဏာများကို သူ့ထံသို့ မျက်နှာလုပ်ရန် ယူဆောင်၍* လာကြလေသည်။ ဂျိုးသည် ဘီယာတစ်ကျိုက်မျှကိုမှ လက်ခံသောက်စားသင့်သည်ဟု ယူမိ၏။ သို့ရာတွင် ဘီယာမှာပြင်းလွန်းသဖြင့် သူ့အဖို့အရသာ မတွေ့နိုင်အောင် ဖြစ်နေမိသည်။ ပထမ တစ်ငုံလောက်နှင့်ပင် သူ့မျက်နှာမှာ ရှုံ့မဲ့သွားသဖြင့် ပရိသတ်များသည် ခင်မင်ရင်းနှီး၍လာသောအနေနှင့် ပြုံးရယ်လျက်ရှိကြလေသည်။ ထို့နောက် မိန်းကလေးများသည် သူ့ဘေးပတ်လည်၌ဝိုင်းဖွဲ့ပြီးလျှင် သီချင်းများကို ဖွဲဖွဲနွဲ့နွဲ့သီဆိုကာ ညီညီညာညာ အချက်ကျကျ ကခုန်လျက်ရှိကြပြန်၏။

သို့ဖြင့် စိတ်လက်ကြည်နူးသာယာဖွယ်အကောင်းဆုံးအချိန်သို့ရောက်နေစဉ် ဂျိုးသည် နောက်မှ လူအုပ်ကြီးဖရိုဖရဲနှင့် ပျာယီးပျာယာပြန်လာသော ဒေါက်တာဖာဂတ်ဆင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ မှော်ဆရာနှင့် ဘုန်းကြီးများကလည်း သူ့အပေါ်၌ မကျေမနပ် ကြုံးဝါးလျက်ရှိကြဟန်ဖြင့် ဘေးပတ်လည်မှ ဝိုင်းအုံ၍လိုက်ပါလာကြလေ၏။ ယင်းကဲ့သို့ ထူးခြားစွာ ပြောင်းလဲလာသည်မှာကား အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း။ လူရိုင်းဂုရုငကြီးသည် ကုသိုလ်ကံအလှည့်မသင့်သည့်အလျောက် ကောင်းကင်ဘုံမှ ရောက်ရှိလာသောသူ၏ သမားတော်ကြီးလက်ထဲ၌ ကံကုန်သွားခဲ့လေသလော။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသည် ခြေလှမ်းကို သွက်သွက်ကြီးလှမ်းရင်း လှေကားရင်းသို့ ရောက်လာသည်။ စိတ်လှုပ်ရှားလျက်ရှိကြသော လူထုကြီးမှာ စွဲမြဲစွာ ယုံကြည်နေကြသောစိတ်ဓာတ်ကြောင့် ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားကြပြီးလျှင် ဆူပူလှုပ်ရှားမှုများကိုလည်း မပြုနိုင်ဘဲ ရှိနေကြလေသည်။ သို့နှင့် ဒေါက်တာလည်း ပုခက်ရှိရာသို့ အလျင်အမြန် တက်သွားလေရာ ဂျိုးလည်း ဘုမသိဘမသိနှင့် နောက်မှ အပြေးအလွှား တက်လိုက်ခဲ့လေသည်။

ဒေါက်တာ – "အချိန်ဖြုန်းလို့ မဖြစ်ဘူးဟေ့၊ ချိတ်တွေဖြုတ်ဖို့အတွက်လည်း ကိစ္စမရှိဘူး။ ကြိုးကို တို့ဖြတ်တန်ဖြတ်ပစ်ရလိမ့်မယ်"

ဂျိုး – "ဘာဖြစ်လို့ အခုလို လုပ်သလဲသခင်"

ကနေဒီကလည်း သေနတ်ကို လက်ထဲ၌ကိုင်စွဲရင်း "ဘာဖြစ်လာသလဲဟင်" ဟု စိုးရိမ်သည့် အမူအရာဖြင့် လှမ်း၍ မေးလိုက်လေသည်။

ဒေါက်တာက "ဟိုမှာကြည့်စမ်း" ဟု မိုးကုပ်စက်ဝိုင်းရှိရာသို့ ညွှန်ပြလေသည်။

"ဟာ လကြီးပါကလား" နှစ်ယောက်သား ပြိုင်တူအော်လိုက်မိကြသည်။

မီးလုံးကြီးပမာ နီရဲသော လကြီးကား နောက်ခံအပြာရောင် ကောင်းကင်ထက်၌ တဖြည်းဖြည်း ကြွတက်ထွက်ပေါ်၍ လာနေသည်။ လမင်းကြီးနှင့် ဝိတိရိယကြီးကား အထက်အာကာပြင်ဝယ် စင်ပြိုင် ထွက်ပေါ်လျက်ရှိချေပြီ။

အာကာဝေဟင်ထက်တွင် လနှစ်စင်းသော်လည်းကောင်း ရှိပေမည်။ သို့မဟုတ် ဤမျက်နှာစိမ်း စည့်သည်များသည် လူလိမ် လူညာများသော်လည်းကောင်း ဖြစ်ကြပေမည်။ ထိုကဲ့သို့သော အတွေးမျိုးကို ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com



တွေးမိပြီဖြစ်ကြောင်း ထင်ရှားနေသည်မှာ ရုတ်ခြည်း ပြောင်းလဲသွားသော သူတို့၏အမူအရာများက သက်သေခံလျက် ရှိကြလေသည်။

ဂျိုးသည် မအောင့်အည်းနိုင်ဘဲ အော်၍ ရယ်လိုက်မိသည်။ ကာဖေး မြို့သားများသည် မိမိတို့၏ သားကောင်များ လွတ်ထွက်ပြေးကြတော့မည် ကို သိရှိလာကြသဖြင့် စက်ထန်သော အမူအရာများဖြင့် အော်ဟစ်လိုက်ကြ ပြီးလျှင် လေးမြားများကိုလည်းကောင်း၊ တစ်လုံးထိုးသေနတ်များကိုလည်း ကောင်း မီးပုံးပျံကြီးရှိရာသို့ ချိန်ရွယ်လိုက်ကြလေသည်။

သို့ရာတွင် မော်ဆရာကြီး တစ်ယောက်က အချက်ပြဟန့်တားလိုက် သဖြင့် အားလုံးပင် လက်နက်များကို အောက်သို့ တစ်ပြိုင်တည်း ပြန်၍ ချလိုက်ကြသည်။ ထို့နောက်မှ သံချိတ်ကိုဖြုတ်၍ မီးပုံးပျံကို မြေကြီးပေါ်သို့ ဆွဲချရန်အကြံဖြင့် မော်ဆရာကြီးသည် သစ်ပင်ထက်သို့ တက်လာလေ သည်။

ဂျိုးကား ပုဆိန်ကို လက်ထဲတွင် ကိုင်ရင်း ပုခက်လက်ရန်းကို မှီလျက် ရှိ၏။

"ကြိုးကို ဖြတ်ချလိုက်ရမလား သခင်"

"ခဏနေဦးဟေ့"

"ခဏနေလို့ ဒီလူမည်းကောင်"

"ချိတ်ကို ပြန်ရအောင် တို့လုပ်ရဦးမယ်ကွယ့်။ တကယ်လို့ ပြန်မရနိုင် ဘူးဆိုရင်လည်း ကြိုးကိုဖြတ်ဖို့အချိန်ရှိပါသေးတယ်ကွယ်"

ယင်းသို့ ပြောနေခိုက်တွင် မော်ဆရာကြီးသည် သစ်ပင်ထက်သို့ ရောက်လာပြီးလျှင် သစ်ကိုင်းများကို ခုတ်ခြင်းအားဖြင့် ချိတ်ကိုဖြုတ်ယူရန် ကြံစည်လေ၏။ ထိုအခါ ပြင်းထန်စွာဆောင့်၍ဆွဲလိုက်သော မီးပုံးပျံကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ကြောင့် သံချိတ်ကြီးသည် လူရိုင်း၏ ပေါင်နှစ်ဖက်အကြားတွင် သွား၍ချိတ်မိနေသဖြင့် မြင်းပေါ်တွင်စီး၍ လိုက်ဘိသကဲ့သို့ သံချိတ်သွားကြီးများ၏ အလယ်တွင် ကားရားခွလျက် အပေါ်သို့ ပါလာတော့၏။ ထိုအချိန်တွင် ထိတ်လန့်တကြား တစ်ပြိုင်နက် အော်ဟစ်လိုက်ကြသော လူအုပ်ကြီး၏အသံမှာလည်း ကြောက်ခမန်းလိလိရှိပေတော့၏။

ဂျိုးကမူ ဝိတိုရိယကြီးအရှိန်ပြင်းစွာဖြင့် အထက်သို့ လျင်မြန်စွာ တက်၍သွားစဉ်တွင် ဟူးရားဟု အော်ဟစ်ကာ ဩဘာပေးလိုက်သေး၏။

ဒစ် – "သူမြဲမြဲကိုင်ပြီး လိုက်လာသားပဲ။ လဟာပြင်ထဲကို ခဏလောက်ပါလာရုံနဲ့တော့ သူ့အတွက် ကိစ္စမရှိပါဘူး"

ဂျိုး – "ကျွန်တော်တို့ သူ့ကို ရုတ်တရက် ဖြုတ်ချလိုက်ကြမလား"

ဒေါက်တာ – "ဒီလိုဆို တို့ကို ကဲ့ရဲ့စရာကြီး ဖြစ်နေတော့မှာပေါ့ကွယ်။ တော်တော်ကြာမှ မြေပြင်ပေါ်ကို ခပ်ဖြည်းဖြည်း ကြည့်ပြီး ချပေးပါ့မယ်။ ဒီလိုဆိုရင် သူ့ဖမ်ပညာဟာ သူ့လူတွေထဲမှာ အရင်ကထက်တောင် ပိုပြီး တန်ခိုးထက်သွားလိမ့်ဦးမယ်"

ဂျိုး – "သူ့ကို ဘုရားလိုတောင် သူတို့ ကိုးကွယ်ကြဦးမှာ မုချပေါ့သခင်"

ထိုအချိန်၌ ဝိတိုရိယကား ပေ ၁၀၀၀ ခန့်အမြင့်သို့ ရောက်နေလေပြီ။ လူရိုင်းကြီးမှာ ကြိုးကို အားကုန်ဖျစ်ညှစ်၍ ဆုပ်ကိုင်ထားလေသည်။ သူသည် ကြောက်ရွံ့လှသဖြင့် မျက်လုံးများ ပြူးလျက်ရှိနေ၏။ လေမှာ အလိုက်သင့် တဖြူးဖြူးတိုက်ခတ်လျက်ရှိရာ မကြာမီ မြို့ထဲမှ တဲအိမ်များကို ကျော်လွန်လာလေသည်။

နောက်နာရီဝက်မျှကြာသောအခါ ရောက်ရှိလာသည့် ဒေသမှာ သဲကန္တာရအတိ ဖြစ်လာသည်ကို တွေ့မြင်ရသဖြင့် ဒေါက်တာဖာဂတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သည် မီးဖိုမှ အပူရှိန်ကို လျှော့ပေးလေရာ မီးပုံးပျံကြီးလည်း မြေပြင်နှင့် ပြန်လည် ချဉ်းကပ်လာပြန်လေသည်။ မြေပြင်နှင့် ပေ ၂၀ ခန့်အမြင့်သို့ ရောက်သောအခါ၌ကား မော်ဆရာကြီးသည် လျှင်မြန်စွာစိတ်ကို ဆုံးဖြတ်၍ အရဲစွန့်ကာအောက်သို့ခုန်ချလိုက်လေသည်။ ကံအားလျော်စွာပင် မြေပျော့ပေါ်သို့အကျ အဆင်သင့်သဖြင့် သူသည် ချက်ချင်းပင် နေရာမှထကာ ကာဖေးမြို့ဘက်သို့ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားလေ၏။ သို့နှင့် ဝိတိုရိယကြီးမှာ အလေးချိန်အတော်ကြီးပေါ့သွားသဖြင့် ကောင်းကင်သို့ သိမ်းငှက်ကြီးတစ်ကောင်သဖွယ် ရုတ်တရက် တစ်ဟုန်ထိုးတက်၍ သွားပြန်လေတော့သည်။

❖ ❖ ❖

ဂျိုး - "အလို ကြည့်ကြစမ်းပါဦး။ သူ့အခွင့်မရဘဲ လနတ်သမီးရဲ့သားတွေလို့ ခေါ်ကြလို့ လကြီးက ကျွန်တော်တို့ကို ဖမ်းစားတော့မယ် ထင်ပါရဲ့။ သူ့မျက်နှာကြီးကလည်း စိတ်ဆိုးလို့နဲ့ တူတယ်၊ ထွက်စကတည်းက တစ်မျက်နှာလုံး နီရဲနေတာပဲ"

ဒေါက်တာ - "အိုကွယ်၊ တို့ဟာ လတိုင်းပြည်ထဲကို လုံးလုံးလျားလျား ရောက်နေကြတာပဲကွယ့်၊ ဒီအရပ်က လကို အစဉ်အဆက်အမြဲကိုးကွယ်လာခဲ့လို့နဲ့တူပါရဲ့၊ ဒီရှေးဟောင်းနာမည်ဟာ ယခုထိတွင်ပြီးနေတာပဲ၊ ပြီးတော့လည်း ဒီလို စိမ်းလန်းစိုပြည်တဲ့ ရေမြေ တောတောင်မျိုးနဲ့ ဒေသမျိုးကလည်း တကယ့်ကို ရှားမှရှားတာပဲ"

ဂျိုး - "ဒီလို သာယာလှပတဲ့ ရှုမျှော်ခင်းတွေကို ဘာကြောင့်များ ဒီနိုင်ငံ အရိုင်းအစိုင်းတွေရဲ့ဒေသမှာ လာပြီး တွေ့နေရပါ့မလဲ သခင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ - "အမယ်၊ ဒီတိုင်းပြည်ဟာ တစ်နေ့ကျရင် ယဉ်ကျေးတဲ့ တိုင်းပြည်ကြီးတစ်ခု ဖြစ်မလာဘူးလို့ မင်းပြောနိုင်သလား။ ဥရောပတိုက်က တိုင်းပြည်တွေဟာ တစ်နေ့တခြား လူဦးရေ တိုးတက်လာတာကို လက်မခံနိုင်တဲ့ အခါရောက်ရင် နောင် အနာဂတ်ကာလမှာ လူတွေဟာ ဒီကိုရောက်လာကြမှာပဲကွယ့်"

ဒစ် - "ခင်ဗျား ဒါကိုယုံသလား"

ဒေါက်တာ - "ယုံပြီလား ဒစ်ရယ်၊ တစ်ခုပြီးတစ်ခု ဖြစ်ပျက်လာခဲ့တဲ့ အဖြစ်အပျက်တွေ၊ ရေကြည်ရာ မြက်နုရာ အစုလိုက်အပြုံလိုက်ပြောင်းရွှေ့လာကြတဲ့ လူမျိုးအစဉ်အဆက်တွေ၊ ဒါတွေကို ခင်ဗျား စဉ်းစားဆင်ခြင်ကြည့်မယ်ဆိုရင် နောက်ဆုံး ဒီအချက်ကို ရောက်လာမှာပဲ။ အာဖရိကတိုက်ကြီးဟာ သူ့ နှစ်ပေါင်းကမ္ဘေကမ္ဘာက စုဆောင်းလာခဲ့တဲ့ အဖိုးတန်ပစ္စည်းတွေကို ထုတ်ပေးလိမ့်မယ်။ လူစိမ်းတွေ အတွက် ရောဂါထူပြောပြီး ဘေးအန္တရာယ်ဖြစ်စေတတ်တဲ့ ရာသီဥတုရှိတဲ့ဒေသတွေဟာလည်း လယ်ယာကိုင်းကျွန်းတွေလုပ်ကြ ဆည်တွေမြောင်းတွေ ဖောက်ကြ၊ လုပ်ကြတာနဲ့ပဲ သန့်ရှင်းစင်ကြယ်ပြီး သွားလိမ့်မယ်။ ပြန့်ကျဲနေတဲ့ ချောင်းကလေး၊ မြောင်းကလေးတွေကိုလည်း အားလုံး စုပေါင်းလိုက်ပြီးတော့ ကူးသန်းသွားလာသယ်ယူပို့ဆောင်ရေးမှာ အသုံးဝင်မယ့် ရေလမ်းခရီးကြီး ဖြစ်အောင် လုပ်ကြလိမ့်မယ်၊ အဲဒီအခါကျရင် ကျုပ်တို့ အခုဖြတ်လာနေကြတဲ့ တိုင်းပြည်ကြီးဟာ မြေဩဇာလည်းပိုပြီးကောင်းလာမယ်၊ တခြားတိုင်းပြည်တွေထက်လည်း သာယာဝပြောပြီး ကြီးကျယ်စည်ကားပြီး နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာလိမ့်မယ်။ အဲဒီအခါကျရင် ဒီမှာ မီးသင်္ဘောတွေ လျှပ်စစ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုတွေ့ရတာထက် ပိုပြီးဆန်းကြယ်တဲ့ အတွေ့အကြုံမျိုးတွေကိုတောင် တွေ့ကြရလိမ့်ဦးမယ်"

ဂျိုး- "ဒီလိုဆို သခင်ရယ်၊ အဲဒီဟာတွေအားလုံးကို ကျွန်တော်တွေ့ ချင်မြင်ချင်လိုက်တာခင်ဗျာ"

ဒေါက်တာ- "ဒါတွေကို တွေ့ရအောင် မင်းက အချိန်နည်းနည်းစော ပြီး မွေးလာတာကိုးကွယ့် ငါတပည့်ရဲ့၊ ကိုင်းပါလေ၊ ဒီလတိုင်းပြည်ကို အခါအခွင့်သင့်တုန်း သေသေချာချာကြည့်လိုက်ကြရအောင်"

ဝင်လုဆဲဆဲ နေရောင်ခြည်တန်းများသည် တောင်ကုန်းကလေးများ ထိပ်ဖျားများကို ရွှေရောင်ဖြင့် ဖုံးလွှမ်းထားလေသည်။ မကြာမီ ခရီးသည် များသည် တောတောင် သစ်ပင်အုပ်များအလယ်၌ ရစ်ပတ်ခွေဝိုက်ကာ စီးဆင်းလျက်ရှိသော တန်ကာယီကာရေအိုင်ကြီး၏အရှေ့ဘက်တွင် အကြီး ဆုံး မြစ်လက်တက်ဖြစ်သည့် မလာဂါရာဆီ မြစ်ကြီးအား တွေ့မြင်ကြရ လေ၏။

များပြားလှသော နွားအုပ်ကြီးများသည် မြေဩဇာကောင်းလှသော မြက်ခင်းလွင်ပြင်ကြီးများထဲတွင် ကျက်စားလျက်ရှိကြလျက် မကြာခဏပင် မြက်ပင်ရှည်ကြီးများအကြား၌ ပျောက်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်ဖြင့် ရှိနေကြလေသည်။ တောနက်များထဲတွင်မူ ခြင်္သေ့များ၊ ကျားသစ်များ၊ ခွေးအများနှင့် ကျားများသည် နေရိပ်များအောက်တွင် ခိုလှုံလျက်ရှိကြ သည်။ ရံဖန်ရံခါ၌ ဆင်တစ်ကောင်တလေသည် သူ၏ကြီးမားသော ကိုယ် လုံးအစွမ်းအားဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ကို တိုးဝှေ့၍နေတတ်လေသည်။

"ဘယ်လောက် တောလိုက်ဖို့ ကောင်းတဲ့နေရာလဲဗျာ" ဟု ကနေဒီက စိတ်အားထက်သန်စွာ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တဖြည်းဖြည်း ငြိမ်သက်၍လာရာ ထိုအခြင်းအရာများသည် လေမုန်တိုင်းကျရောက်တော့မည့် လက္ခဏာပင်ဖြစ်သည်။ ညဥ့် ၉ နာရီလောက်တွင် ဗိတိုရိယသည် မှောင်မိုက်ထဲတွင် မှုန်မှွားမှွားမျှသာ မြင်ရသော ယူဆင်းဒါးရွာစုကြီးပေါ်တည့်တည့်၌ မလှုပ်မယှက် ပန်းဆိုင်းဆွဲထားဘိသကဲ့သို့ ရပ်တည်လျက်ရှိ၏။ မှောင်နှင့်မည်းမည်းရှိနေရာမှ မကြာမီ ဝင်းခနဲပြက်လိုက်သော လျှပ်စစ်ရောင်နှင့် မရေးမနှောင်းပင် ဂျိန်းခနဲပစ်လိုက်သော မိုးကြိုးသံကြီးသည် မြေပြင်နှင့် ကောင်းကင်ယံနှစ်ခုစလုံးကိုပါ တစ်ပြိုင်နက် တုန်လှုပ်၍သွားစေသည်။

"ထကြွငမ်း ... ထကြွစမ်း" ဟူသော ဒေါက်တာ၏ ထိန်လန့်တကြားအသံကြီးကြောင့် အိပ်ပျော်နေကြသူများသည် ရုတ်တရက် အိပ်ရာမှ ခုန်ထကာ သူ၏အမိန့်ကိုလိုက်နာရန် အသင့်စောင့်ဆိုင်းနေကြလေသည်။

"ကျုပ်တို့အောက်ကို ဆင်းကြမလို့လား" ဟု ဒစ်က မေးသဖြင့် -

"မဟုတ်ဘူး၊ မိုးပုံးပုံကြီးဟာ လေမုန်တိုင်းဒဏ်ကို ခံနိုင်မှာမဟုတ်ဘူး။ ဒီတော့ မိုးတွေလေတွေ ရောက်မလာခင် အပေါ်ကို အရထက်မြင့်အောင် ကျုပ်တို့ တက်ကြရလိမ့်မယ်" ဟု ပြောပြောဆိုဆိုနှင့် ဒေါက်တာသည် ချူမီးဖိုကို အပူရှိန်အမြင့်ဆုံးသို့ရောက်အောင် ပြုပြင်ပေးလျက်ရှိလေသည်။

အပူပိုင်းဒေသမှ လေမုန်တိုင်းများ မည်မျှ လျင်မြန်ပြင်းထန်ကြောင်းကို ၎င်းတို့အသံကို ကြားရခြင်းဖြင့် သိသာနိုင်ပေသည်။ သို့နှင့် ဒုတိယအကြိမ် ထပ်မံ၍ လျှပ်ပြက်လိုက်ပြန်ရာ ယင်းနှင့် တစ်ဆက်တည်းလိုပင် လျှပ်စစ်ချွန်ပန်းရောင်တို့သည် ဆက်ကာဆက်ကာ ထွက်ပေါ်လာသဖြင့် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တင်တစ်ခုလုံး လျှပ်ရောင်များနှင့် တဝင်းဝင်းတလက်လက် တောက်ပြောင်လျက်ရှိလေ၏။ မိုးသည်လည်း သည်းထန်စွာ ရွာလာလေသည်။

ဒေါက်တာ – "ကျုပ်တို့ အတော်နှောင့်နှေးနေပြီ။ အခုအတိုင်းဆိုရင်တော့ မီးမလောင်နိုင်တဲ့ ဓာတ်ငွေ့တွေပါတဲ့ မီးပုံးပျံနဲ့ မီးကွင်းကြီးထဲကို ကျုပ်တို့ဖြတ်သွားရမှာပဲ"

သို့နှင့် မီးဖိုမှာ အပူဆုံးဒီကရီသို့ ရောက်လာရကား မီးပုံးပျံကြီးမှာ ဓာတ်ငွေ့များ ပြန့်ကားလာပြီးလျှင် အပေါ်သို့ ထိုးတက်လာသွားလေတော့၏။ ထိုအခါ လေမုန်တိုင်း၏ ဆွဲယူဖော့ယမ်းခြင်းကို ခံရသဖြင့် ၎င်းသည် ရှာလပတ်လည်လျက် ရှိလေတော့ရာ ခရီးသည်များသည် အသက်ကိုမျှ ပြင်းစွာမရှူဝံ့ဘဲ ဘုရားကို တမ်းတလျက် လိုက်ပါလာကြရလေသည်။ မုန်တိုင်း၏ ဒဏ်ကြောင့် မီးပုံးပျံကြီး၏ အပေါ်လွှာမှာလည်း စုတ်ပြတ်သတ်ကာ အပေါက်ကြီးများ ဖြစ်ကုန်သဖြင့် ထိုအပေါက်ကြီးများထဲသို့ လေများ တဝူဝူး ဝင်ထွက်လျက်ရှိလေ၏။ ကြီးမားသော မိုးသီးလုံးကြီးများသည်လည်း ဝိတိုရိယ၏ ပိုက်ကွန်ကြိုးများဆီသို့ ပြင်းထန်စွာ လာရောက်ထိမှန်လျက်ရှိကြလေသည်။ သို့ရာတွင် မီးပုံးပျံကြီးကမူ လျှပ်စစ်ရောင်များ ယှက်သန်းလျက်ရှိသော ပတ်ဝန်းကျင်၏ အလယ်၌ မှန်မှန်ကြီးအပေါ်သို့ တက်လျက်၏။ ခရီးသည်များကား လေမုန်တိုင်း၏ ဗဟိုတည့်တည့်သို့ ရောက်ရှိနေကြလေပြီ။

ဖာဂတ်ဆင် – "ဘုရားမလို့ပဲဗျို့။ နို့ပေမဲ့ စာစ်စုံတစ်ခုဖြစ်လာရင် အဆောင်သင့်ဖြစ်အောင်တော့ ကျုပ်တို့ ပြင်ထားကြရလိမ့်မယ်။ မီးလောင်မှာတော့ စိုးရတယ်။ အောက်ကိုကျရမယ့်ကိစ္စကတော့ မြန်မြန်ဆန်ဆန်ကြီး ကျ... ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးပုံးပျံကြီးသည် အရက်မူးသမားတစ်ယောက်ကဲ့သို့ ဘယ်ညာယိမ်းယိုင်လူးလိမ့်လျက် ရှိသော်လည်း အထက်သို့ ကားတက်မြဲတက်လျက်ပင်ရှိ၏။ ၁၅ မိနစ်မျှအကြာတွင်မှ လေမုန်တိုင်းကျသည့်အပိုင်းကို လွန်မြောက်လာပြီဖြစ်သဖြင့် လျှပ်ပြက်သည့်အရောင်များသည် မိုးပုံးပျံအောက်၌ ကျန်၍နေရစ်ခဲ့ကြလေ၏။

မိမိတို့မျက်စိအောက်မှ ရှုမြင်ခင်းကို သူတို့သည် ကြည့်ရှု၍ မဝအောင်ရှိနေကြ၏။ မိုးကောင်းကင်ကြီး၏အထက်ပိုင်းသည် အေးချမ်းငြိမ်သက်လျက် ကြယ်ရောင်လရောင်များဖြင့် ထွန်းလင်းတောက်ပ၍ နေသလောက်အောက်ပိုင်းသည် ဒေါသကြီးသော လေမုန်တိုင်းဖြစ် တရှိမ်းရှိမ်းမြည်ဟည်းနေလေသည်။

"ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးတော်ကြောင့်အသက်ဘေးကတော့လွတ်သွားကြပြီ" ဟု ဒေါက်တာဖာဂတ်ဆင်က ပြောလိုက်လေသည်။ ပေ ၁၂၀၀၀ အမြင့်သို့ရောက်လာသည်ကို တွေ့ရသဖြင့် လေမုန်တိုင်း၏ ဘေးရန်မှ မိမိတို့တင်းလွတ်လျက်ရှိပြီဖြစ်ကြောင်းကို သိရလေပြီ။

ခစ် - "ကြောက်စရာ ကောင်းလိုက်တဲ့လေမုန်တိုင်းနှယ်ဗျာ"

ဂျိုး - "ကြောက်စရာကောင်းတာတော့ မှန်ပါတယ်ခင်ဗျာ။ နို့ပေမဲ့ ဒီလိုလေမုန်တိုင်းမျိုးနဲ့တွေ့ရတာကို ကျွန်တော်တော့ ဝမ်းမနည်းပါဘူး။ စင်စစ်တော့ ဒါဟာ ကြုံတောင့်ကြုံခဲအင်မတန် ဆန်းကြယ်တဲ့ ရှုခင်းတစ်ခုပဲခင်ဗျ"

❖ ❖ ❖

နောက်တစ်နေ့ နံနက်တွင်ကား ကြည်လင်ပွင့်လင်းသော နေရောင်အောက်တွင် မည်းမှောင်သော တိမ်တိုက်အကြွင်းအကျန်များသည် ဖိုးဝ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားကြပြီးလျှင် မြေပြင်ကြီးသည်လည်း ပြန်လည်၍ အသက်ဝင်ကာ သာယာစိုပြည်၍ လာခဲ့လေသည်။

လေကြောင်းသင့်၍နေသောကြောင့် ဗိတ္တိရိယကြီးသည် အရှေ့မြောက်ဘက်သို့ မှန်မှန်ကြီး သွားလျက်ရှိလေရာ ဒေါက်တာဖာဂတ်ဆင်ကား စိတ်လက်ရွှင်ပျပေါ့ပါးလျက်ရှိလေသည်။ သူတို့သည် အောက်မှ အော်ဟစ်သံများ သူတို့၏ ပုံပန်းသဏ္ဌာန်ကြောင့် ထိတ်လန့်တုန်လှုပ်ကြခြင်းများကို ဂရုမထားဘဲ ရွာပေါင်းများစွာကို ကျော်ဖြတ်၍ လာကြလေသည်။ မကြာမီ ဒေါက်တာက ကာရာဂွာ တောင်တန်းကြီးများ၏ တောင်စွယ်တစ်ခုဖြစ်လေသည်။

ဤတောင်တန်းကြီးများသည် နိုင်းမြစ်ကြီးအား ဝိုက်ထွေး၍ ထားကြသည်ဟူသော ရှေးဟောင်းစကားသည် အမှန်နှင့်နီးကပ်၍ လာချေပြီ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတောင်တန်းများသည် နိုင်းမြစ်ကြီးကို စတင်ပေါက်ဖွားပေးရာ ဇာတိဖြစ်သည်ဟူ၍ ယူဆရသည့် တိုင်းရင်းသားများက ယူကဲရိုဝီ ဇရေအိုင်ကြီး ဟု ခေါ်ဆိုကြသည့် ရေပြင်ကြီးပတ်လည်တွင် ကာရံလျက်ရှိခြင်းကြောင့်ပင် ဖြစ်လေသည်။

နောက်ဆုံး၌ ဒေါက်တာသည် တိုင်းရင်းသား ကုန်သည်များထွက်ဝင်ကျက်စားရာ နယ်ကြီးတစ်ခုဖြစ်သည့် ကာဖူရိုမှ ဝေးလံသောမိုးကုပ်စက်ဝိုင်းပေါ်၌ ၁၈၅၈ ခုနှစ်တွင် ကပ္ပတိန်စပက် ဆိုသူ တွေ့ခဲ့ရသည်ဆိုသော ရေအိုင်ကြီးကို လှမ်း၍ မြင်ရလေတော့၏။ ဒေါက်တာဖာဂတ်ဆင်သည် မိမိ၏ခရီးစဉ်အဓိက အချက်ကြီးများထဲတွင် ပါဝင်သည့် ဒေသတစ်ခုသို့ ရောက်လုနီးပြီဖြစ်သဖြင့် စိတ်များ အထူးလှုပ်ရှားထကြွကာ ရုပ်ထွေးနက်နဲ၍ မြင်မှ လူစိမ်းများ အရောက်အပေါက်နည်းပါးလှသော ဤအရပ်ဒေသကြီး၏ မှန်ပြောင်းဖြင့် အနှံ့အပြားကြည့်ရှုလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၅၀ ခန့်မျှသော သက်ငယ်တဲဝိုင်းဝိုင်းကြီးများကား ကာရာဂျာနယ်ကြီးကို မြို့တော်အဖြစ်ဖြင့် စုရုံးတည်ရှိနေကြလေသည်။ နေ့လည်အချိန်တွင် ဗိတိုရိယသည် ၁ ဒီဂရီ ၄၅ လက်မတောင်လက်တ္တီတွဒ်သို့ ရောက်ရှိနေလျက် နောက်တစ်နာရီခန့်မျှ အချိန်အတွင်းတွင် လေကောင်းကောင်းဖြင့် ရေအိုင်ကြီးပေါ်သို့ဖြတ်ကျော်လျက်ရှိလေသည်။

ကပ္ပတိန်စပက်က ကျယ်ဝန်းလှသော ဤရေပြင်ကြီးကို ဗစ်တိုးရီးယားညံစာဟု အမည်ပေးထား၏။ ဗစ်တိုးရီးယားဟူသော စကားမှာ မိမိတို့ဘုရင်မကြီးကို ဂုဏ်ပြုထားသောအမည်ဖြစ်၍ ညံစာမှာ တိုင်းရင်းသားဘာသာဖြင့် ရေအိုင်ဟု အဓိပ္ပာယ်ရ၏။ မီးပုံးပျံကြီးသည် ခပ်သွက်သွက်သွားလျက်ရှိသည်။ အနောက်ဘက်တွင် သူတို့သည် နိမ့်လျှော၍ အထစ်ထစ် ဖြစ်နေသော ရေအိုင်ကြီး၏ကမ်းခြေကိုလည်းကောင်း၊ မြောက်ဘက်ခပ်လှမ်းလှမ်းတွင် ယူဂန်ဒါနှင့် ယူဆိုဂါ ကုန်းပြင်မြင့်များကိုလည်းကောင်း တွေ့မြင်ကြရလေသည်။

"ကျုပ်တို့ လမ်းမှန်ပေါ်ကို ရောက်လာကြပြီ။ ဒီနေ့ နိုင်းမြစ်ကို ကျုပ်တို့တွေ့ရရင်တွေ့ရ၊ မတွေ့ရရင်နောက်ဘယ်တော့မျှတွေ့ကြရတော့မှာမဟုတ်တော့ဘူး" ဟု ဒေါက်တာဖာဂတ်ဆင်က ပြောလိုက်သည်။

မီးပုံးပျံကြီးသည် တစ်နာရီလျှင် မိုင် ၃၀ နီးပါးတိုက်ခတ်နေသောလေနှင့်အတူ လျင်မြန်စွာ ရွေ့လျားလျက်ရှိ၏။ ရေအိုင်ကြီးအတွင်းမှ ရေများကား လေမင်း၏ ပုတ်ခတ်ကျီစယ်မှုကြောင့် သမုဒ္ဒရာရေပြင်ကြီးသဖွယ် လှိုင်းဂယက်များထလျက်ရှိလေသည်။

ဒေါက်တာ- "ဒီရေအိုင်ကြီးရဲ့တည်နေပုံ ကြည့်ရခြင်းအားဖြင့်တော့ ပေါဒီ အာဖရိကတိုက်ကြီးရဲ့အရှေ့ပိုင်းကမြစ်တွေကို သဘာဝအရပျှောက်



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဖျားခံပေးနေကြောင်း ထင်ရှားနေတာပဲ။ နိုင်းမြစ်ဟာလည်း ဧကန်မုချ ဒီမှာပဲ မြစ်ဖျားခံရမယ်လို့ ကျုပ်ယုံကြည်တယ်"

ဒစ် - "ကျုပ်တို့ မကြာခင် မြင်ကြရမှာပဲ"

ရေအိုင်ကြီး၏ နောက်ဆုံးတွင်ကား မြင့်မားသီခေါင်သော အထွတ်ကြီးများနှင့် တောင်ကြီးများသည် မားမားစွင့်စွင့် ရပ်တည်လျက်ရှိကြ၏။ အဆိုပါ တောင်ကြီးများ၏အလယ် မတ်စောက်ကွေ့ဝိုက်သော တောင်ကြားကြီးတစ်ခုအတွင်းတွင် စမ်းချောင်းကလေးတစ်ခုသည် တသွင်သွင် စီးဆင်းလျက်ရှိ၏။ ဒေါက်တာ ဖာဂတ်ဆင်သည် မီးပုံးပျံကြီးကို နေသားတကျဖြစ်စေရန် စီမံရင်း မိမိတို့ရောက်နေသည့်နေရာကို သေချာစွာစေ့စပ်စွာ ကြည့်ရှုလေ့လာလျက်ရှိလေသည်။

ဒေါက်တာ - "ကြည့်လိုက်ကြစမ်း မိတ်ဆွေတို့၊ အာရပ်လူမျိုးတွေရဲ့ ပုံပြင်တွေဟာ မှန်နေပါပြီကောလား။ သူတို့က ယူကီရီဝီးလို့ ခေါ်ကြတဲ့ ရေအိုင်ကနေပြီး မြောက်ဘက်ကို စီးဆင်းသွားတဲ့ မြစ်တစ်စင်းအကြောင်းကို ပြောခဲ့ကြတယ်။ ခုကျုပ်တို့ဟာ ဒီမြစ်ပေါ်မှာရောက်နေကြပြီး ဒီလမ်းအတိုင်းပဲ မြစ်ကလည်း စီးဆင်းနေတာပဲ။ စီးတဲ့အရှိန်ဟာလည်း ကျုပ်တို့လောက်ပဲ မြန်တယ်။ ကျုပ်တို့ခြေဖဝါးအောက်က ရေတွေအားလုံးဟာ မြေထဲပင်လယ်ရှိတဲ့နေရာကို ဒလဟော ဆင်းနေကြတာပဲ။ ဧကန္တ ဒါဟာ နိုင်းမြစ်ကြီးပဲဗျို့"

ဒစ်က ဒေါက်တာ၏လက်ကို စိတ်အားကြီးစွာဖြင့် ဖမ်းဆုပ်ရင်း "ဟုတ်တယ်၊ ဒါဟာ နိုင်းမြစ်ပဲ" ဟု ပြန်အော်လိုက်သည်။ ဂျိုးကမူ သူ နစ်သက်သဘောကျသည့်အခါ၌ အော်လေ့ရှိသည့်အတိုင်း ဟူးရေး ဟု အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသိနည်းပါးလှသော အဆိုပါမြစ်အတွင်း၌ ကျောက်တုံးကြီးများသည် နေရာအနှံ့အပြားပိတ်ဆို့လျက်ရှိကြသဖြင့် ရေများနှင့် ရေတံခွန်ပေါင်းများစွာကို ဖြစ်စေကာ အဟုန်ပြင်းစွာဖြင့် စီးဆင်းလျက်ရှိကြ၏။ ဘေးပတ်လည်ရှိတောင်ကြီးများပေါ်မှ မရေမတွက်နိုင်သော တောင်ကျစမ်းချောင်းကလေးများသည်လည်း ဖြူဖွေးသော အပ်ချည်မျှင်ကလေးများသဖွယ် အနှံ့အပြားရှိနေကြလျက် မူလမြစ်ဖျားချောင်းမကြီးမှာ စီးဝင်လာကြသောအဆိုပါ စမ်းချောင်းကလေးများနှင့် တဖြည်းဖြည်းပူးမိပြီးလျှင် နောက်ဆုံး၌ မြစ်ကြီးတစ်စင်းအဖြစ်ဖြင့် အောက်သို့ စီးဆင်းသွားလေတော့၏။

တောင်များကို လွှမ်းသွားသောအခါ နှမ်းပင်များ၊ အားလူးများနှင့် ကြံပင်များစိုက်ပျိုးထားသော လယ်ကွင်းကြီးများ ဝိုင်းရံလျက် ရှိသော ရွာပေါင်းများစွာရှိလေသည်။ ယင်းမြေပြန့်၌ နေထိုင်သည့် တိုင်းရင်းသားများအပေါ်၌ နတ်များအဖြစ်ဖြင့် မယူဆကြဘဲ ပြင်ပမှလူစိမ်းဧည့်သည်များအနေနှင့် လက်သီးလက်မောင်းတန်းကာ ဒေါသမာန်ပွားလျက်ရှိကြလေသည်။

ဒစ် - "ဒီနေရာ ဆင်းဖို့တော့ အခက်သားပဲ"

ဒေါက်တာ - "နို့ပေမဲ့ ဘာပဲဖြစ်ဖြစ် ၁၅ မိနစ်လောက်တော့ ကျုပ်ဆင်းရလိမ့်မယ်။ နို့မဟုတ်ရင် ကျုပ်တို့ ခရီးစဉ်ရဲ့ လမ်းကြောင်းမှန်မမှန်ကို ကျုပ် သိနိုင်မှာမဟုတ်ဘူး။ ကျုပ်တို့ဟာ ဂွန်ဒိုးကိုးရိုးဆိုတဲ့နေရာက မိုင် ၉၀ လောက် ဝေးပြီး မြောက်အရပ်ကကုန်သည်တွေရောက်တဲ့နေရာနဲ့ ၅ မိုင်လောက်ပဲ ရှိတော့တယ်။ အခုဆင်းကြမှပဲ။ သတိအတော်ထားကြရလိမ့်မယ်ဗျို့"

ဗိတိုရိယကို ပေ ၂၀၀၀ ကျော်မျှ အောက်သို့ လျှောချပြီးသောအခါ ဒေါက်တာသည် သူ၏မှန်ပြောင်းနှင့် မြစ်လယ်တွင်ရှိသော ကျွန်းကလေးတစ်ကျွန်းကို စိတ်အားထက်သန်စွာဖြင့် စူးစိုက်ကြည့်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် "ဟိုအောက်က သစ်ပင်လေးပင်ကို ခင်ဗျားတို့ မြင်ကြရဲ့လား" ဟု အော်ပြောလေသည်။ သူပြောသည့်အတိုင်းပင် သစ်ပင်ကြီးလေးပင်ကို ကျွန်းအလယ်၌ထင်ရှားစွာ လှမ်းမြင်ရလေသည်။

ဒေါက်တာက ဆက်လက်၍ "ဒါဟာ ဘင်ဂေါကျွန်းအမှန်ပဲ"

ဒစ် - "ဒီတော့ ဘာလုပ်မလဲ"

ဒေါက်တာ - "အားလုံး အဆင်ပြေနေလေတော့ အဲဒီနေရာကိုပဲ ကျုပ်တို့ ဆင်းကြရမှာပေါ့"

ဂျိုး - "နို့ပေမဲ့ ဒီမှာ လူနေတယ်ထင်တယ်သခင်"

ဒစ် - "မင်းထင်တာမလွဲဘူး ဂျိုး။ ငါ့အထင်လည်းမလွဲဘူးဆိုတော့ဟော ဟိုမှာ စုနေကြတဲ့ တိုင်းရင်းသားတွေဟာ ၂၀ လောက်ရှိမှာပဲ"

ဒေါက်တာ - "သူတို့ကို ကျုပ်တို့ပြေးအောင်လုပ်ကြရမှာပေါ့။ ဒီကိစ္စဟာ သိပ်ပြီး ခဲယဉ်းမယ့်ကိစ္စ ဟုတ်မယ်မထင်ပါဘူး"

ဒစ် - "ဒီလိုဆို ကောင်းပေါ့ဗျာ"

ဝိတိုရိယကြီးသည် မြေပြင်နှင့် နီးကပ်လာသောအခါ နေမွန်းတည့်လျက်ရှိနေလေပြီ။ ဖကူးအား လူမျိုးစုများဖြစ်သော နီးဂရိုးများသည် စူးစူးဝါးဝါးအော်ဟစ်ကြလေသည်။ လူရိုင်းတစ်ယောက်သည် ငှက်နှုတ်သီးခေါင်းစွပ်ကြီးကို ဝှေ့ယမ်းပြသဖြင့် ဒစ်သည် သေနတ်နှင့်ချိန်၍ လှမ်းပစ်လိုက်ရာ လူရိုင်းခေါင်းစွပ်ကြီးသည် အစိတ်စိတ်အမြွာမြွာ ကွဲ၍ လွင့်စဉ်ထွက်သွားလေတော့၏။ ထိုအခါ တစ်ပြိုင်တည်း စုရုံး၍ အော်လိုက်သောအသံများထွက်ပေါ်လာပြီးနောက် လူရိုင်းများသည် တစ်ဖက်ကမ်းသို့ သေပြေးရှင်ပြေးကူးသွားကြလေသည်။ ထို့နောက် ကမ်းနစ်ဖက်စလုံးမှ ကျည်ဆန်မိုးနှင့်မြားတံများပါ မိုးရွာသကဲ့သို့ ပျံကျလာကြသော်လည်း ကျောက်ဆူးကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



တုံး၏ပတ်ကြားအက်ထဲသို့ သံချိတ်ဖြင့် ချိတ်တွယ်မိနေသော စီးပုံးပျံကြီးကိုကား မည်သို့မျှမထိနိုက်ဘဲ နေလေ၏။

ဂျိုးသည် မြေပြင်ပေါ်သို့ကြိုးဖြင့် လျှောဆင်းသွားလေသည်။

ဒေါက်တာ- "ကြိုးလှေကားချပျို့ကိုင်း၊ ဒစ် ကျုပ်နောက်က ဆင်းလိုက်ခဲ့ပေတော့"

ဒစ်- "ခင်ဗျားဘာလုပ်မလို့လဲ"

ဒေါက်တာ- "ဆင်းရမယ်လေ၊ ကျုပ်သက်သေတစ်ယောက် လိုချင်တယ်"

ဒစ်- "ကိုင်း ဒါဖြင့် လိုက်ခဲ့ပါပြီဗျာ"

ဒေါက်တာ- "ဂျိုး၊ မင်းက စောင့်နေဟေ့"

ဂျိုး- "ကောင်းပါပြီသခင်၊ ကျွန်တော် အားလုံးအတွက် တာဝန်ယူပါ့မယ်"

မြေပြင်သို့ရောက်သောအခါ ဒေါက်တာက "ကိုင်းလာဗျို့ ဒစ်" ဟု ခေါ်ကာ ကျွန်းတစ်ဖက်စွန်းတွင် ထွက်ပေါ်နေသော ကျောက်တုံးကြီးရှိရာသို့ ခေါ်သွားလေ၏။ သူသည်ထိုနေရာ၌ လက်ဖျားပေါက်ပြဲ၍ သွေးထွက်သည့် တိုင်အောင် တစ်စုံတစ်ရာကို အတန်ကြာရှာဖွေပြီးနောက်မှ ဒစ်၏ လက်မောင်းကို ဆုပ်ကိုင်လျက် "ဟိုမှာ ကြည့်စမ်း ကြည့်စမ်း" ဟု အော်လိုက်လေသည်။

(ဒစ်က အံ့အားသင့်သည့်အသံဖြင့်) "အလို စာတွေပါကလား"

ကျောက်တုံးပေါ်၌ ထင်ရှားစွာ ထွင်းထုထားသော စာ ၂ လုံးကို ချက်ချင်း ထင်ထင် တွေ့မြင်ရသည်ကား အမှန်ပင် ဖြစ်ပေမည်။ အေ ဒီ ဟူ၍ ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



စွာ တွေ့မြင်ရသော စာလုံးများမှာ တစ်စုံတစ်ရာ မှားယွင်းရန် အကြောင်း မရှိချေ။

ဒေါက်တာ - "အေဒီဆိုတာ ဆယ်စုနှစ်တွေကိုလိုက်ရှာကြရင်း နိုင်းမြစ်ကြောင်းအလိုက် ပင်လယ်ကနေပြီး အဝေးဆုံးနေရာကို ရောက်လာတဲ့ ခါတွမ်မြို့က ဆင်စွယ်တုန်သည်ကြီး အင်ဒရီယာဒီဘိုးနီးရဲ့နာမည်အတို ကောက်ပေါ့"

အစ် - "ဒါကတော့ မလွဲနိုင်တဲ့ သက်သေခံကြီးပါပဲ မိတ်ဆွေကြီး ဆင်မြူ ရယ်"

"ခင်ဗျားစိတ်ထဲမှာ ရှုရှင်းသွားပြီလား"

"ရှင်းသွားပါပြီဗျာ။ ဒါနိုင်းမြစ်ဆိုတာ ယုံမှားစရာ မလိုတော့ပါဘူး"

ဒေါက်တာသည် သူလိုက်လံရှာဖွေခဲ့ရသည့် အဖိုးတန်လှသော အမှတ်အသားများကို နောက်ဆုံးတစ်ကြိမ်လှမ်း၍ကြည့်လိုက်ပြီးနောက် -

"ကိုင်း၊ မီးပုံးပျံဆီပြန်ကြစို့။ ဂရုတစိုက်လည်း ကြည့်ကြဗျို့။ ဟိုကောင်တွေက ဒီဘက်ကို ကူးလာကြမလို့ ဟန်ပြင်နေကြတယ်"

၁၀ မိနစ်မျှ ကြာသောအခါ ဗိတိုရိယကြီးသည် လေထဲသို့ တစ်ဖန်ဝင့်ကြွားစွာ ပျံတက်လျက်ရှိလေရာ ဒေါက်တာသည် အောင်မြင်သော သူ၏ အထိမ်းအမှတ်အဖြစ်ဖြင့် ပုခက်ထဲမှ ယူနီယံဂျက် အလံကြီးကို ဝှေ့ယမ်းလိုက်လေသည်။

❖ ❖ ❖

ဗိတိုရိယသည် တဖြည်းဖြည်း နိုင်းမြစ်မှ ဝေးသွားလေသည်။ မကြာမီ လေသည် ပြင်းထန်လာ၍ ညဥ့်၏အမှောင်ထုကြီးကလည်း ဖုံးလွှမ်း၍လာသည်။ သို့နှင့် ဒေါက်တာလည်း ရောက်ရှိရာ အရပ်ဒေသကို မှန်း၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com


ရှု၍ မဖြစ်နိုင်တော့ဘဲ သစ်ပင်ကြီးတစ်ပင်တွင်သာ ကျောက်ချရပ်နားရ လေသည်။ ဒေါက်တာဖာဂတ်ဆင်က ထုံးစံအတိုင်း ၉ နာရီက စတင် တင်း စောင့်ခြင်းပြုလျက် သန်းခေါင်ယံတွင် ဒစ်က သူနှင့် လူချင်းလဲလေသည်။

"သတိထားပြီး စောင့်စမ်းပါ ဒစ်ရေ၊ သတိကြပ်ကြပ် ထားစမ်းပါနော်"

"ထူးခြားတာ တစ်ခုခုရှိနေလို့လား ဆင်မြူရယ်"

"မရှိပါဘူး။ နို့ပေမဲ့ ကျုပ်တို့အောက်မှ ထူးဆန်းတဲ့အသံတချို့ကြားရ သလိုလို ထင်မိလို့ ကျုပ်တို့ကို လေက ဘယ်အရပ်ထိရောက်အောင် သယ် လာတယ်ဆိုတာ သေသေချာချာ ကျုပ်မသိသေးဘူး။ ဒီတော့ ကျုပ်တို့ သိပ် ပြီးစိတ်ချနေလို့ မဖြစ်ဘူး"

ဒစ်သည် ပုခက် ပေါင်ပေါ်တွင် တံတောင်ဆစ်နှင့် ထောက်ရင်း မှောင် ထဲသို့ စိုက်ကြည့်နေလေသည်။ သို့ကြည့်ရင်းနှင့် ကိုက် ၂၀၀ ခန့်ဝေးသော နေရာတစ်နေရာဆီမှ မီးရောင်ကလေးတစ်ခုသည် တစ်ခါတစ်ရံပေါ်၍လာ လိုက်၊ တစ်ခါတစ်ရံပျောက်၍သွားလိုက်ရှိနေသကဲ့သို့စိတ်ထဲတွင်ထင်မှတ် မိလေသည်။ နောက်ဆုံးတစ်ကြိမ် မီးရောင်ကလေး ပျောက်သွားသည်နှင့် တစ်ပြိုင်နက် စူးရှသော အော်သံတစ်သံသည် တိတ်ဆိတ်ခြင်းကို ဖောက် ထွက်လာလေသည်။ ထိုအသံသည် တောရိုင်းတိရစ္ဆာန်တစ်ကောင်၏ အော်သံပင်လော၊ သို့မဟုတ် ညဥ့်ငှက်တစ်ကောင်၏ အော်သံပင်ဖြစ်လေ သလော၊ သို့မဟုတ် မနုဿလူသားတစ်ယောက်၏ နှုတ်ဖျားမှ အော်သံပင် ဖြစ်လေသလော။

သို့နှင့် သူသည် ညဥ့်ကြည့်မှန်ပြောင်းကိုယူ၍ မှောင်ထဲသို့ စူးစူးစိုက် စိုက်ရှာဖွေကြည့်ရှုလေရာ တစ်ခဏမျှအကြာတွင် မိမိတို့ရှိရာ သစ်ပင်ဆီ သို့ တရွေ့ရွေ့လှုပ်ရှား ချဉ်းကပ်လာနေကြသော မည်းမည်းသတ္တဝါများကို မြင်မိသကဲ့သို့ မြင်ရလေသည်။ ထိုခဏ၌ လရောင်တန်းကလေးတစ်ခု


www.burmeseclassic.com

www.burmeseclassic.com



သည် တိမ်တိုက်များအကြားမှ ထွက်ပြူ၍လာသဖြင့် မှေးမှိန်သောအလင်းရောင်အောက်၌ လူအများ ရွေ့လျားလာနေကြသည်ကို သူသည် ထင်ထင်ရှားရှား တွေ့မြင်ရလေ၏။ သို့နှင့် ဒေါက်တာ့ကို ချက်ချင်းနှိုးလိုက်၏။

ဒစ် – "ရှူး ...စကားတိုးတိုးပြော၊ ဂျိုးနဲ့ ကျုပ်က သစ်ပင်ထဲကို ကြိုးလှေကားနဲ့ ဆင်းပြီးနေကြမယ်"

ဒေါက်တာ – "ဒါဖြင့် ကျုပ်က အရေးရှိရင် မြန်မြန် ထွက်ရအောင် အသင့်လုပ်ထားရမှာပေါ့။ နို့ပေမဲ့ ခင်ဗျားတို့လက်နက်တွေကိုတော့ တကယ့်အရေးမကြုံဘဲ မသုံးကြနဲ့နော်။ ကျုပ်တို့ ဒီအရပ်မှာ ရောက်နေတဲ့ အကြောင်း လူသိသွားလို့ ဘာမျှအကျိုးရှိမှာ မဟုတ်ဘူး"

ဒစ်နှင့် ဂျိုးတို့လည်း အသံမထွက်စေဘဲ သစ်ပင်ရှိရာသို့ လျှောဆင်းသွားကြပြီးနောက် သစ်ကိုင်းများအကြားတွင် နေရာအသီးသီးယူကာ ပုန်းအောင်းလျက် မလှုပ်မယှက် နားစိုက်၍ထောင်နေကြရာ မကြာမီ သစ်ခေါက်ကို တစ်စုံတစ်ခုနှင့် ပွတ်တိုက်သော အသံတစ်သံကို ကြားရသဖြင့် ဂျိုးသည် ဒစ်၏လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်လေသည်။

လူရိုင်းများသည် သစ်ပင်ပေါ်သို့ အမှန်ပင် တက်လျက်ရှိနေကြလေပြီ။ သူတို့သည် လေးဖက်လေးတန် သစ်ကိုင်းများပေါ်မှ မြွေများကဲ့သို့တွားလျက် တရွေ့ရွေ့ချဉ်းကပ်လာနေကြကြောင်း ထင်ရှားပုံမှာ သူတို့၏ကိုယ်များတွင် လိမ်းကျံလေ့ရှိသည့် စူးရှပြင်းထန်သော အမဲဆီနံ့များကို ရရှိသောကြောင့် ဖြစ်လေသည်။ နောက်တစ်ခဏ၌ သူတို့ရောက်နေကြသော သစ်ကိုင်းနှင့် တပြေးတည်း လူရိုင်းများ၏ခေါင်း ၂ လုံးပေါ်လာသည်ကို တွေ့လိုက်ကြရသည်။

ဒစ် – "သတိထားဟေ့၊ ကိုင်းပစ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူ တစ်သံတည်း ထွက်ပေါ်၍လာကြသော ဒစ်နှင့်ဂျူးတို့၏ သေနတ်သံများသည် မိုးခြိမ်းဘိသကဲ့သို့ တစ်တောလုံး ပဲ့တင်ထပ်မျှ မြည်ဟည်း၍သွားလေ၏။ ခဏချင်း၌ပင် လူရိုင်းအုပ်ကြီးသည် ညည်းညူဟစ်အော်ကြရင်း အလျှိုလျှို ပျောက်ကွယ်သွားကြလေ၏။ ယင်းကဲ့သို့ ဖြစ်ပျက်လျက်ရှိကြသည့်အတွင်းမှ အသည်းနှလုံး ထိမိုက်လောက်အောင် သနားဖွယ်ကောင်းသည့် အော်သံတစ်ခု ထွက်ပေါ်လာလေသည်။ ယင်းအသံကား ပြင်သစ်ဘာသာဖြင့် "ကယ်ကြပါဗျို့...ကယ်ကြပါ" ဟု အော်ဟစ်လိုက်သော လူတစ်ယောက်၏ အသံဖြစ်လေသည်။

ဒေါက်တာက သူ၏အဖော်များရှိရာသို့ လှမ်းအော်လျက် -

"ကြားလိုက်ကြရဲ့လား ...ဒါဟာ ကေနက္ကဒီလူရိုင်းတွေရဲ့ လက်ထဲကို ရောက်ပြီး ဒုက္ခတွေ့နေတဲ့ ပြင်သစ်လူမျိုးတစ်ယောက်ရဲ့ အော်သံပဲဗျ။ သူ့ကိုကယ်ဆယ်ဖို့ ကျုပ်တို့အတတ်နိုင်ဆုံး မကြိုးစားရမချင်း ကျုပ်တို့ ဒီနေရာက ထွက်လို့မဖြစ်ဘူး"

ဒစ် - "နို့ပေမဲ့ ဒီနီဂရိုးအရိုင်းကောင်တွေကို ကျုပ်တို့ ဘယ့်နှယ်လုပ်ပြီး မောင်းထုတ်နိုင်ကြမှာလဲ"

"အခု သူတို့ထွက်ပြေးတဲ့နည်းမျိုးအတိုင်း လုပ်ရမှာပေါ့။ ဒီကောင်တွေဟာ သေနတ်လိုလက်နက်မျိုးကို တွေ့ကြုံဖူးဟန် မတူဘူး။ အဲဒီတော့ ဒီလိုကြောက်လန့်ကြတာကိုပဲ ကျုပ်တို့က အခွင့်အရေးယူကြရမှာပေါ့။ ကျုပ်တို့ မီးလင်းအောင် စောင့်ကြမယ်။ ခုလိုမှောင်ကြီးမည်းမည်းထဲမှာ ရမ်းပြီး ဆင်တန်းတောတိုးလုပ်လို့လည်း အကျိုးရှိမှာမဟုတ်ဘူး။ ဒီအတွင်းမှာတော့ ဒီလူလွတ်မြောက်ဖို့ နည်းလမ်းကို ကျုပ်တို့ တိုင်ပင်ဆွေးနွေးကြတာပေါ့"

"တကယ်လို့ ဒီလူကို သူတို့ ခုညသတ်ပစ်ကြမယ်ဆိုရင်ကောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမဖြစ်နိုင်ပါဘူး ...ဘာကြောင့်လဲဆိုတော့ ဒီလူရိုင်းမျိုးတွေက သူတို့ရဲ့ရန်သူကို နေ့ခင်းမှာမှ သတ်လေ့ရှိကြတယ်"

"ဒါဖြင့် ဘာလို့ ခုလိုမှောင်နေတုန်း အခွင့်ကောင်းယူပြီး ဒီလူကို သွားမကာယ်ရတာလဲဗျ။ ဒီလူရိုင်းတွေလည်း ကြောက်သွားကြလို့ တော်တော်နဲ့ ပြန်လာရဲမှာမဟုတ်ဘူး။ ဟိုလူကလည်း ကျုပ်တို့ကို အမျှော်ကြီး မျှော်လင့်ပြီးစောင့်နေရှာမှာပဲ"

"နေဦးလေ ...သူ့ကို ကျုပ်တို့သေချာအောင် လုပ်ကြည့်ဦးမယ်" ဟု ပြောကာဒေါက်တာသည်မှောင်ထဲတွင်မတ်တတ်ရပ်လျက်ပြင်သစ်ဘာသာဖြင့် "ခင်ဗျားဘယ်သူပဲဖြစ်ဖြစ် စိတ်ကိုတင်းပြီးသာနေပါ၊ မိတ်ဆွေ ၃ယောက် ခင်ဗျားကို စောင့်ရှောက်နေကြပါတယ်" ဟု လှမ်းအော်ပြောလိုက်လေသည်။

ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော အုတ်အုတ်ကျက်ကျက် အသံကြီးတစ်ခုကိုသာ ပြန်၍ကြားကြရလေရာ ထိုအသံကြီးသည် အကျဉ်းသမား၏အဖြေကို ဖုံးအုပ်လွှမ်းမိုးသွားဟန် လက္ခဏာရှိ၏။

ဒစ် - "ဖော ဒီလူကို သူတို့သတ်ကြတော့မယ်နဲ့ တူတယ်၊ ကျုပ်တို့ ခုချက်ချင်း ဝင်တိုက်ကြမှဖြစ်မယ်"

ဒေါက်တာ - "ဘယ့်နယ်လုပ်မလဲဒစ်ရယ်၊ ဒီမှောင်ကြီးထဲမှာ ကျုပ်တို့ ဘယ်လိုလုပ်ပြီး တိုက်ရမှာလဲ"

ဂျိုး - "ဒီမှောင်ကြီး ပျောက်ပြီး လင်းလာအောင် လုပ်နိုင်တဲ့ နည်းလမ်း သခင့်မှာ မရှိတော့ဘူးလား"

ဒေါက်တာသည် အတန်ကြာအောင် ငြိမ်သက်၍ လေးလေးနက်နက် စဉ်းစားနေပြီးနောက်မှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် -



www.burmeseclassic.com

www.burmeseclassic.com


"ကိုင်း သေနတ်တွေကို လက်ထဲမှာ အသင့်ကိုင်ထားကြ။ ပစ်စရာတွေ ချင်ဖတွေ့ရလိမ့်မယ်။ ကျိုးက သဲအိတ်ကို ပစ်ချဖို့ တာဝန်ယူရလိမ့်မယ်။ အစ်တာ တော့ အကျဉ်းသမားကို သွားပြီး သယ်ယူခဲ့ရလိမ့်မယ်။ နို့ပေမဲ့ ကျုပ်အမိန့် မပေးမချင်းတော့ ဘာမျှမလုပ်ကြနဲ့ဦး။ ကဲ ကျိုး...အောက်ကိုဆင်း၊ သံချိတ်ကို ဖြုတ်ပြီးတော့ ပုခက်ထဲကို မြန်မြန်ပြန်တက်လာခဲ့"

ကျိုးသည် ကြိုးဖြင့် အောက်သို့ လျှောဆင်းပြီးနောက် တစ်မိနစ်အတွင်း တွင် ပြန်၍ ရောက်လာသည်။ ဒေါက်တာသည် ကြေးနီကြေးနန်းကြိုးနစ် ချောင်း (အဆိုပါကြေးနန်းကြိုးများကား သူမီးဖိုမှ လျှပ်စစ်ဘက်ထရီနှင့် ဆက်သွယ်ရာ၌ အသုံးပြုသော ကြိုးများဖြစ်ကြ၏။) ကိုယူလိုက်၏။ ထို့ နောက် သူ၏ ခရီးသွားလွယ်အိတ်အတွင်းမှ ကျောက်မီးသွေးနစ်ခဲကို ထုတ် ယူလိုက်ပြီးလျှင် နစ်ခဲစလုံး၏ ထိပ်ကိုချွန်ပြီးမှ ကြေးနန်းကြိုးနစ်ချောင်းစီ၏ အဆုံးတွင် ကျောက်မီးသွေးနစ်ခဲကို မြဲမြံစွာ ချည်နှောင်လေသည်။ ယင်း သို့ ပြုလုပ်ပြီးသောအခါ ဒေါက်တာသည် ကျောက်မီးသွေးနစ်ခဲကို လက် တစ်ဖက်စီတွင် ကိုင်ကာ ထိပ်စွန်းနစ်ခုက ပူးကပ်ထားလိုက်လေသည်။

ထိုခဏ၌ မျက်စိကျိန်းလောအောင် ဝင်းခနဲ လက်၍သွားသောအလင်း ချောင်ကြီးတစ်ခု ထွက်ပေါ်လာပြီးနောက် အမှောင်ထုကြီးကို ဝါးမျို၍ သွား လေသည်။ ဒေါက်တာသည် အားကောင်းလှသော အဆိုပါ မီးရောင်ကို အရပ်လေးမျက်နှာသို့ အနှံ့အပြားလှည့်ပတ်၍ ထိုးပြီးလျှင် နောက်ဆုံး၌ အော်သံများကြားရသော နေရာတည့်တည့်ပေါ်တွင် ရပ်၍ ထားလိုက်လေ သည်။ သူ့အဖော်နစ်ယောက်သည် ယင်းနေရာသို့ စိတ်အားထက်သန် သော မျက်လုံးများဖြင့် စူးစိုက်ကြည့်ကြ၏။ ဝိတ်ိုရိယကြီး ရပ်နားနေသော အဓိတ် ပင်ကြီးကား ကွင်းပြင်ကြီးတစ်ခု၏အလယ်တွင် ထီးထီးရပ်တည်


www.burmeseclassic.com

www.burmeseclassic.com



၍ နေ၏။ နမ်းခင်းများနှင့် ကြံခင်းများကြားတွင် များစွာ မမြင့်လှဘဲ ကတော့ကို မှောက်ထားသော သဏ္ဌာန်ရှိကြသည့် ၅၀ ခန့်မျှသော တဲအုပ်ကြီး၏ ပတ်လည်တွင်ကား ပျားပန်းခပ်ဘိသကဲ့သို့ စုဝေးဝိုင်းအုံနေကြသော တိုင်းရင်းသားယောကျ်ားများနှင့် မိန်းမအုပ်ကြီး တစ်အုပ်ကို အထင်းသား မြင်ကြရလေသည်။

မီးပုံးပျံကြီး၏ အောက် ကိုက် ၁၀၀ ခန့်ဝေးသော နေရာ၌မူ မြေပေါ်၌ တိုင်တစ်တိုင်စိုက်ကာ ထိုတိုင်ခြေရင်းတွင် မည်းနက်သော ဆံပင်နှင့် အသက် ၃၀ ခန့်ရှိသော လူရွယ်တစ်ယောက်သည် ချွေလဲလျက်ရှိလေသည်။ ထိုသူတွင် ကိုယ်တစ်ပိုင်းမျှသာ အဝတ်ကပ်တော့လျက် ပိန်လှီ ဖျော့တော့ ပြီးလျှင် တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်ကာ သွေးသံရဲရဲဖြင့် ဦးခေါင်း ငိုက်စိုက်ဖြစ်၍ နေလေသည်။

ဂျိုး - “အလို . . . ဘုန်းကြီး တစ်ပါးဖြစ်နေပါကလား။ ဒါသာသနာပြု ဘုန်းကြီးတစ်ပါးပဲ”

ဒေါက်တာ - “ဒီလူကို ကျုပ်တို့ ကယ်ကြမယ်”

လူရိုင်းအုပ်ကြီးကား အလင်းရောင် အမြီးတန်းကြီးပါသော ကြယ်တံခွန်ကြီးတစ်ခုဟု ယူဆကာ ထိတ်လန့်ကြောက်ရွံ့လျက် ရှိကြကုန်၏။ သို့နှင့် ဒေါက်တာက သူ၏စူးရှသော မီးရောင်ကြီးကို လူအုပ်ဘက်သို့လှည့်၍ ထိုးလိုက်သောအခါ လူအုပ်ကြီးသည် အကာအကွယ်ရရှိရန် တဲများအတွင်းသို့ အလန့်တကြား ဝင်ရောက် ပုန်းအောင်းကြလေသည်။

ထိုအခိုက်တွင် မီးပုံးပျံ၏ ပခက်ကြီးသည် မြေကြီးနှင့် လာရောက်ထိကပ်နေပြီဖြစ်ရာ ဒစ်လည်း ဘုန်းကြီးအား လက်နှစ်ဖက်နှင့် ပွေ့၍ ဖွေ့ယူပြီးလျှင် ပခက်ထဲသို့ ထည့်လိုက်လေသည်။ ယင်းသို့ ပြုလုပ်သည်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တည်း ဂျိုးက ပေါင် ၂၀ လေးသော သဲအိတ်များကို အပြင်သို့ ပစ်ချလိုက်လေသည်။

ရုတ်တရက် မီးပုံးပျံကြီးသည် မြေပြင်မှ ခုန်၍ တက်သွားလေရာ တစ်ခဏချင်း၌ ပေ ၁၀၀၀ ခန့် အမြင့်သို့ ရောက်သွားတော့၏။ ဒေါက်တာသည် ကြေးနန်းကြိုးနှစ်ချောင်းကို ခွဲလိုက်ရာ မြေပြင်ကြီးသည် မှောင်ကျမြုံကျ၍ သွားလေ၏။ အချိန်ကား နံနက် ၁ နာရီထိုးလေပြီ။

ပုခက်ထဲသို့ ရွေ့ယူလာစဉ်က မြောမေ့၍ သတိလစ်နေသော ပြင်သစ်ဘုန်းကြီးသည် နောက်ဆုံး၌ သတိရလာပြီး မျက်လုံးများကို ဖွင့်ကြည့်လေသည်။ ဒေါက်တာဖာဂတ်ဆင်သည် ထိုသူ၏ ကိုယ်ပေါ်သို့ငုံ့ကာ ကြင်နာသောအသံဖြင့် "မိတ်ဆွေ ခင်ဗျား လွတ်လာပါပြီ" ဟု ပြောဆိုနှစ်သိမ့်လိုက်ရာတွင် ထိုသူက ဝမ်းနည်းဟန်ဖြင့် ပြုံးလျက် "လွတ်လာပြီပေါ့လေ၊ ကျေးဇူးတင်ပါတယ် နောင်တော်တို့ရယ်။ နို့ပေမဲ့ ကျွန်တော့်အချိန်ကစေ့နေပြီဗျ။ အချိန်တွင် မဟုတ်ပါဘူး။ နာရီစေ့နေပါပြီ။ ကျွန်တော့်မှာ အသက်ရှင်ပြီးနေရဖို့ရာ အချိန်နည်းနည်းပဲရှိတော့သည်" ဟုပြော၍ စကားမဆုံးမီ သာသနာ့ဝန်ထမ်းမှုးခများမှာ အလွန်အမင်းလှုပ်ရှားမှုကြောင့် ပြန်၍ သတိမေ့သွားရှာလေ၏။

ဟင်းရွက်ပြုတ်ကဲ့သို့ ပျော့ခွေနေသော သူ၏ကိုယ်ကို သူတို့သည် စောင်ကြမ်းများပေါ်တွင် ချ၍ သိပ်ထားကြပြီးလျှင် ဒေါက်တာသည် သွေးထွက်လျက်ရှိသေးသော ဒဏ်ရာများကို ဆေးကြောသုတ်သင်၍ လက်ကိုင်ပဝါများကို ဆုတ်ဖြဲကာ ပတ်တီးအဖြစ်ဖြင့် သေချာစွာ စည်းနှောင်ပေး၏။ ထို့နောက် သူ၏ ဆေးသေတ္တာထဲမှ အားဆေးပုလင်းကိုယူကာ လူနာ၏ခံတွင်းသို့ လေးငါးစက် လောင်းထည့်လေသည်။ ဖော်ပြခဲ့သည့်အရာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတို့ကို သူသည် ဆရာဝန်တစ်ယောက်၏ ကျင်လည်ခြင်းဖြင့် လည်းကောင်း၊ သူနာပြုဆရာတစ်ယောက်၏ နူးညံ့သိမ်မွေ့ခြင်းဖြင့် လည်းကောင်း ပြုစုလုပ်ကိုင်ပေးလေသည်။ သတိပြန်ရလာသော လူနာသည် "ကျေးဇူးတင်ပါတင်ဗျာ။ ကျေးဇူးတင်ပါတယ်" ဟု အနိုင်နိုင်အားခဲ၍ ပြန်ပြောရှာလေသည်။

အားနည်းလှသောအသံဖြင့် ပြတ်တောင်းပြတ်တောင်း ပြောဆိုလျက်ရှိသော လူနာ့ထံမှ စကားများကို ဆက်စပ်ခြင်းဖြင့် ဒေါက်တာသည် သူ၏ ဇာတ်လမ်းကို အောက်ပါအတိုင်း သိရှိရလေသည်။

ဒေါက်တာ - "ခင်ဗျား ဘာသာရင်းနဲ့ပဲ ပြန်ပြောပါ။ ကျုပ်ပြင်သစ်စကား နားလည်ပါတယ်။ အဲဒီလိုဆိုရင် အင်္ဂလိပ်လို ပြောတာထက် ခင်ဗျားအဖို့ သက်သာပါလိမ့်မယ်"

ထိုသာသနာ့ ဝန်ထမ်းပုဂ္ဂိုလ်ကား ဘရစ်တန်နီ တောင်ပိုင်းနယ်တွင်ရှိသည့် အာရာဒွန် ခေါ်ရွာကလေးမှ ရှိမင်ကက်သလစ်ဂိုဏ်းဝင် ဘုန်းကြီးတစ်ပါး ဖြစ်ပေသည်။ သာသနာရေးတွင် အသက်ပေး၍ ထမ်းဆောင်လိုသောကြောင့် စိန့်ဗင်းဆင့်ဒီပေါလ် အမည်ရှိ ရဟန်းတော်မြတ်တစ်ပါး စတင်ဖွဲ့စည်းခဲ့သည့် သာသနာပြုအဖွဲ့ကြီးသို့ ဝင်ရောက်ကာ အသက် ၂၀ အရွယ်တွင် နေရင်းရပ်ရွာမှ အာဖရိကတိုက်သို့ ထွက်ခွာလာခဲ့လေသည်။ ထို့နောက် အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှန်၍ နိုင်းမြစ်အထက်ပိုင်းတွင် နေထိုင်လျက်ရှိကြသော လူမျိုးစုများ၏ အလယ်သို့ရောက်အောင် တဖြည်းဖြည်း ခြေကျင်လာခဲ့၏။ တိုင်းရင်းသားများကား သူ၏ ကြင်နာသော စိတ်နှလုံးနှင့်တကွ သူ၏ဘာသာအယူဝါဒကို အလျှင်းပင် ဂရုမပြုကြသည့်အပြင် ဤနယ်အတွင်းမှ အဆိုးဝါးအရက်စက်ဆုံးသော လူ့ရိုင်းတစ်စု၏ အကျဉ်းသားတစ်ယောက် အဖြစ်ဖြင့် ၂ နှစ်တိုင်တိုင် ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှောင်ထားကာ နှိပ်စက်ညှဉ်းဆဲခြင်းကိုလည်း ခံရသေး၏။ သို့ဖြစ်သည့်တိုင်အောင် သူသည် စိတ်ပျက်အားလျော့ခြင်းမရှိ။ အကျိုးအကြောင်းအမျိုးမျိုးတို့ကို နားဝင်အောင် ရှင်းလင်းပြသရင်းဖွဲ့ကောင်းကောင်းနှင့် ဆက်လက်ပဟောပြောမြဲ ပဟောပြောလျက်ရှိလေ၏။ နောက်ဆုံး ထိုဒေသ၌ဖြစ်လေ့ရှိသော စစ်ပွဲတစ်ပွဲအပြီးတွင် လူရိုင်းအုပ်စုလည်း ကွဲပြို၍ သွားကြပြီးလျှင် သူ့အားလည်း သေပြီဟု ထားကာ စွန့်ပစ်ခဲ့ကြ၏။ သို့သော် သူသည် ပြန်လည် ကျန်းမာလာပြီးလျှင် သူ၏ သာသနာရေးလုပ်ငန်းကို ဆက်လက်လုပ်မြဲလုပ်ကိုင်လျက်ရှိလေ၏။

နောက်ထက် ၂ နှစ်မျှ ဤအရိုင်းအစိုင်းနယ်များထဲတွင် လှည့်ပတ်သွားလာခဲ့သေး၏။ သို့နှင့် သူသည် အထက်က ဖော်ပြခဲ့သည့် နီယမ် နီယမ် (အာဖရိကတိုက်အလယ်ပိုင်းတွင် နေထိုင်လျက် ယခု ဘန်ဒါဟု ခေါ်သည်) ခေါ် အတွင်းအရပ်ဒေသ၌ အရိုင်းဆုံးသော လူမျိုးများနှင့် တစ်နှစ်ကြာမျှ အတူနေထိုင်လျက်ရှိစဉ် ရက်များမကြာမီက ဘုရင်ဖြစ်သူ ရုတ်တရက် သေဆုံးသွားရာ ထိုသူများက သာသနာပြုဘုန်းကြီးကြောင့် သူတို့၏ဘုရင် သေဆုံးရသည်ဟု စွပ်စွဲကာ သူ့အား ဖမ်း၍သတ်ရန် ကြံစည်ခဲ့ကြလေသည်။ နာရီပေါင်း ၄၀ တိုင်တိုင် သူ့အား နည်းမျိုးစုံဖြင့် ညှဉ်းပန်းကြပြီးလျှင် ဓါက်တာဖာဂတ်ဆင် ယူဆသည့်အတိုင်း နေ့အချိန်ရောက်က ယဇ်နတ်ပူဇော်ရန် ရည်ရွယ်ထားပြီဖြစ်လေသည်။

ထို့နောက် ထိုသူက ဆက်လက်၍ "ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တော်မသေခင် မိတ်ဆွေကောင်းရဲ့လက်ကိုလည်း ဆုပ်ကိုင်သွားခွင့်ရတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ မိရိုးဖလာဘာသာစကားကိုလည်း တစ်ကြိမ်ထပ်ပြီး ကြားသွားရလို့ ကျွန်တော့်အသက်ဆုံးရှုံးရမှာကို ဝမ်းနည်းမိပါဘူး" ဟု ပြောရာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညည်းသံဖြင့် ဆက်လက်၍ "မိတ်ဆွေချစ်ကြီးတို့၊ ကျွန်တော်သွားရတော့မယ်။ ခင်ဗျားတို့ကို ဘုရားသခင် ကောင်းချီးပေးပါစေဗျာ။ ကိုယ့်ရပ်ကိုယ့်ရွာကိုလည်း ကျန်းမာချမ်းသာစွာ ရောက်အောင် ဆောင်ကြဉ်းပေးပါစေ။ ကဲကဲ...ကျွန်တော့်ကိုဒူးပေါ်မှာထိုင်နိုင်အောင် တစ်ဆိတ်လောက် ထူပြီးပေးကြစမ်းပါဦး နောင်ကြီးတို့ရယ်"

သူ၏မျက်နှာသည်အရောင်တောက်၍လာသည်။ ယခုမှတွေ့ရှိရသော သူ၏မိတ်ဆွေများအတွက် နောက်ဆုံး ဆုတောင်းခြင်းကို ပြုပြီးနောက် သူသည် ဒစ်၏လက်ထဲသို့ လဲကျကာ အသက်ပျောက်၍ သွားရှာလေ၏။

ဖာဂတ်ဆင် - "နက်ဖြန်ကျရင် သူ့သွေးနဲ့ ဖျန်းခဲ့တဲ့ ဒီအာဖရိကမြေထဲမှာပဲ ကျုပ်တို့ သူ့ကိုမြှုပ်ကြရလိမ့်မယ်"

ကျန်ရှိသော ညဥ့်အချိန်တွင် စကားတစ်ခွန်းမျှ မပြောကြဘဲ ဒစ်နှင့် ဒေါက်တာ၊ ဂျိုးတို့သည် အလောင်းကို အလှည့်ကျစောင့်၍ သွားကြလေသည်။

နောက်တစ်နေ့နံနက်တွင် သူတို့သည် သာသနာ့ဝန်ထမ်း သူတော်စင်၏ကျန်ရှိသော ရုပ်ကလာပ်ကို မြေတွင်းနက်နက်တစ်ခုတူးကာ မြှုပ်နှံခြင်းပြုကြပြီးလျှင် အပေါ်မှာ သချိုင်းရာအဖြစ်ဖြင့် ကျောက်တုံးများကို ပုံခဲ့ကြလေသည်။ သူ့အား မြှုပ်နှံသောနေရာမှာ ယခု ကွန်ဂို ဟု ခေါ်သော နယ်စပ်နှင့် များစွာမဝေးလှသော ၂၂ ဒီဂရီ ၂၃ လက်မ အရှေ့လောင်ဂျီတွဒ်နှင့် ၄ ဒီဂရီ ၅၅ လက်မ မြောက်လတ္တီတွဒ် အကြားတွင်ဖြစ်လေသည်။

ဝမ်းနည်းဖွယ်ကောင်းသော ဤလုပ်ငန်းကို ပြုလုပ်ဆောင်ရွက်ကြပြီးနောက် ဒေါက်တာသည် အတွေးနက်၍နေဟန်ဖြင့် အတန်ကြာအောင် မလှုပ်မယှက်ရှိနေလေသည်။ နေပြင်းလွန်းသဖြင့် ရွက်ထည်တဲထဲသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကာ အရိပ်ရိပ်ရှိနေရန် သူ့အဖော်များက ပြောကြားနေသည်ကိုလည်း သူ ကြားဟန်မတူချေ။

ဒစ် - "ဘာတွေများ စဉ်းစားနေတာလဲ ဆင်မြူယယ်"

ယယ် - "မရည်ရွယ်ဘဲနဲ့ ထူးထူးခြားခြားလာပြီး တိုက်ဆိုင်နေတဲ့ သဘာဝကို စဉ်းစားနေတာပါ။ ဒီဒုက္ခသည် သူတော်ကောင်းကလေးကို မြှုပ်တဲ့နေရာဟာ ဘယ်လိုမြေမျိုးလဲဆိုတာ ခင်ဗျားသိရဲ့လား"

ဒစ် - "ဘာကို ခင်ဗျားဆိုလိုတာလဲ ဆင်မြူယယ်"

ယယ် - "အင်း ...ကိုယ်ကျိုးကိုစွန့်ပြီး ဆင်းဆင်းရဲရဲနဲ့ နေသွားခဲ့တဲ့ ဟောဒီဘုန်းကြီး ...ခေါင်းချတဲ့နေရာဟာ ရွှေတွင်းကြီးတစ်တွင်းပေါ့ဗျာ"

ဒစ်နှင့် ဂျိုးတို့က ပြိုင်တူ "ရွှေတွင်းကြီးတစ်တွင်း"

(ဒေါက်တာက အေးဆေးသောအသံဖြင့်) "ဟုတ်တယ် ရွှေတွင်းပေါ့။ လုံးလုံး အဖိုးမတန်သလို ခင်ဗျားတို့က ကန်ပစ်နေကြတဲ့ ဟောဒီကျောက်တုံးတွေဟာ စင်စစ်မှာတော့ အရည်အကောင်းဆုံးပါတဲ့ ရွှေသတ္တုကြော တွေပေါ့"

ဂျိုး - "မဖြစ်နိုင်ဘူးသခင်၊ မဖြစ်နိုင်ဘူး"

ဒေါက်တာ - "ဖြစ်နိုင်တယ်ဂျိုး။ ဒါဟာ စင်စစ်တော့ ရတနာဂေဟာ ကြီးတစ်ခုပဲ။ ဒီအထဲမှာ သဘာဝဆိုတဲ့ မိခင်ကြီးက သူ့ရဲ့စည်းစိမ်တွေကို အနှစ်နှစ်အလလ စုပုံလာခဲ့တယ်။ တိုင်းပြည်တွေအားလုံးကို ကြွယ်ဝစေနိုင်တဲ့ ရွှေတွေဟာ ဒီမှာ အလုံအလောက်ရှိတယ်"

ထို့နောက် သနားဖွယ်ကောင်းသော ပြင်သစ်ဘုန်းကြီး၏ မြှုပ်နှံရာ နေရာကို နောက်ဆုံးအနေဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ပုခက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာသို့ ပြန်လာခဲ့လေရာ ဒစ်နှင့် ဂျိုးတို့လည်း သူ့နောက်မှလိုက်၍ လာကြလေ၏။

❖ ❖ ❖

ဒေါက်တာဖာဂတ်ဆင်၏ စိတ်ထဲသို့ အရေးကြီးသော အတွေးတစ်ခု ဝင်ရောက်စပြုလာသည်။ ဂျိုးသည် ရွှေပါသောကျောက်ခဲများကို အတော်များများ စုဆောင်းယူဆောင်လာခဲ့သည်။ ဒေါက်တာကမူ ထိုရွှေများကို ရေနှင့်သာ လဲရမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ လဲလှယ်မည်ဖြစ်လေသည်။ သို့ရာတွင် ယခုရောက်ရှိနေကြသော နေရာကဲ့သို့ သွေ့ခြောက်လှသော ကန္တာရထဲ၌ သူ၏အလိုဆန္ဒ ပြည့်ဝရန်ကား ခဲယဉ်းလှပေ၏။ သို့ဖြစ်၍ ဒေါက်တာသည်သူတို့၏ရေရိက္ခာကို ပြန်လည်ဖြည့်တင်းနိုင်ရန် ပထမဆုံးသော အခွင့်အရေးကို ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

မီးဖို၏အပူရှိန်ကို တိုးပေးလိုက်သဖြင့် ဗိတိုရိယသည် ဘေးပတ်လည်ရှိတောင်ထိပ်များကို ထင်ရှားစွာ မြင်နိုင်လောက်သည့် အမြင့်သို့ တက်သွားလေသည်။ ညနေခင်းအချိန်သို့ရောက်သောအခါ သူတို့သည် အနောက်ဘက်သို့ မိုင် ၉၀ ခန့်ခရီးပေါက်ခဲ့ကြပြီးလျှင် ဇန်ဇီဘားနှင့် တဖြောင့်တည်းတိုင်းထွာကြည့်သော် မိုင် ၁၄၀၀ မျှ ခရီးပေါက်ခဲ့လေပြီ။

ဒေါက်တာ – "ကျုပ်တို့ သိပ်ပြီး ခရီးမတွင်လှဘူးဗျ။ ကျုပ်တွက်ထားတဲ့အတိုင်းသာမှန်ရင်တော့ ကျုပ်တို့ဟာ ၁၀ ရက်အတွင်းမှာ ခရီးတစ်ဝက် ပေါက်ကြရမှာပဲ။ နို့ပေမဲ့ ခုလိုပုံမျိုးနဲ့ ခရီးသွားနေကြရရင်တော့ လပေါင်းအတော်ကြာမှပဲ ခရီးအဆုံးကို ရောက်ကြရလိမ့်မယ်။ အဲဒီအဆိုးဆုံးအတော့ မကြာခင် ရေပြတ်မယ့်အခြေသို့ ရောက်တော့မှာဟာ အဆိုးဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒစ် – "နို့ပေမဲ့ ရေတော့ ကျုပ်တို့ တွေ့ကြရဦးမှာပေါ့ဗျ။ ဒီလောက် ကျယ်ဝန်းတဲ့ တိုင်းပြည်ကြီးထဲမှာ မြစ်တို့ချောင်းတို့အိုင်တို့ တစ်ခုခုကို ကျုပ်တို့မတွေ့ရဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူးဗျာ"

ဒေါက်တာ – "ကျုပ်ကလည်း ဒီအတိုင်းပဲ မျှော်လင့်ပါတယ်"

ကန္တာရထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာပြီဖြစ်သဖြင့် သူတို့ရောက်ရှိလာသော ဒေသ၏အသွင်အပြင်မှာ အကယ်ပင်ကြောက်မက်ဖွယ်ကောင်း၍ လာတော့၏။ ရွာများကို ထားဘိဦး။ တဲအိမ်စုကလေး တစ်စုတလေမျှပင် မတွေ့ရတော့ပေ။ စိမ်းလန်းသော သစ်ပင်အုပ်များသည် တစ်စတစ်စ ကွယ်ပျောက်သွားကြပြီးလျှင် ဆူးချုံကလေးများနှင့် အရောင်တင်ဆီပင်အချို့သာလျှင် ဤနေရာတွင် တစ်စု၊ ထိုနေရာတွင် တစ်စု ပေါက်လျက်ရှိကြပေသည်။ ထိုနေရာမှ လွန်သောအခါ၌မူကား ဖြူဖွေးသော သဲပြင်ကြီးများနှင့် ကျောက်ဆောင် ကျောက်တုံးကြီးများသာလျှင် ကြည့်၍မဆုံးနိုင်အောင် တည်ရှိ၍ နေကြလေတော့၏။

အထက်ပါအခြင်းအရာများကြောင့် ဒေါက်တာသည် ဂနာမငြိမ်နိုင်ဘဲ စိုးရိမ်ပူပန်၍နေမိသည်။ မည်သို့ပင်ဖြစ်စေကာ နောက်သို့ ပြန်လှည့်၍ကား မဖြစ်နိုင်တော့ပေ။ ရှေ့ကိုသာ ဖွတ်တိုးရပေတော့မည်။ အကယ်၍လေ မုန်တိုင်းကျလာခဲ့လျှင်ကား သူတို့သည် ယင်း၏ အဟုန်ဖြင့် ဤနယ်နိမိတ်အတွင်းမှ လွတ်မြောက်သွားနိုင်ပေမည်။ သို့ရာတွင် လေမုန်တိုင်းကျရန် မဆိုထားဘိ၊ ကောင်းကင်၌ တိမ်တိုက်ဟူ၍ တစ်ခုတလေမျှပင် မရှိပေ။ ဓါတ်ရှိယသည် မိုင် ၃၀ မျှပင် ခရီးမပေါက်သေးချေ။ ရေကား ၃ ဂါလံမျှ ကျန်ရှိပေတော့၏။

ဒေါက်တာသည် ဒီဂရီ ၉၀ မျှတက်နေသော အပူရှိန်ကြောင့် လည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် မီးတောက်နေသကဲ့သို့ ခံစားနေရသော ရေငတ်ခြင်းကို ပြေပျောက်ရန် ရေတစ်ဂါလံကိုသောက်ရေအတွက်ဖယ်ထားလိုက်သည်။ ကျန်နှစ်ဂါလံမှာ မီးပေါင်းအိုးထဲတွင် ထည့်ရန် ဖြစ်သည်။ ယင်းတို့သည် ကုဗပေ ၄စခရှိသော ဓာတ်ငွေ့ကို ထုတ်လုပ်ပေးနိုင်ပေလိမ့်မည်။ မီးဖိုသည် တစ်နာရီလျှင် ကုဗ ၉ ပေခန့်စားသဖြင့် သူတို့သည် ၄၅ နာရီမျှသာ ဆက်လက်၍ ခရီးသွားနိုင်ပေတော့မည်။ သို့နှင့် ဒေါက်တာက သူ့အဖော်များဘက်သို့ လှည့်လျက် –

"၅၄ နာရီ ခရီးသွားနိုင်သေးတယ်။ နို့ပေမဲ့ စမ်းချောင်းတို့ အင်းအိုင်တို့ကို မမြင်ဘဲ ကျော်သွားမိမှာစိုးလို့ ကျုပ်က ညအချိန်မှာ ခရီးမသွားလိုတဲ့ဆန္ဒရှိလေတော့ ကျုပ်တို့မှာ ၃ ရက်နဲ့ နေ့တစ်ဝက် ဆက်ပြီး သွားနိုင်တဲ့ အင်အားရှိပါသေးတယ်။ ဒီအချိန်အတွင်းမှာ ကျုပ်တို့ ရေကိုရအောင် ရှာကြရမှာပဲ။ နောက်ပြီး ကျုပ်တို့ရောက်နေရတဲ့ အခြေအနေကို ရှင်းရှင်းပဲ ပြောပြရမယ်ဆိုရင် သောက်ရေအတွက် ရေတစ်ဂါလံတည်း ကျုပ်ဖယ်ထားနိုင်လေတော့ ခုအချိန်ကစပြီး ကျုပ်တို့ရေကို ရာရှင် လုပ်ပြီးသောက်ကြရလိမ့်မယ်"

ဒစ် – "ရာရှင်လုပ်မယ်ဆိုလည်း လုပ်ပါလေ။ နို့ပေမဲ့ ကျုပ်တို့ စိတ်ပျက်စရာတော့ မလိုသေးပါဘူး။ ၃ ရက်တောင် ကျန်သေးတာပဲ။ ကျုပ်တို့ သေသေချာချာ ဂရုစိုက်ပြီး ရှာကြတာပေါ့"

ညစာစားသောက်ပြီးသောအခါ ထိုည၌အတွက် အစစအရာရာကို စီမံပြုလုပ်ကြပြီးနောက် လူစီးပုခက်ကြီးသည် ကျယ်ပြန့်သော သဲပြင်ကြီးပေါ်၌ရပ်နားလျက်ရှိပေတော့၏။ တောက်ပသောကြယ်ရောင်များဖြင့် တန်ဆာဆင်လျက်ရှိသည့် ည၌အချိန်ကား သာယာကြည်နူးဖွယ်ကောင်းလှပါ


www.burmeseclassic.com

www.burmeseclassic.com


၏။ သို့ရာတွင် နေ့ဘက်သို့ ရောက်ရှိလာသောအခါ၌မူ နေသည် ခြစ်ခြစ်တောက်ပူပြင်း၍လာတော့၏။ နံနက် ၅ နာရီတွင် ဒေါက်တာသည် ထွက်ခွာကြရန် အချက်ပေးလေသည်။ ဝိတိုရိယကြီးသည် လေးလံသော လေထုထဲတွင် အတန်ကြာအောင် မလှုပ်မယှက် ဖြစ်၍နေသေး၏။ နေ့လယ်လောက်တွင်မှ ရှေ့သည်ဆိုရုံမျှရွေ့၍ သွားနေလေသည်။

"ဘယ့်နယ်လဲဂျိုး ...ဒါမှ စိတ်ကူးထဲတွေးထားတဲ့ အာဖရိကပဲ မဟုတ်လားဟေ့"

"ဟုတ်ပါတယ်သခင်၊ ဒါမှ ကျွန်တော်မျှော်လင့်ထားတဲ့ အပူတို့၊ သဲပြင်တို့ပါပဲ။ ဒီအရပ်မှာ ဒါတွေကလွဲပြီး တခြား အရာဝတ္ထုတွေဖို့ ခဲယဉ်းပါတယ်"

ညနေသို့ရောက်၍ ဒေါက်တာသည် ခရီးအကွာအဝေးကို တိုင်းထွာသောအခါ မီးပုံးပျံကြီးသည် ထိုနေ့အဖို့ မိုင် ၂၀ မျှပင် ခရီးမတွင်သည်ကို တွေ့ရလေ၏။ နောက်တစ်နေ့မှာ မေလ ၁ ရက်၊ ကြာသပတေးနေ့ဖြစ်၏။ သို့နှင့် တစ်နေ့ပြီး တစ်နေ့သာပြောင်းလဲ၍ လာခဲ့ရသည်။ အခြေအနေက မထူးခြားချေ။

ဒေါက်တာဖာဂတ်ဆင်သည် အရပ်လေးမျက်နှာမှ မိုးကုပ်စက်ဝိုင်းကို မှန်ပြောင်းတစ်လက်ဖြင့် လည်တဆန့်ဆန့်မျှော်ကြည့်ရင်း ငြီးငွေ့ဖွယ်ကောင်းသောအချိန်များကို ကုန်လွန်စေလေသည်။ သူ့အပေါ်တွင် ဖိစီးလျက်ရှိသော တာဝန်ကြီးမှာ ကြီးမားလေးလံလှသဖြင့် သူသည် ပြင်ပအမူအရာအားဖြင့် ထုတ်ဖော်၍ မပြသော်လည်း အတွင်းစိတ်၌ကား ဗလောင်ဆူလျက်ရှိ၏။ ဝေးလံသော ဒေသမှ မိမိခေါ်ဆောင်လာခဲ့သော လူနှစ်ယောက်အနက် တစ်ယောက်သည် မိတ်ဆွေတို့ဝတ္တရားနှင့် လိုက်ပါလာခဲ့၍ ကျန်တစ်ယောက်မှု အလုပ်တာဝန်နှင့် လိုက်ပါလာခဲ့သည်ဖြစ်ရာ ထိုသူများအတွက်


www.burmeseclassic.com

www.burmeseclassic.com



သူ့မှာများစွာ စိုးရိမ်ပူပန်၍ နေမိလေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းမှာ လမ်းမှန်ပါ၏လော၊ သို့နှင့်သူသည်တစ်နေ့လုံးမျက်စိအပြတ်မခံဘဲ ရေတွေ့ရန်းနီးနှင့် အကျိုးမဲ့မျှော်ကိုးကာ ရှာဖွေနေမိသည်။ မျှော်လင့်ချက်ရရှိရန်ကား အရိပ်အယောင်မျှပင်မတွေ့ရပေ။ နောက်ဆုံး၌ နေလုံးပျောက်ကွယ်သွားသဖြင့် ရှည်လျားသောအလင်းရောင်တန်းကြီးများသာလျှင်ကျယ်ပြန့်သောသဲပြင်ကြီးပေါ်၌ဖုံးလွှမ်းလျက်ရှိလေတော့၏။ ယင်းသည်ကားတကယ့်သဲကန္တာရကြီးအစစ်ပင်ဖြစ်ပေတော့သတည်း။

ခရီးသည်များသည် ယမန်နေ့ပါ အပါအဝင် ၁၅ မိုင်ထက်ကျော်လွန်၍ မရောက်သေးပေ။ သို့ရာတွင် ကုဗ ၁၃၅ ပေရှိသော ဓာတ်ငွေ့နှင့် ဂ မိုင်မျှရှိသည့်အနက် ရေငတ်ပြေအောင် သူတို့အားသောက်ရန် ဒေါက်တာစွင့်ပြုသော ရေ ၂ ပိုင့်ကိုကား အသုံးပြု၍ပြီးကြလေပြီ။ ညဉ့်အချိန်ကား မည်သည့်သက်ရှိ သတ္တဝါ၏အသံကိုမျှ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်လှပေသည်။ ဒေါက်တာမှာလည်း မအိပ်နိုင်ချေ။ နောက်တစ်နေ့မှာလည်း ယမန်နေ့များနည်းတူ ကောင်းကင်၌တိမ်များကင်းမဲ့မြကင်းမဲ့လျက် ဆိတ်ငြိမ်မြဲဆိတ်ငြိမ်ပြီးလျှင် လေဟူ၍ ရှူရှိုက်စရာပင် မရှိသလောက် ဖြစ်နေလေသည်။

၄ နာရီလောက်တွင် ဂျိုးသည် နောက်ခံသဲပြင်ကြီးရှိသော တစ်နေရာတွင် တစ်စုံတစ်ခုထွက်ပေါ်လျက်ရှိသည်ကို တွေ့ရကြောင်းနှင့် အော်ပြောလိုက်မိ၏။ နောက်တစ်ခဏမျှကြာသောအခါ ယင်းအရာဝတ္ထုမှာ စွန်ပလွံပင် နှစ်ပင်ဖြစ်၍နေကြောင်း ပြောပြလေသည်။

"စွန်ပလွံပင်တွေဟုတ်လား။ ဒီလိုဆိုရင် စမ်းရေကလေး ဖြစ်ဖြစ် ဟိုမှာ တွေ့ကြရမှာပဲ" ဟု ပြောပြီး ဖာဂတ်ဆင်သည် ဂျိုးပြောသည့်အရပ်



www.burmeseclassic.com

www.burmeseclassic.com



မှန်မမှန် သေချာစေရန် သူ၏မှန်ပြောင်းကို ကောက်၍ ကိုင်လိုက်လေသည်။ ထို့နောက်ဆက်လက်၍-

"အင်း…ခုမှပဲ…ရေတွေ့ရတော့မယ်။ ရေ…ရေ…တို့တစ်တွေ စိုးရိမ်စရာ မရှိတော့ဘူး။ ခုတို့သွားနေတာ သိပ်ပြီးနေးကွေးပေမဲ့ တရွေ့ရွေ့နဲ့ ဟိုကို မကြာခင် ရောက်သွားကြမှာပဲ"

"ဟုတ်ပါတယ်သခင်၊ ဒီလိုဆို အပူသက်သာအောင် ကျွန်တော်တို့ ရေသောက်ကြရရင် ကောင်းလိမ့်မယ်ထင်တယ်"

"သောက်တာပေါ့ တပည့်ရယ်။ သောက်တာပေါ့"

မည်သူမျှ ကန့်ကွက်ခြင်း မပြုသဖြင့် ရေတစ်ပိုင့်ကို ဝေငှ၍ သောက်လိုက်ကြလေသည်။ သောက်ရေကား ၃ ပိုင့်ခွဲအထိ လျော့ကျသွားလေ၏။ အပူရှိန်ကားပြင်းထန်လှ၏။ ကောင်းကင်ယံ၌လည်း တိမ်များကင်းစင်လျက် ရှိလေသည်။

၆ နာရီအချိန်စန့်တွင် ဗိတိုရိယသည် စွန်ပလွံပင်များ ရှိရာသို့ ဆိုက်ရောက်လေသည်။ တွေ့ကြရသည့် စွန်ပလွံနှစ်ပင်သည်ကား အရွက်ဟူ၍ လုံးဝမရှိဘဲ ကမ္ဘာ့ဦးရုပ်ပမာ အရိုးခေါင်းဝင်းနှင့် သစ်ပင်ခြောက်ကြီး နှစ်ပင် ဖြစ်နေလေသည်။ ယင်းသစ်ပင်များ၏ ခြေရင်းတွင်လည်း ရေတွင်းဟောင်းတစ်ခုနှင့် ကျောက်တုံးအကျိုးအပဲ့များကိုကား တွေ့ရပါ၏။ သို့ရာတွင် ရေနှင့်တူသည့်အရာဟူ၍ကား လုံးဝပင်မတွေ့ရှိရပေ။ ဒေါက်တာဖာဂတ်ဆင်သည် တစ်ခါတည်း စိတ်ပျက်အားလျော့သွားပြီးလျှင် သူ့အဖော်များ နည်းတူ ကြောက်ရွံ့ထိတ်လန့်စ ပြု၍လာတော့သည်။

ထို့ပြင် စမ်းချောင်းကလေးတစ်ခု ဖြစ်သည်ဟူ၍ သူတို့မှတ်ယူခဲ့သော အရာမှာလည်း အနောက်ဘက်သို့ မျက်စိတစ်ဆုံး စီတန်း၍ပြန့်ကျဲနေသည့်



www.burmeseclassic.com

www.burmeseclassic.com



လှရိုးများဖြစ်နေသည်ကို တွေ့ရှိကြရသေး၏။ မိမိတို့လာကြသည့် လမ်းကို မှတ်သားသည့်အလား ဤမျှရှည်လျားစွာ စီတန်းလျက်ရှိသည့် အရိုးစုများ ကား သဲကန္တာရထဲတွင် အအုပ်အသင်းဖွဲ့ကာ ကျော်ဖြတ်သွားလာလေ့ရှိ သည့် ခရီးသည်တစ်စုတို့၏ အရိုးစုများ ဖြစ်ကြဟန်တူ၏။ အုပ်စုထဲမှ အား အင် အချို့ယွင်းဆုံးသော သူတစ်ယောက်က ရှေးဦးစွာ စတင်လဲကျပြီး နောက် တစ်ယောက်ပြီးတစ်ယောက် အားပြတ် လဲကျကြသော်လည်း ပိုမို သန်စွမ်းသောလူများက အားခဲကာ ရောက်အောင် လာကြရာမှ ရေရှိသ ယောင်ယောင် ...ထင်ယောင်ထင်မှား ...ဖြစ်စေသော ရေတွင်းနှုတ်ခမ်း အနီးတွင် ဆိုးဝါးကြောက်မက်ဖွယ် ကောင်းသောသေမင်းနှင့် ရင်ဆိုင်တိုး ကြဟန် တူလေသည်။

ဝိတိုရိယသည် မြေပြင်သို့ ရောက်လာခဲ့၏။ ဂျိုးနှင့်ဒစ်တို့သည် ပုခက် တွင်းမှ ခုန်ထွက်ကာ ရေတွင်းဆီသို့ ပြေးသွားကြသည်။ သူတို့သည် တွေ့ရှိ ရသော ကျောက်လှေကားတစ်ခုမှ ရေတွင်းထဲသို့ ဆင်း၍သွားကြလေရာ ကျောက်တုံးအချို့မှာ သူတို့၏ ကိုယ်အလေးအင်္ဂါကြောင့် ကြေမွ၍ပင် သွား ကြလေသည်။ နှစ်ပေါင်းများစွာကပင် ခြောက်ခန်းသွားဟန်တူသည့် စမ်းရေ တွင်းကို သူတို့သည် စိတ်ပျက်စွာ တွေ့ရှိကြရသည်။ သူတို့သည် ခြောက်သွေ့ နေသော သဲများကို တူး၍ကြည့်ကြသေး၏။ သို့ရာတွင် စိုစွတ်ထိုင်းမှိုင်းသော အခြေအနေကိုပင် မတွေ့ရချေ။

ခြေလက်ကိုမျှ မသယ်ချင်လောက်အောင် စိတ်အား လူအား ကုန်ခန်း လျက် မြူမှုန် အလိမ်းလိမ်းဖြင့် မြေပြင်သို့ တက်ရောက်လာကြသော ဒစ်နှင့် ဂျိုးတို့အား ဒေါက်တာသည် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားချိန်တွင် သူတို့သည် စကားတစ်ခွန်းမျှ မပြောဘဲ စိတ်မပါ လက်မပါနှင့် စားသောက်ကြ၏။ လောလောဆယ်ဆယ် ရေငတ်သည့်အခက် ကိုကား တကယ်ခံစားနေကြရသည် မဟုတ်သေးချေ။ သို့သော် ရှေ့ရေးကို တွေးတောကာ စိတ်ပျက် ပူပန်၍နေခြင်းသာ ဖြစ်လေသည်။

❖ ❖ ❖

နောက်တစ်နေ့ ...(စနေနေ့) နံနက်စောစောတွင် ဒေါက်တာကထွက် ခွာရန် အချက်ပေးလေရာ "မီးဖိုဟာ နောက်ထပ် ၆ နာရီပဲ မီးတောက်နိုင် တော့မယ်။ တကယ်လို့ ဒီအတောအတွင်းမှာ ကျုပ်တို့ရေတွင်းဆိုလည်း တစ်တွင်းမျှမတွေ့ရဘူး။ စမ်းချောင်းဆိုလည်း တစ်ခုမျှ မတွေ့ရဘူးဆိုရင် တော့ ကျုပ်တို့ ဘယ်လိုဖြစ်ကြမယ်ဆိုတာ ဘုရားသခင်ပဲ သိနိုင်တော့မှာပဲ" ဟုလည်း ဒေါက်တာက ပြောလေသည်။

လေသည် ငြိမ်သက်မြဲငြိမ်သက်၍ နေသည်။ အပူရှိန်ကမူ ယခင်က ထက်တိုး၍ မခံမရပ်နိုင်အောင် ပူပြင်းလာရာ ရွက်ထည်တဲအောက် နေရိပ် ထဲ၌ပင်လျှင် အပူအအေးတိုင်း ပြဒါးချိန်မှာ ဒီဂရီ ၁၁၃ ရှိနေလေသည်။ ဂျိုးနှင့်အစ်တို့သည် ဘေးချင်းယှဉ်လှဲ၍အိပ်နေကြသည်။ သူတို့သည် အိပ်နေ သည်ထက် မိန်းမော၍ နေကြသည်နှင့် ပို၍တူသည်။ သူတို့ကား ကုသိုလ် ကံစီမံသည့်အတိုင်း လိုက်နာကြရမည့်အခြေသို့ ရောက်နေကြလေသည်။

သူ၏မိတ်ဆွေများ အိပ်စက်နေကြစဉ် ဒေါက်တာဖာဂူတ်ဆင်သည် မိမိပြုလုပ်ခဲ့သည့်လုပ်ငန်းနည်းလမ်းကျပါ၏လောဟု စဉ်းစားတွေဝေလျက် ရှိသည်။

ထို့နောက် "တို့တော့ နောက်ဆုံးကြိုးစားခြင်းနှင့် ကြိုးစားပြီး ရှေ့ဆက် ပြီး တို့သွားရမယ့် လေကြောင်းကိုရှာရတော့မှာပဲ။ ဒီလိုနောက်ဆုံးအကြိမ်



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားတဲ့နေရာမှာလည်း တို့ဟာ ရှိသမျှကို စွန့်စားပြီး လုပ်ကြရလိမ့်မယ်" ဟု မိမိကိုယ်ကိုယ် ပြောသကဲ့သို့ တစ်ကိုယ်တည်း ရေရွတ်ပြောပြီးလျှင် သူသည် မီးဖိုကို မီးထည့်ပေးလေရာ မီးပုံးပျံကြီးလည်း အပေါ်သို့တည့်တည့် မတ်မတ်ကြီး ထိုး၍တက်သွားလေသည်။ သူသည် ပေ ၁၀၀၀ မှ ပေ ၅၀၀၀ အထိ မီးပုံးပျံလွင့်နိုင်မည့် လေကြောင်းကို တွေ့လိုတွေ့ငြားရှာ၍ကြည့်သေး၏။ သို့ရာတွင် လဟာပြင်ကြီးကား ပကတိ ငြိမ်သက်လျက်ရှိသည်ကိုသာ တွေ့ရှိရလေသည်။

နောက်ဆုံး၌ ရေကုန်သွားသဖြင့် မီးဖိုမှမီးလည်း ငြိမ်းသွားပြီးလျှင် ဝိတိုရိယကြီးသည် မြေပြင်မှ ယခင်တက်ခဲ့သောနေရာ တည့်တည့်ပေါ်သို့ ညင်သာစွာ ကျ၍လာခဲ့လေသည်။

အချိန်ကား နေ့လယ်ဖြစ်၏။ ဒေါက်တာသည် လေ့လာမှတ်သား၍ ကြည့်ရခြင်းအားဖြင့် သူတို့သည် ချက်ရေအိုင်ကြီးမှ မိုင် ၅၀၀ နီးပါးခန့်အကွာ အဝေးတွင် ရောက်ရှိနေကြလျက် အာဖရိကအရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းမှမူ မိုင်ပေါင်း ၄၀၀ ကျော်မျှ ဝေးကွာလျက်ရှိသည်ကို ခန့်မှန်းမိလေသည်။ ထိုညဥ့်အဖို့ မည်သူမျှလည်း ကင်းမစောင့်ကြ။ အိပ်၍လည်း မပျော်နိုင်ကြချေ။ လေပူကြီးရှူရှိုက်ကြရသည်မှာ အသက်ရှူပင် ကျပ်သကဲ့သို့ ရှိလေသည်။

နောက်တစ်နေ့၌ အထူးသီးသန့်၍ ကတ်ကတ်သတ်သတ်ချန်လုပ်ထားသော ရေတစ်ပိုင့်မျှသာ ကျန်ရှိတော့ရာ ထိုရေကို မလွှဲသာသော နောက်ဆုံးအချိန်မှလွဲ၍ လုံးဝထိကိုင်ခြင်းမပြုရန် ဆုံးဖြတ်ထားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၏ ပထမဆုံးအလုပ်မှာ ဘာရိုမီတာကို ဂရုစိုက်၍ကြည့်ရှုရခြင်း ဖြစ်သည့်အတိုင်း ဒီဂရီမှာ လုံးလုံးမကျဆင်းဘဲ ရှိနေသည်ကို တွေ့ရလေသည်။ သူသည် ပုခက်ဆီမှခွာ၍ ရာသီဥတုကို စုံစမ်းကြည့်ရှုလျက်ရှိလေရာ ရာသီဥတုမှာ ပူမြဲပူလျက်လည်းကောင်း၊ ကောင်းကင်ယံမှာလည်း ငြိမ်သက်လျက်လည်းကောင်း ရှိသည်ကို တွေ့ရလေသည်။ "ဒီလိုဆိုရင် ကျုပ်တို့မျှော်လင့်ချက်နဲ့ ဝေးရတော့မှာလား" ဟု သူသည် ညည်းညူလိုက်သည်။

ညနေစောင်းလာသောအခါ၌ကျိုးမှာလည်း ရှုးရှင်သလိုလိုဖြစ်လာသည်။ မျက်စိတစ်ဆုံး ကျယ်ပြန့်သော သဲပြင်ကြီးကို သူ့စိတ်ထဲတွင် ကြည်လင်သန့်ရှင်း၍ အရောင်တဖျတ်ဖျတ် ခတ်နေသော ရေများဖြင့်ပြည့်လျှံနေသည့် ရေအိုင်ကြီးဟူ၍ ထင်မှတ်လာသည်။ သို့နှင့်သူသည် ခြစ်ခြစ်တောက် ပူပြင်း၍နေသော သဲပြင်ကြီးပေါ်တွင် သူ၏ကိုယ်ကိုပစ်လှဲလိုက်ပြီးသော် သဲများ ရေအမှတ်ဖြင့် ကိုပါးစပ်ထဲသို့ အားရပါးရ အပြည့်ကျုံးထည့်ပြီးမှ မတ်တတ်ပြန်ထပြီးလျှင် "ဖူး . . . ဒါတွေက ရေငန်တွေပဲ" ဟု သဲများကို ဒေါသတကြီးထွေးထုတ်ရင်း အော်ဟစ်လိုက်လေသည်။

ထို့နောက် ဒစ်နှင့်ဖာဂတ်ဆင်တို့ ငြိမ်သက်စွာ လဲလျောင်း၍ နေကြစဉ်ကျိုးသည် သီးသန့် ချန်လှပ်၍ထားသော ရေကျန်ကလေးကို သူတစ်ယောက်တည်း သောက်ပစ်လိုသော တစ်ကိုယ်ကောင်းစိတ် ပေါ်လာသည်။ သို့နှင့်သူသည် မချုပ်တည်းနိုင်အောင်ရှိလာသဖြင့် ပုခက်ရှိရာသို့ လေးဖက်တွား၍ လာခဲ့ပြီးလျှင် ပုလင်းထဲမှ ရေကျန်ကလေးကို စားတော့ဝါးတော့မည့်အလား စိန်းစိန်းကြီးကြည့်၍ နေလေသည်။ ထို့နောက် ဘေးပတ်ဝန်းကျင်သို့



www.burmeseclassic.com

www.burmeseclassic.com



သတိနှင့် လှည့်ပတ်ကြည့်လိုက်ပြီးမှ ရေပုလင်းကိုဆွဲယူကာ နှုတ်ခမ်းဝသို့ ဖိတ့်လိုက်လေသည်။

ထိုကောင်၌ "ငါ့ကိုလည်းနည်းနည်းပေးပါ" ဟုကြေကွဲဖွယ်ကောင်းသော အသံဖြင့်ပြောလိုက်သည်ကိုကြားရလေသည်။ ယင်းကဲ့သို့ပြောလိုက်သော သူမှာ သူ့နံဘေးသို့ လေးဖက်တွား၍ ရောက်လာသော ဒစ်ဖြစ်လေသည်။ ဂျိုးလည်း ပုလင်းကိုလှမ်းပေးလိုက်ရာ ဒစ်သည် တစ်စက်မျှ မကျန်အောင် ရေအားလုံးကိုသောက်လိုက်ပြီးနောက် "မင်းကိုကျေးဇူးတင်ပါတယ်ကွယ်" ဟု အံသံသဲ့သဲ့ဖြင့် ကြိုးစား၍ ပြောလေသည်။ သို့သော် ဂျိုးကား သူ့စကား ကို မကြားတော့ချေ။ ထို့နောက် နှစ်ယောက်စလုံး သဲပြင်ပေါ်သို့ ပက်လက် လှန်၍ အသီးသီး လဲကျသွားကြလေတော့၏။

ညဦးအချိန်သည် မည်ကဲ့သို့ ဆိုးရွားစွာ ကုန်လွန်သွားသည်ကို မည် သူမျှ မသိလိုက်ကြချေ။ နောက်တစ်နေ့ (အင်္ဂါနေ့) နံနက်လင်း၍ လာသော အခါ ဒုက္ခသည်များမှာ ကြောက်မက်ဖွယ်ကောင်းသော နေရောင်အောက် ၌ မိမိတို့ခြေလက်များကို အခြောက်လှန်း၍ ထားဘိသကဲ့သို့ ထင်မှတ်ကြ ရလေသည်။ ဂျိုးသည် ကြိုးစား၍ ထကြည့်သေး၏။ သို့သော် မထနိုင်ဘဲ ရှိလေသည်။ ဒေါက်တာကား ပုခက်ထဲတွင် လက်ပိုက်၍ ထိုင်ရင်း တစ်စုံ တစ်ရာကို အာရုံစိုက်ကာ လပာပြင်ထဲသို့ ငေးမောလျက်ရှိ၏။ ဒစ်ကမူ လှောင်အိမ်ထဲမှ သားရဲတစ်ကောင်ကဲ့သို့ ခေါင်းတယမ်းယမ်းနှင့် စိတ်ဂနာ မငြိမ်ဘဲ ရှိနေလေသည်။ သို့နှင့် သူ၏မျက်လုံးများသည် ပုခက်ပေါင်ပေါ် ၌ ဒင်ကိုမှီထောင်ထားသော သူ၏ရိုင်ဖယ်သေနတ်ဆီသို့ ရောက်သွားလေ သည်။ သို့နှင့် သူသည် "အား" ဟု အော်လိုက်ပြီးလျှင် ထူးဆန်းအံ့ဩဖွယ် ကောင်းသော စွမ်းအားတစ်မျိုးဖြင့် လဲရာမှ ထလိုက်လေသည်။ ထို့နောက်


www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်သောစိတ်ဖြင့် သေနတ်ရှိရာသို့ ပြေးသွားပြီးလျှင် သေနတ်ပြောင်းဝကို သူ၏ပါးစပ်ထဲသို့ တေ့လိုက်လေသည်။

"မလုပ်နဲ့...မလုပ်နဲ့" ဟု အော်ရင်း ဂျိုးသည် သူ့ကိုယ်ပေါ်သို့ပြေး၍ ရုန်းအုပ်လိုက်ရာမှ နှစ်ယောက်သား လုံးထွေးလျက် ရှိကြလေသည်။

"လွှတ်နော်...လွှတ်လိုက်၊ နို့မဟုတ်ရင် ငါ မင်းကို ပစ်လိုက်လိမ့်မယ်" ဟု ဒစ်ကလည်း အော်ဟစ် ရုန်းလျက်ရှိ၏။

သို့ရာတွင် ဂျိုးကမူ ကျန်ရှိသေးသမျှသော အင်အားကလေးကို ဖျစ်ညှစ်ထုတ်ယူ၍ ဒစ်အား ချုပ်ကိုင်ထားလေရာ ဤခွန်အားဖြင့် သူတို့သည် ဒေါက်တာ မသိဘဲ တစ်မိနစ်ခန့် သတ်ပုတ်လျက် ရှိကြလေ၏။

ယင်းသို့ လုံးထွေး သတ်ပုတ်ရင်းနှင့် ရုတ်တရက် သေနတ် ကျည်ဆန်ထွက်သွားလေသည်။ ဒေါက်တာလည်း သေနတ်သံကို ကြားမှပင် နေရာမှ ထ၍ ဘေးပတ်လည်သို့ ကြည့်ရှုလေသည်။ နောက်တစ်ခဏအတွင်း၌ အဝေးမှ တစ်စုံတစ်ရာကို လက်ညှိုးညွှန်ပြရင်း "ကြည့်စမ်း...ဟိုမှာ ကြည့်ကြစမ်း" ဟု အော်လိုက်လေသည်။

သူ၏အော်သံမှာ ရုတ်တရက် မမျှော်လင့်ဘဲ ထွက်ပေါ်လာသောကြောင့် ဂျိုးနှင့်ဒစ်တို့သည် သတ်ပုတ်လုံးထွေးနေခြင်းကို ရပ်လိုက်ကြပြီးသော် နှစ်ယောက်သားဒေါက်တာညွှန်ပြသည့်နေရာကိုပြိုင်တူ လှမ်းကြည့်လိုက်မိကြသည်။

သဲပြင်ကြီးက မှန်တိုင်းထနေသော ပင်လယ်ပြင်ကြီးနှင့် တူနေသည်။ လှိုင်းနှင့်တူသော သဲလုံးကြီးများသည် ကြီးမားလှသော ဖုန်မှုန့်အစုအဝေးကြီးတစ်ခု၏ အလယ်၌ တစ်လုံးပေါ် တစ်လုံးဆင့်ကာ အထက်သို့ မြောက်တက်ရှိကြသည်။ သို့နှင့် အံ့စုအအုံ ကြီးမားလှသော သဲလုံးကြီးသည် လျှင်



www.burmeseclassic.com

www.burmeseclassic.com



မြန်သော အရှိန်အဟုန်ဖြင့် ဝေ့ကာဝိုက်ကာ အနောက်တောင်ဆီမှ သူတို့ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်၍ လာလေသည်။ နေလုံးသည်ပင် ယင်းအစုအဝေးကြီး၏ နောက်တွင် ပျောက်ကွယ်သွားလေတော့ရာ တလက်လက် တောက်ပြောင်၍နေကြသော သဲမှုန့်ကလေးများသည် ပင်လယ်ကြီးကဲ့သို့ ဝိတိုရိယကြီးရှိရာသို့ ပြေးလာနေကြသည်ကို မြင်ရလေသည်။ သို့ဖြင့် ဒေါက်တာဖာဂတ်ဆင်၏ မျက်လုံးများထဲတွင် မျှော်လင့်ချက်ရောင်ခြည်ကလေးပေါ်လာပြီးလျှင် "တိုင်ဖွန်း (လေမုန်တိုင်း) ဟေ့" ဟု အော်လိုက်လေသည်။

ကျိုးကလည်း ဘုမသိဘမသိ အဓိပ္ပာယ် နားမလည်ဘဲနှင့် "တိုင်ဖွန်း" ဟု သံယောင်လိုက်၍ အော်လိုက်၏။ ဒစ်ကမူ "ကောင်းတယ်၊ ဒါမှ ကျုပ်တို့စရိုက်ချင်းသေကြရမယ်"ဟု စိတ်ပျက်သည့်ဒေါသသံမျိုးဖြင့် ပြောလိုက်သည်။

ထိုအခါ ဒေါက်တာက "ကောင်းတယ်၊ ဒါမှကျုပ်တို့အသက်ရှင်ကြမယ်" ဟု ပြန်ပြောလိုက်ပြီးလျှင် မီးပုံးပျံငြိမ်သက်နေရန် ထည့်ထားသော သဲများကို ဖယ်ရှား၍ နေလေသည်။ ထိုအခါမှ သူ၏အဖော်များသည် သူလုပ်ပုံကို နားလည်လာကြကာ သူ့အား ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြပြီးနောက် အားလုံးပင်ပုခက်ထဲမှ မိမိတို့နေရာအသီးသီးတွင် ဝင်၍ နေလိုက်ကြ၏။

အလေးတင်း၍ထားသော သဲများကုန်သွားသည်နှင့် တစ်ပြိုင်နက် ဝိတိုရိယကြီးသည် လျင်မြန်သော အဟုန်ဖြင့် အပေါ်သို့ ဆောင့်တက်ကာ သဲလှိုင်းလုံးကြီးများ၏ အထက်တွင် ကြောက်မက်ဖွယ် တိုက်ခတ်၍နေသော လေမုန်တိုင်း၏နောက်သို့ ဒရောသောပါး လိုက်သွားလေသည်။ တစ်ယောက်မျှ စကားပြောခြင်း မပြုသော်လည်း မျှော်လင့်ချက်များဖြင့် ရွှင်လန်းနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၃ နာရီအချိန်ခန့်တွင် လေမှန်တိုင်းငြိမ်သက်သွား၏။ သဲလုံးများလည်း ပြန်၍ အနည်ထိုင်သွားသဖြင့် မရေတွက်နိုင်သော သဲတောင်ကုန်းများ ဖြစ်နေကြလေသည်။ ကောင်းကင်မှာပြန်၍ ကြည်လင်လာပြန်ရာ ဝိတိုရိယ ကြီးသည့်လည်းလဟာပြင်ကြီးထဲ၌မလှုပ်မယှက်ကျန်၍နေရစ်ရင်းပင်လယ် ပြင်ကြီးထဲ၌ ကျွန်းကလေး တစ်ကျွန်းတည်ရှိသကဲ့သို့ သဲသမုဒ္ဒရာကြီး အလယ်တွင်သဘာဝအလျောက်ဖြစ်၍နေသောအိုအေစစ်ကလေးတစ်ခုကို လှမ်း၍မြင်ရလေသည်။ စိမ်းလန်းသော သစ်ပင်ကလေးများဖုံးအုပ်နေသည့် အိုအေစစ်ကလေးကား ဧကန္တရကြီး၏အလယ်၌မနောမယပတ္တမြားသဖွယ် ဖြစ်၍နေသည်။

"ရေ…ရေ ဟိုမှာရှိတယ်" ဟု ဒေါက်တာက အော်လိုက်၏။ ထို့နောက် အပေါ်လေပေါက်ကိုဖွင့်လိုက်သဖြင့်ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များအပြင်သို့ထွက် သွားကြပြီးလျှင် မီးပုံးပျံကြီးသည် သစ်ပင်အုပ်ကလေးနှင့် ကိုက် ၂၀၀ ခန့် ဝေးသော နေရာတွင် ဖြည်းညင်းစွာ ကျလာလေသည်။ ၄ နာရီအတွင်း သူ တို့လည်း မိုင်ပေါင်း ၂၅၀ မျှ ခရီးပေါက်ခဲ့ကြလေသည်။

ဒစ်သည် ဂျိုးနှင့်အတူ မြေပေါ်သို့ခုန်ချပြီးလျှင် ပုခက်ထဲသို့ သဲများ ထည့်လျက်ရှိကြရာ ဒေါက်တာက "ခင်ဗျားတို့သေနတ်တွေကို ယူကြဦး လေ။ ပြီးတော့ သတိထားသွားကြ" ဟု သတိပေးလိုက်၏။

ဒစ်က သူ၏ရိုင်ဖယ်ကိုယူ၍ ဂျိုးက နှစ်လုံးထိုးသေနတ်ကိုကိုင်ခဲ့လေ သည်။ သူတို့သည် သစ်ပင်အုပ်များဆီသို့ လျင်မြန်စွာ ပြေးသွားကြပြီး ရေရှိ ရာသို့ ညွှန်ပြနေသည့် စိမ်းလန်းသောနေရာသို့ ဝင်ရောက်သွားကြလေ သည်။ သူတို့သည် ရေရှိရာသို့ ရောက်လိုသည့် ဇောထက်သန်နေကြ သောကြောင့် စိုထိုင်းသော မြေကြီးပေါ်၌ လတ်ဆတ်စွာ ထင်နေသော ခြေရာကြီးများကို သတိမထားမိကြချေ။ ဒစ်သည် ဗလုံပွက်၍ထွက်နေ သော စမ်းကလေးရှိရာသို့ တစ်ဟုန်တိုး ပြေးသွားပြီးနောက် ကိုယ်ကိုပစ်လှဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ ပါးစပ်ကို ရေထဲသို့နှစ်၍ အားရပါးရသောက်လေသည်။ ဂျိုးလည်း သူ့နည်းတူ လိုက်၍သောက်လေရာ အခြား မည်သည့်အသံကိုမျှ မကြား ရဘဲ ရေငတ်မွတ်သော တိရစ္ဆာန်များကဲ့သို့ တပျတ်ပျတ်မည်သော လျှာ လိပ်သံများကိုသာ ကြားကြရ၏။

"သတိထားဦး မစ္စတာဒစ်၊ ပထမမှာ သိပ်လောဘကြီးသောက်မနေ နဲ့ဦး" ဟု ဂျိုးက ပေါက်လိုက်လေသည်။ ထို့နောက်၌ကား ခရီးသည်ကြီး ၃ ဦးမှာ သေမင်း၏ခံတွင်းဝမှ လွတ်မြောက်လာခဲ့ကြပြီဖြစ်သဖြင့် ဘုရား သခင်အား မိမိတို့၏ အသည်းနှလုံးထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်လျက် ရှိ ကြလေသတည်း။

❖ ❖ ❖

နေကုန်သွားသည့်အချိန်ကား သာယာလှ၏။ ခရီးသည်များသည် ညနေစာစားသောက်ပြီးသောအခါ အရိပ်အာဝါသကောင်းသော ဆူးပင် တောဒ်စ်ခုအောက်၌ အနားယူနေကြလေသည်။ ဒစ်သည် အိုအေစစ်တစ်ခု လုံးကို လှည့်ပတ်ကြည့်ရှုရာ လူသူဟူ၍ မိမိတို့ ၃ ဦးသာလျှင် ရှိနေကြ သည်ကို သိရှိရ၏။ ထိုညဥ့်အဖို့၌ သူတို့သည် စောင်ပါးကလေးများကို ဖြန့်ကာ မြေပေါ်၌ လဲလျောင်းရင်း တိတ်ဆိတ်ငြိမ်သက်သော ညဥ့်၏ အရ သာကို ခံစား၍ ကြည်နူးနှစ်သိမ့်လျက် ရှိကြလေရာ ယခင်က တွေ့ကြုံခဲ့ရ သော ဒုက္ခများကိုပင် မေ့လျော့လျက်ရှိကြလေ၏။

နောက်တစ်နေ့ (မေလ ၇ ရက်) ၌ နေသည် စူးရှိသော အလင်းရောင် ဖြင့်ပေါ်ထွက်လာသော်လည်း ထူထဲသော သစ်ပင်အုပ်များအတွင်းသို့ကား ရောင်ခြည်တန်းများသည် ထိုးဖောက်ဝင်ရောက်ခြင်းငှာ မတတ်နိုင်ချေ။ စား ရေရိက္ခာလည်း အများအပြား ရှိနေကြသည်ဖြစ်သောကြောင့် ဒါက်တာ


www.burmeseclassic.com

www.burmeseclassic.com



သည် လေရသည့်တိုင်အောင် ထိုနေရာ၌ပင် ဆက်လက်နေရန် ဆုံးဖြတ်လိုက်သည်။

ဂျိုးသည် ခရီးဆောင်မီးဖိုကလေးကို ထုတ်ယူလာပြီးလျှင် လက်စွမ်းအမျိုးမျိုးပြ၍ ချက်ပြုတ်ရင်း ရေများကိုလည်း ဖောဖောသီသီသုံးစွဲလျက်ရှိလေ၏။

"စိတ်ရောကိုယ်ပါ ဒုက္ခတွေအမျိုးမျိုးတွေ့နေကြရတဲ့အထဲက လွတ်မြောက်ပြီးတော့မှ လောကကြီးရဲ့အရသာကို ထူးထူးခြားခြား လာပြီး ခံစားကြရတာဟာ ဘယ်လောက်များ အံ့ဩဖို့ကောင်းသလဲနော်။ ကျုပ်ဖြင့် ဒီလိုအခြေအနေဆိုးရွားတုန်းက သွေးပျက်တော့မလိုတောင် ဖြစ်သွားမိသေးတယ်"

ဒေါက်တာ - "ဂျိုးသာ မကယ်ရင်တော့ လောကကြီးရဲ့ပြောင်းလဲချက်တွေကို ခုလိုဒီမှာထိုင်ပြီး ခင်ဗျား ဘယ်ပြောနေနိုင်ပါ့မလဲ ဒစ်ရဲ့"

ဒစ် - "ဂျိုးကတော့ ကျုပ်ရဲ့အာဇာနည် မိတ်ဆွေစစ်ကြီးပါပဲဗျာ" သို့ ပြောဆိုပြီးနောက် ဒစ်သည် ဂျိုးအား လက်ကမ်းလိုက်လေသည်။

"အို ...ဒါတွေကို ပြန်ပြီး ပြောမနေပါနဲ့ဗျာ။ ခင်ဗျားလည်း ကျွန်တော့်နေရာမှာရောက်နေမယ်ဆိုရင် ကျွန်တော့်လိုပဲ လုပ်မိမှာပဲ။ နို့ပေမဲ့ ဒီလိုအခွင့်အရေးမျိုးတော့ ဘယ်တော့မှ ကြုံလိမ့်မယ်လို့ ကျွန်တော်မထင်မိဘူး"

အားအင် ပြန်လည်၍ ပြည့်တင်းလာကြသည်နှင့်အမျှ မျှော်လင့်ချက်သည်လည်းကောင်း၊ ထိုမျှော်လင့်ချက်နှင့်အတူ မိမိတို့ခရီးကို အဆုံးသတ်အောင် ကြံစည်ကြိုးစားလိုသော ရဲရင့်ကြံ့ခိုင်သည့် စိတ်ဓာတ်များသည်လည်းကောင်း ဝင်ရောက်လာကြ၏။ ဂျိုးကမူ ပျော်မွေ့ဖွယ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာကလေးမှ တစ်သက်လုံးပင် ခွာသွားလိုစိတ်မရှိခဲ့ပေ။ ယင်းနေရာကလေးကား သူ၏အိပ်မက်ထဲမှ လောက နိဗ္ဗာန်ကလေးဖြစ်နေပေသည်။

ညဥ့်နက်လာသောအခါ ဂျိုးသည် ထုံးစံအတိုင်း ကင်းစောင့်ရမည့်ကိစ္စအတွက် မီးများကိုဖိုလေသည်။ သို့ရာတွင် တစ်ညဥ့်လုံးမည်သို့မျှ ထူးထူးခြားခြား မဖြစ်ချေ။

နောက်တစ်နေ့သို့ ရောက်သည့်တိုင်အောင် ရာသီဥတုကား မပြောင်းမလဲရှိနေ၏။ မီးပုံးပျံကြီးသည် လေထဲ၌ မလှုပ်မယှက် ရပ်တည်၍နေလေရာ ဒေါက်တာသည် နေမထိထိုင်မသာ ဖြစ်စပြုလာပြန်သည်။ ယခုအခြေအနေတိုင်းသာဆိုက သူတို့၏ရိက္ခာများလည်း မကြာမီ ကုန်ခန်းချေတော့မည်။ ရေငတ်မွတ်သည့်ဘေးဒုက္ခမှ လွတ်မြောက်လာပြီးမှ သူတို့သည် အစာငတ်၍ သေကြရတော့မည်လော၊ သို့ဖြစ်၍ သူသည် အခွင့်ကြုံသည်နှင့်တစ်ပြိုင်နက် ချက်ချင်း ထွက်ခွာနိုင်စေခြင်းငှာ အသင့်ပြင်ဆင်ထားရန် ဆုံးဖြတ်ပြီးလျှင် သောက်ရေနှင့်သုံးရေလှောင်ကန်များထဲသို့ ရေအပြည့် ထည့်သွင်းထားစေ၏။

နောက်တစ်နေ့ည လင်းအားကြီး ဂျိုးစောင့်သည့် အလှည့်တွင် အပူဒီဂရီသည် ရုတ်တရက် ကျဆင်းသွားပြီးလျှင် မိုးကောင်းကင်သည် မှိုင်းမှုန်၍လာပြီးနောက်အမှောင်စုလည်း တိုး၍လာလေသည်။ သို့နှင့် ဂျိုးလည်း "ထကြ ...ထကြ လေလာနေပြီ" ဟု အော်ရင်း သူ့အဖော်များကို အတင်းနှိုးလေသည်။

ဒေါက်တာလည်း မျက်စိများကိုပွတ်ကာ ကောင်းကင်ကို မော့ကြည့်လျက်—



www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ လာနေကျ လေမုန်တိုင်းပါကလား။ ဝိတိုရိယဆီကို ပြေးကြပော့၊ ဝိတိုရိယဆီကို ပြေးကြ …တို့ထွက်ကြမယ်" ဟု ဟစ်အော်လိုက်လေသည်။

သူတို့သည် အချိန်မီရုံမျှသာ ရှိကြသည်။ ဝိတိုရိယကြီးသည် တိုက်စပြုလာသော လေမုန်တိုင်းအရှိန်ဖြင့် တယိမ်းယိမ်းတယိုင်ယိုင် လှုပ်ရှားရင်း လှုစီးပုခက်ကြီးကို သဲပြင်တစ်လျှောက် တရွတ်တိုက်ဆွဲလျက် ရှိလေသည်။ သဲအိတ်များသာမရှိဘဲ ချိုင့်ဝှမ်းနေမည်ဆိုပါက မီးပုံးပျံကြီးသည် အမှန်မုချပင် ကောင်းကင်သို့ လွင့်တက်သွားဟန် ဖြစ်လေသည်။ သို့နှင့် ဂျိုးသည်ပြုနေကျအတိုင်း လေ၏ပုခက်ကို တျင်လည်စွာ ပြေး၍ဖမ်းပြီးလျှင် ဆွဲထားလိုက်မှ မီးပုံးပျံကြီးသည် သဲပေါ်တွင် ပြန်၍ ငြိမ်ဝပ်သွားလေသည်။ သို့သော် ကိုယ်ထည်ကြီးမှာမူ လေတိုးသဖြင့် စုတ်ပြတ်ထွက်လုမတတ် တဝုန်းဝုန်း ရှိနေလေသည်။

ပုခက်အတွင်းသို့ အားလုံး ဝင်မိကြသောအခါ ဒေါက်တာက မီးဖိုကို မီးတောက်စေ၍ ဂျိုးက သဲအိတ်အပိုများကို သွန်ပစ်လေရာ မီးပုံးပျံကြီးလည်း မကြာမီ မြေမှပေ ၂၀၀ အမြင့်သို့ကြွတက်ပြီးလျှင် အရှေ့လေ၏ရှေ့မှ ပြေးလွှားလျက် ရှိလေသတည်း။

ခရီးသည်များသည် မိမိတို့စထွက်သည့်အချိန်မှစ၍ လမ်းတစ်လျှောက်လုံး ကြောက်မက်ဖွယ်ကောင်းသောအဟုန်ဖြင့် ဆောင်ယူခြင်းကို ခံကြရလေသည်။ မီးပုံးပျံကြီးသည် ၎င်း၏ခရီးသည်များအား ဘေးအန္တရာယ်ရှိသော သဲကန္တာရကြီးအတွင်းမှ လုံးဝ လွတ်မြောက်စေလိုသည့် ဆန္ဒရှိဟန်တူသည်။ နံနက် ၉ နာရီအချိန်ခန့်တွင် သူတို့သည် သစ်ပင်များပေါက်သည့် အရိပ်နိမိတ်ကို လှမ်းတွေ့ကြရသည်။ ထိုအရာများကား သဲပင်လယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အတွင်း၌ အတန်းလိုက်ပေါက်၍နေကြသော မြက်ပင်များ ဖြစ်ကြသည်။ အချို့နေရာ၌ မြူဆိုင်း၍နေသော တောင်ကုန်းတန်းတစ်ခုသည်လည်း သူတို့မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်။ သဲကန္တာရ၏ အရိပ်နိမိတ်များကား တဖြည်းဖြည်း ပျောက်ကွယ်လျက်ရှိလေပြီ။ ဒေါက်တာသည် ရောက်ရှိလာသော ဒေသသစ်ကို ဝမ်းသာအားရ ကြည့်ရှုရင်း မျှော်စင်ပေါ်မှ ကြည့်နေသော သင်္ဘောသားတစ်ယောက်ကဲ့သို့ စိတ်မထိန်းနိုင်ဘဲ "ကုန်းကိုမြင်ရပြီဟေ့" ဟု အော်ဟစ်လိုက်လေသည်။

နောက်တစ်နာရီခွဲခန့်မျှကြာသော အခါ သူတို့အောက်မှ မြေပြင်သည် မြေပြန့်နည်း၍လာပြီးလျှင် သစ်ပင်ကလေးများသည်လည်း ထိုမှတ်မှ အစုလိုက် အစုလိုက် ပေါက်လျက်ရှိကြသည်။

ဒစ် - "ကျုပ်တို့ ယဉ်ကျေးတဲ့ နယ်တစ်ခုထဲကို ရောက်လာကြပါပြီကောလား"

ဂျိုး - "ယဉ်ကျေးတဲ့နယ်ဟုတ်လား ...မစ္စတာဒစ်၊ နို့ပေမဲ့ နေတဲ့လူလည်း တစ်ယောက်မျှလည်း မမြင်ရပါကလားဗျ"

(ဒေါက်တာက ဝင်၍) "ဒီနှုန်းအတိုင်းသာ သွားမယ်ဆိုရင် နေတဲ့လူတချို့ကို တွေ့ရဖို့ မကြာတော့ပါဘူးကွယ်"

ဂျိုး - "ကျွန်တော်တို့ ခုထက်ထိ လူမည်းတွေရဲ့နယ်ထဲမှာပဲ ရှိသေးသလား သခင်"

ဒေါက်တာ - "ဟုတ်တယ် ဂျိုး၊ နို့ပေမဲ့ မကြာခင် အာရပ်တွေနေတဲ့ ဒေသကို တို့ရောက်မယ်"

လေကောင်းနေသဖြင့် ဝိတိုရိယသည် အရှိန်ကောင်းစွာနှင့် မှန်မှန်ကြီးသွားလျက်ရှိရာ ဒေါက်တာသည် အိမ်မြှောင်ကို စစ်ဆေးကြည့်ရှုသည်တွင်


www.burmeseclassic.com

www.burmeseclassic.com



လေသည် မြောက်အရပ်သို့ တိုက်ခတ်လျက်ရှိကြောင်း ဝမ်းမြောက်စွာ တွေ့ရှိရလေသည်။

ဒေါက်တာ – "ကျုပ်တို့ ကုသိုလ်ကောင်းလာပြီ။ အားလုံး နေရာတကျ ဖြစ်မယ်ဆိုရင် ချက်ရေအိုင်ကြီးကို ကျုပ်တို့ ဒီနေ့ တွေ့ကြရလိမ့်မယ်"

ဒစ် – "ဒီအိုင်ကြီး တော်တော်ကြီးသလားဗျ"

ဒေါက်တာ – "ကြီးတယ်ဆိုလည်း ဟုတ်ရဲ့၊ မကြီးဘူးဆိုလည်း ဟုတ်ရဲ့၊ မိုးတွင်းဆိုရင် ဒီအိုင်ကြီးဟာ မိုင် ၁၂၀ ရှည်တယ်။ နို့ပေမဲ့ နွေဆိုရင်တော့ အတော်ကြီးကို ကျဉ်းပြီးသွားတတ်တယ်"

ခရီးသည်များသည် ချက်အိုင်ကြီးရှိရာ မြောက်စူးစူးသို့ စီးဆင်းနေသည့် ရာရီ မြစ်ကြောအတိုင်း လိုက်သွားကြသည်။ မြစ်ကမ်းနှစ်ဖက်သည် သစ်ပင်များ ချုံနွယ်ပိတ်ပေါင်းအမျိုးမျိုးဖြင့် ဖုံးအုပ်လျက် လှပဆန်းကြယ်သောအရောင်မျိုးစုံ ထွက်နေလေသည်။ မြစ်လယ်ရှိ ကျွန်းကလေးများပေါ်တွင် မိကျောင်းကြီးအချို့မှာ နေစာလှုံနေကြလျက် အချို့လည်း ရေထဲတွင် ကူးခတ်သွားလာနေကြသည်။

ယင်းသို့ သဘာဝ၏ရှုမျှော်ခင်းကို ကြည်နူးနှစ်သိမ့်ရင်းဖြင့်သူတို့သည် ထိုအခါတွင် ကင်မရွန်းနယ် မြောက်ပိုင်း ဖြစ်နေသည့် ခရိုင်ဒေသကို ကျော်လွန်၍ သွားကြသည်။ နံနက် ၉ နာရီတွင် ချက်ရေအိုင်ကြီး၏ ကမ်းခြေသို့ ဆိုက်ရောက်ကြ၏။ ယင်း၏အတိုင်းအတာကို နှစ်ပေါင်းများစွာပင် တိတိကျကျ စွာ မသိရှိခဲ့ရသော အာဖရိကတိုက်၏ ကက်စပီယန်ကြီး (ကက်စပီယန်ပင်လယ်မှာ အာရှတိုက်နှင့် ဥရောပတိုက်ကြားတွင် ရှိသည်) သည် မျက်စိတစ်ဆုံး တည်ရှိနေသည်။ ရေအိုင်ကြီးပတ်ဝန်းကျင်၌ ဖြတ်သန်း၍ မသွားနိုင်လောက်အောင်ထူထပ်လျက်ရှိသောရွှံ့ညွန်များကလည်းယင်း၏အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရှည်ကို အတိအကျ မသိနိုင်အောင် တားဆီး၍ ထားသကဲ့သို့ ရှိနေသည်ကို မြင်ကြရသည်။

အိုင်ကြီးအတွင်း၌ ရေလယ်ကျွန်းကလေးများသည် မရေတွက်နိုင်လောက်အောင် ပေါ်ထွန်းနေကြသည်ဖြစ်ရာ အဆိုပါ ကျွန်းကလေးများပေါ်၌ ကြောက်မက်ဖွယ်ကောင်းသော လူသတ်ဓားပြများ နေထိုင်လျက်ရှိကြပြီး ထိုသူများသည် သဲကန္တာရ အတွင်း၌ ကုလားအုတ်များဖြင့် သွားလာကာ ခရီးသည်တို့ကို တိုက်ခိုက်လုယက်သတ်ဖြတ်လေ့ ရှိသော ဓားပြများကဲ့သို့ပင် ဆိုးရွား ရက်စက်ကြသည်။ အဆိုပါ လူရိုင်းဓားပြများသည် ဝိတ်ရီယကြီးကို ဓားများ၊ ကျောက်တုံးများနှင့် ပစ်ခတ်ဖမ်းဆီးရန် ပြင်ဆင်လျက်ရှိကြကုန်၏။ သို့ရာတွင် မီးပုံးပျံကြီးကား သူတို့ လက်လှမ်းမမီနိုင်သောနေရာသို့ မကြာမီ ရောက်ရှိသွားပြီးလျှင် ကျွန်းများပေါ်သို့ ကြီးမားသော ပိုးဖလံကောင်ကြီးတစ်ကောင်ကဲ့သို့ ဖြတ်သန်း၍ သွားလေသည်။ ထိုခဏ၌ ဘေးပတ်လည်သို့ ကြည့်ရှုနေသော ဂျိုးက ဒစ်ဘက်သို့ လှည့်လျက် –

"ကဲ ...မစ္စတာဒစ်၊ တစ်ခုခုကို အမြဲပစ်ခတ်ချင်နေတဲ့ ခင်ဗျားအတွက် အခွင့်အရေးတစ်ခုတော့ ပေါ်လာပြီ"

"ဘာများလဲ ဂျိုးရဲ့"

"ကျွန်တော်တို့ဆီကို ပျံလာနေတဲ့ ဟောဟိုအပေါ်က ငှက်အုပ်ကြီးကို ခင်ဗျားမြင်တယ်မဟုတ်လား"

"ဘာ ...ငှက်အုပ်ကြီး ဟုတ်စ။ ဒါတော့ ဒီကျောင်တွေ ဝေးဝေးက တို့ကိုကွင်းပြီး သွားစေချင်တာပဲ" ဟု ဒေါက်တာ သူ၏မှန်ပြောင်းကို ကောက်၍ကိုင်ရင်း ဝင်ပြောလိုက်သည်။

"သူတို့က ဘေးအန္တရာယ်ပြုတတ်ကြလို့လားသခင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်တွေက မှတ်ဆိတ်ရှည်လင်းတမျိုးတွေကွယ့်။ ပြီးတော့လည်း အကြီးဆုံး အကောင်မျိုးတွေ။ သူတို့က တို့ကို ဝင်ပြီး တိုက်ချင်တိုက်ကြမှာ"

"ဒီလိုဆိုလည်း ကျုပ်တို့ကိုယ်ကျုပ်တို့ ကာကွယ်ကြရတာပေါ့ ဆင်မြူ ယယ်ရယ်၊ သူတို့ကိုကြိုဆိုစည့်ခံဖို့အတွက် ကျုပ်တို့မှာလက်နက်တိုက်ကြီး အဆင်သင့်ရှိသားပဲ။ ကျုပ်ကတော့ သူတို့ကို သိပ်မြှီး ကြောက်စရာကောင်းလိမ့်မယ်လို့ မထင်မိပါဘူး"

"ဘယ်သူ အတပ်သိနိုင်မလဲဗျ"

နောက် ၁၀ မိနစ်မျှကြာသောအခါ ငှက်အုပ်ကြီးသည် သေနတ်တစ်ပစ် အကွာလောက်သို့ ရောက်လာကြရာ လေထဲတွင် ငှက်များ၏အသံဆိုးကြီး များဖြင့် ဆူညံလျက် ရှိကြ၏။ သူတို့သည် မီးပုံးပျံကြီး၏ ပုံသဏ္ဌာန်ကို မြင်ရ သဖြင့် ကြောက်လန့်သွားကြမည်ထက် ဒေါသရန်ပြုလိုသော ဟန်ဖြင့် ပျံသန်း ၍ လာကြ၏။ ထို့နောက် ၎င်းတို့သည် မီးပုံးပျံကို စက်ဝိုင်းကြီးသဏ္ဌာန် လှည့် ပတ်၍ ပျံသန်းနေကြရာမှ တဖြည်းဖြည်း နီးကပ်လာကြသည်။

"သူတို့လမ်းကို သူတို့ သွားကြမှာပဲ ထင်ပါရဲ့" ဟု ဒစ်က သူ၏ရိုင် ဖယ်ကို မောင်းတင်ရင်း ပြောလိုက်သည်။

စင်စစ်သော်ကား ကြောက်မက်ဖွယ်ကောင်းသော ဤငှက်ကြီးများ သည် နီးသည်ထက် နီးကပ်လာပြီဖြစ်လျက် ၎င်းတို့အနက်တစ်ကောင်က မူ ဒစ်၏လက်စွမ်းကို စမ်းလိုသကဲ့သို့ ပုခက်နှင့် ပေ ၅၀ အတွင်းသို့ပင် ချဉ်း ကပ်လာလေသည်။

ဒစ် - "ကျုပ်တော့ ဒီကောင်တွေကို လက်တည့်စမ်းလိုက်ချင်ပြီ"

ဒေါက်တာ - "မလုပ်နဲ့ .. ဒစ်၊ အကြောင်းမရှိဘဲ သူတို့ကို ဒေါသထွက် အောင် သွားမလုပ်လေနဲ့။ အရေးရှိရင်သာ အဆင်သင့်ဖြစ်အောင် လုပ်ထား နိုးပေမဲ့ ကျုပ်အမိန့်မပေးမချင်းတော့ မပစ်နဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးများသည် နောက်သို့ တစ်စုတစ်ရုံးတည်း အနည်းငယ် ဆုတ်၍ သွားကြပြန်၏။ ခရီးသည်များသည် အမွေးမရှိဘဲ ပြောင်ချောနေသော သူတို့၏ လည်ပင်းကြီးများနှင့် ဒေါသထွက်၍ဖောင်းပွနေသော ရင်အုပ် ပြာနှမ်းနှမ်း ကြီးများကို မြင်ရလေသည်။ အကောင်ကြီးများမှာလည်း အဆမတန်ကြီး မားလှသည်ဖြစ်ရာ ကိုယ်လုံးကြီးများ၏ အလျားမှာ ၃ ပေမျှ ရှည်လျားလျက် ဖြူဖွေးသော အတောင်များ၏ အောက်ပိုင်းများသည် နေရောင်ထဲတွင် တလက်လက် ဖြစ်နေကြလေသည်။

ထို့နောက် ငှက်ကြီးတစ်ကောင်သည် နှုတ်သီးနှင့် ခြေသည်းများကို ဖြန့်ကားကာ မီးပုံးပျံကြီးကို ထိုးဆိတ်တိုက်ခိုက်တော့မည့်ကဲ့သို့ အောက်သို့ ရုတ်တရက် တည့်တည့်ကြီး စိုက်ဆင်းလာလေသည်။

ဒေါက်တာ - "ပစ်ဗျို့... ပစ်ပစ်"

စကားမဆုံးမီ သေနတ်ထိမှန်ခြင်းကို ခံလိုက်ရသော ငှက်ကြီးသည် လယာပြင်ထဲသို့ ဇောက်ထိုးမိုးမျှော် ကျဆင်းသွားလေသည်။

ဒစ်သည် နှစ်လုံးပြူးသေနတ်တစ်လက်ကို ဆွဲယူလိုက်ပြန်ရာ ဂျိုးက အခြားတစ်လက်နှင့် ချိန်ရွယ်နေလေသည်။

လင်းတကြီးများသည် သေနတ်သံကြောင့် ကြောက်လန့်ကာ ခေတ္တ ဆုတ်ခွာသွားကြသော်လည်း ချက်ချင်းပင် ဒေါသတကြီးဖြင့် ထိုးဆိတ် တိုက်ခိုက်ရန် ပြန်၍ လှည့်လာကြပြန်လေသည်။ ဒစ်က ကျည်မတစ်လုံး တည်းနှင့် ငှက်တစ်ကောင်၏ဦးခေါင်းကို ပစ်ခြွေလိုက်သကဲ့သို့ ဂျိုးကလည်း အခြားတစ်ကောင်၏ အတောင်တစ်ဖက်ကို စုတ်ထွက်သွားစေ၏။

ထိုအခါ ငှက်ကြီးများသည် ၎င်းတို့၏စစ်ဗျူဟာကို တစ်မျိုးတစ်ဖုံပြောင်း လဲလိုက်ပြီးလျှင် မီးပုံးပျံကြီး၏ အထက်သို့ တစ်စုတစ်ရုံးတည်း ပျံတက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြံလေသည်။ ဒစ်က ဖာဂတ်ဆင်အား လှမ်းကြည့်လိုက်၏။ အကြံဉာဏ်ကောင်းလှသော ဖာဂတ်ဆင်ပင်လျှင် မျက်နှာဖြူရော်ရှိနေတော့၏။ အတန်ကြာ တိတ်ဆိတ်၍နေပြီးလျှင် မီးပုံးပျံ၏ ကိုယ်ကြီးဆီမှ ဖြိခနဲ ပြသွားသော ပိုးထည်စ၏အသံကို ကြားလိုက်ရပြီးနောက် ခရီးသည်များ၏ ခြေအောက်မှ ပုခက်ကြီးသည် အောက်သို့နိမ့်ကျလျက်ရှိလေသည်။

"ကျုပ်တို့တော့ သွားပြီဗျို့" ဟု ဒေါက်တာက လျင်မြန်စွာ ပြဒါးချိန်တက်လျက်ရှိသော ဘာရိုမီတာကို ကြည့်ရင်း ပြောလိုက်ပြီးမှ ဆက်၍ "သဲအိတ်တွေကို သွန်ပစ်ဟေ့" ဟု အမိန့် ပေးလိုက်လေသည်။ စက္ကန့်အနည်းငယ်အတွင်း၌ အလေးတင်းထားသော သဲများ တစ်စမကျန် ပျောက်ကွယ်သွားလေသည်။

"ကျနေတုန်းပဲ ရှိပါသေးသလား။ ရေလှောင်ကန်တွေကို ဖွင့်ထုတ်ပစ်ဦးဟေ့။ နားလည်ရဲ့လား။ တို့အိုင်ကြီးထဲကို ကျနေပြီ"

ဂျိုးသည် အမိန့်အတိုင်း ပြုလုပ်၏။ ဒေါက်တာလည်း အောက်သို့ငုံ့ကြည့်ရာ သူတို့နှင့်တွေ့ဆုံရန် ပြေးလာသကဲ့သို့ရှိသော ရေအိုင်ကြီးကို တွေ့ရလေသည်။ အောက်မှမြင်ရသော အရာဝတ္ထုများလည်း ပို၍ထင်ရှား လာကြသည်။ ပုခက်ကြီးကား ရေအိုင်ကြီး၏ မျက်နှာပြင်နှင့် ပေ ၂၀၀ ခန့်မျှသာ ဝေးကွာတော့၏။

"စားနပ်ရိက္ခာတွေကိုပစ်ချဟေ့" ဟုဒေါက်တာက ဆက်လက်၍အမိန့်ပေးပြန်သည်။ သို့နှင့်ရိက္ခာသေတ္တာကြီးကိုပစ်ချပြီးသောအခါ အကျအနည်းငယ် နှေးသွားလေသည်။ သို့သော် ကျမြဲလျက် ကျလျက် ရှိနေ၏။

"ထပ်ပြီး ပစ်ချဦးဟေ့" ဟု ဒေါက်တာက ဆက်လက် အမိန့်ပေးပြန်ရာ ဒစ်က "ပစ်စရာ ဘာမျှ မကျန်တော့ဘူး" ဟု ပြန်ပြောလေသည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com

ဂျိုးကမူ "ဟုတ်ကဲ့" ဟုဆိုကာ သူ့ကိုယ်သူ ပုခက်နံဘေးသို့ ကျော်လွှားကာ ပစ်ချလိုက်လေသည်။

"ဟဲ့…ဂျိုး…ဂျိုး…" ဟု ဒေါက်တာက ထိတ်လန့်တကြား အော်လိုက်သော်လည်း ဂျိုးကား သူ့စကားကို မကြားတော့ချေ။

ထိုခဏ၌ အလေးချိန်များစွာ ပေါ့၍သွားသော ဝိတိုရိယကြီးသည် ပေ ၁၀၀၀ ခန့်အမြင့်သို့ ရောက်အောင် ရုတ်တရက် ထိုးတက်သွားလေသည်။ အပေါ်ဖုံးပိုးသား၏ စုတ်ပြဲသွားသော နေရာမှလေများ တဝီးဝီး ဝင်နေသော မီးပုံးပျံကြီးသည် ရေအိုင်ကြီး၏ မြောက်ဘက်ကမ်းခြေသို့ သူတို့အား ဆောင်ကြဉ်းသွားလေ၏။

"ဂျိုးတော့ ဆုံးပါပြီ" ဟု ဒစ်က မချမ်းမြေ့လှသော အသံကြီးနှင့် တုန်တုန်ယင်ယင် ပြောသည်ကိုဖာဂတ်ဆင်ကပြန်၍ "ကျုပ်ကိုညာလို့သူ့ခမျာဒီလိုဖြစ်ရရှာတာပါပဲ" ဟုပြောရင်း သူရဲကောင်းကြီးနှစ်ဦးမှာ မျက်ရည်များ အိုင်ထွန်းလာကြလေသည်။ ပုခက်လက်ရန်းပေါ်မှငုံ့ကာ ဂျိုးအား တွေ့ရှိနိုးနှင့် ကြည့်ရှုကြပါသေး၏။ သို့သော် ဂျိုးအား အစအနကိုမျှ မမြင်ရပါပေ။

"ကျုပ်တို့ အခု ဘယ့်နှယ်လုပ်ကြမလဲ"

"တတ်နိုင်သမျှ အမြန်ဆုံး အောက်ကို ဆင်းပြီး စောင့်နေရမှာပေါ့ ဒစ်ရယ်"

မိုင်၆၀ မျှ ခရီးသွားကြပြီးနောက် ဝိတိုရိယကြီးသည် ရေအိုင်၏ မြောက်ဘက်အစွန်းရှိ လွင်တီးခေါင်တစ်ခုတွင် ဆင်းသက်လေသည်။ ကျောက်ကြီးသံချိတ်ကြီးသည် သစ်ပင်နိမ့်နိမ့်တစ်ပင်တွင်သွား၍ ချိတ်မိလေရာ ဒစ်က နိုင်မြဲအောင် ပြုလုပ်လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညဥ့်ဘက်သို့ တဖြည်းဖြည်း ကူးလာခဲ့၏။ သို့ရာတွင် ဖာဂတ်ဆင်နှင့် ဒစ်တို့ကား တစ်ရေးမျှပင် အိပ်၍ မပျော်ကြပေ။

❖ ❖ ❖

နံနက်လင်းလျှင် လင်းချင်း ဒေါက်တာဖာဂတ်ဆင်နှင့် ဒစ်တို့ ရှေးဦးစွာပြုလုပ်ကြရမည်ကား သူတို့ဆင်းသက်ခဲ့သော ရေအိုင်ကြီး၏ ကမ်းခြေအလျှောက်ကို လှည့်ပတ်ရှာဖွေကြရန်ဖြစ်သည်။ ထိုနေရာမှာ ကျယ်ပြန့်သော နှံ့ညွန်ပြင်ကြီး၏အလယ်မှ မြေမာကျွန်းကလေးတစ်ကျွန်းပင်ဖြစ်လေသည်။ သူငယ်ချင်းနှစ်ယောက်သည် ကံဆိုးသော မိမိအဖော်အကြောင်းကို နှုတ်မှဖွင့်ဟ၍ မပြောရက်နိုင်အောင် ရှိကြရာမှ ဒစ်က ဂျိုးအကြောင်းကိုစ၍ ပြောလေသည်။

"ဂျိုးဟာ ပျောက်ပြီးကျန်ခဲ့မှာတော့ မဟုတ်ဘူး။ သူက ဉာဏ်စွမ်းဉာဏ်စလည်းကောင်း၊ ရေကူးလည်း ကောင်းတဲ့ သူငယ်တစ်ယောက်ပဲ။ ကျုပ်စိတ်ထဲမှာတော့ သူ ပြန်လာလိမ့်မယ်ထင်တာပဲ။ နို့ပေမဲ့ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့နဲ့ မြန်မြန်ဆုံမိအောင် သူ့ကို တတ်နိုင်သမျှ အကူအညီပေးရမယ့် ကိစ္စကိုတော့ ကျုပ်တို့ လျစ်လျူရှုနေလို့ မဖြစ်ပေဘူး"

(မရှိတင်ကဲ လိုက်လှဲသော အသံဖြင့်) "ဘုရားမလို့ ဒီအတိုင်းပဲ ဖြစ်ပါစေဗျာ။ ကဲ ... ကဲ ဒါဖြင့် ကျုပ်တို့ လုပ်စရာရှိတာကို လုပ်လိုက်ကြရအောင်။ လင်းတတွေကြောင့် ပြဲသွားတဲ့ ဗိတိုရိယကြီးရဲ့ အပေါ်ထပ်အဝတ်ကြီးဟာ ဘာမျှ အသုံးကျတော့မှာ မဟုတ်လို့ ခွာပစ်ကြရလိမ့်မယ်။ ဒါအတွက် ကျုပ်တို့မှာ ပေါင်ချိန် ၆၅၀ လျော့သွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနှင့် ဒစ်တို့သည် ထိုအလုပ်ကို ပြီးစီးသည်အထိ ၄ နာရီတိုင်တိုင် ခဲယဉ်းစွာ ပြုလုပ်ကြရလေသည်။ သို့နှင့် အပေါ်ထပ်ကို ခွာပြီးသော အခါ ဝိတိုရိယကြီး၏ ကိုယ်လုံးသည် ၅ ပုံ ၁ ပုံခန့် ငယ်သွားလေသည်။

ဒစ် - "မီးပုံးပျံက ကျုပ်တို့ကို သယ်နိုင်ပါဦးမလား"

ဒေါက်တာ - "ဒီအတွက် စိုးရိမ်စရာမလိုပါဘူးဗျာ။ ကျုပ်တို့ရဲ့ စားရေရိက္ခာတွေနဲ့ တခြားပစ္စည်းတွေကို အခုလက်ရှိ မီးပုံးပျံကြီးနဲ့ ချိန်သားကိုက်အောင် ပြန်ပြီး စီစဉ်ရမှာပေါ့။ ကျုပ်တို့ရဲ့ ခရီး တကယ်လို့ ပြန်ရောက်လာရင်တော့ ကျုပ်တို့ခရီးကို ကောင်းကောင်းမွန်မွန်ဆက်ပြီး ထွက်နိုင်ကြမှာပါပဲ"

"ကျုပ်ကတော့ သူ့သတ္တိနဲ့ စွမ်းရည်ကို ကောင်းကောင်းကြီး ယုံကြည်နေမိတာပါပဲဗျာ"

"အဲဒါကြောင့် အစစအရာရာ အဆင်ပြေလိမ့်မယ်လို့ ကျုပ်လည်း မျှော်လင့်နေတာပဲ။ ဒါနဲ့ ကျုပ်တို့စားနပ်ရိက္ခာတွေကို ပြန်ဖြည့်ရအောင်။ ခင်ဗျား သေနတ်ပစ်ထွက်ချင်ရင်ထွက်နိုင်ပြီ ဒစ်ရေ။ ဒါပေမဲ့ ဝေးဝေးတော့ သွားမနေနဲ့ဦးနော်"

"ကောင်းပါပြီ ဆင်မြူယယ် ...ကျုပ်ဝေးဝေး မသွားပါဘူး"

ဒစ်သည် နှစ်လုံးပြူးသေနတ်ကို ယူ၍ မကြာမီ ရေအိုင်ကြီး ဘေးတ လည်တွင် ပေါက်နေသော ကိုင်းတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား လေ၏။

ထိုအတွင်း၌ ဒေါက်တာသည် ပုခက်တွင်းမှ ကျန်ရှိသော ပစ္စည်းများ ဒုတိယမီးပုံးပျံ၏ ကိုယ်လုံးအင်အားနှင့် ကိုက်စေရန် ပြန်လည်ပြင်ဆင် ချိန်ဆထည့်သွင်းခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိလေ၏။ သူသည် ဂျိုး တွင် သဲအိတ်ကို အစားထိုးထားသည်။ ယင်းသို့ တစ်နေကုန် အလုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဒစ်ပြန်ရောက်လာမှပင် သူ၏လုပ်ငန်းပြီးဆုံးတော့၏။ ဒစ်ကားတောင်နံ့ တောဘဲ၊ စနိုက်နှင့် စစ်စလီငှက်များကို အများအပြား ပစ်ခတ်ရခဲ့သည်ဖြစ်ရာ တာရှည်ခံစေရန် ငှက်များကို အကောင်လိုက် တံစို့ထိုး၍ ခြောက်အောင်မီးကင်ပြီးလျှင် ကောင်မွန်စွာထုပ်၍ ပုခက်ထဲတွင် သိမ်းဆည်းထားလိုက်လေသည်။ ထို့ပြင် နောက်တစ်နေ့၌လည်း ယခုထက်တိုး၍ မိမိတို့၏ ခရီးကိုဖြည့်လိုက်ဦးမည်ဟူ၍ စိတ်ကူးလိုက်မိသေးသည်။

ညစာ စားပြီးကြသောအခါ မိတ်ဆွေနှစ်ယောက်သည် တစ်ယောက်တစ်လှည့် စောင့်၍ အိပ်ကြ၏။ နံနက်လင်းသည့်အခါ ဒေါက်တာက ဒစ်အား နိုးလျှက် "ဂျိုးကိုတွေ့ရအောင် လုပ်ဖို့နည်းလမ်းကို ကျုပ်စဉ်းစားနေတယ်"

"ဘယ်လိုလဲ ... ကျုပ်ကတော့ ဘယ်လိုမှန်း မသိစင်ကတည်းက အဲဒီအကြံကို သဘောတူနေပြီ"

"တတ်နိုင်ရင် ကျုပ်တို့ ဘယ်ရောက်နေတယ်ဆိုတာ ဂျိုးသိအောင်လုပ်ရလိမ့်မယ်။ ကြည့်စမ်း ဒစ်... ပေါ်ဒီလေဟာ ကျုပ်တို့ကို ရေအိုင်ပေါ်ပြန်သယ်သွားလိမ့်မယ်။ ဒီတော့ ရေအိုင်ကြီးပေါ်မှာ ကျုပ်တို့ တစ်နေ့လုံး ဝဲပျံနေအောင် တတ်နိုင်သမျှ ကြိုးစားရလိမ့်မယ်။ ဒီလိုဆိုရင် ကျုပ်တို့ကို ဂျိုးမမြင်ဘဲ နေမှာ မဟုတ်ဘူး။ ဒါမှမဟုတ်လည်း ဂျိုးရှိတဲ့နေရာကို ကျုပ်တို့ တွေ့ချင်တွေ့ကြမှာပဲ"

"သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိရင်တော့ ကျုပ်တို့ကို သိအောင် သူလုပ်မှာပဲ"

"တကယ်လို့ သူအဖမ်းခံနေရတယ်ဆိုရင်လည်း ကျုပ်တို့ကို သူမြင်ပြီး အာလုပ်မယ်ဆိုတာ နားလည်မှာပဲ။ ဒီက တိုင်းရင်းသားတွေက အကျဉ်းသမားကို ပိတ်လှောင်ပြီး မထားတတ်ကြလို့ တော်ပါသေးရဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းဒါဖြင့် ကျုပ်တို့ ထွက်ကြစို့"

ဂျိုးအဖို့ အံ့လွယ်တကူ ပြုလုပ်နေကြဖြစ်သော ကျောက်ဆူးကြိုးသံချိတ်ကြီးအား သစ်ပင်မှ ဖြုတ်ယူရသည့်အလုပ်ကို နှစ်ယောက်သား ခဲခဲယဉ်းယဉ်း ပြုလုပ်ကြရပြီးနောက် ဗိတိုရိယကြီးသည် ပေ ၂၀၀ အမြင့်သို့ ရုတ်တရက် တက်သွားလေ၏။ ၁ မိနစ် ၂ မိနစ်ခန့်မျှ ဝေ့လည်လျက် ရှိနေပြီးနောက် လေကြောင်းတွေ့၍ သွားသဖြင့် မကြာမီ တစ်နာရီလျှင် မိုင် ၂၀ နှုန်းဖြင့် ရေအိုင်ကြီးကို ဖြတ်သန်းလျက်ရှိလေ၏။ ပေ ၂၀၀ နှင့် ၂၅၀ အကြား၌ မီးပုံးပျံအား မှန်မှန်သွားစေရန် ဒေါက်တာက ဂရုစိုက်လျက်ရှိစဉ် ဒစ်က သူ၏ သေနတ်ကို မကြာခဏ ပစ်ဖောက်အချက်ပေးလျက် ရှိလေသည်။

ဒေါက်တာ - "မနေ့က ဒီလေအတိုင်းသာဆိုရင်တော့ ကျုပ်တို့ ဒုက္ခပဲပျို။ ဒီနေ့တော့ ဒီလေနဲ့ ကျုပ်တို့အလုပ်နဲ့ ကိုက်နေတာပဲ"

"ကျုပ်တော့ ဘာမျှ မတွေ့ရဘူး" ဟု ဒစ်က ပြန်ပြောလိုက်၏။ ထိုအချိန်၌ ၂ နာရီတိုင်တိုင် နေရာကွက်လပ် မကျန်အောင် နံ့နံ့စပ်စပ် ကြည့်ရှုခဲ့ကြပြီးဖြစ်ရာ လွန်ခဲ့သည့်တစ်နေ့က သူတို့ထွက်ခွာလာခဲ့သည့်နေရာသို့ပင် ပြန်၍ရောက်လုနီးလာလေပြီ။

"တော်ရုံနဲ့ ကျုပ်တို့ စိတ်ပျက်လို့ ဘယ်ဖြစ်မလဲ ဒစ်ရယ် ...သည်းခံမှပေါ့။ အခင်းဖြစ်ပွားတဲ့ နေရာနဲ့လည်း ကျုပ်တို့ သိပ်ပြီး ဝေးတော့မယ် မဟုတ်ပါဘူး"

၁၁ နာရီလောက်တွင် ဗိတိုရိယသည် မိုင် ၉၀ မျှခရီးပေါက်လာခဲ့ပြီဖြစ်ရာ ထိုအချိန်၌ သူတို့လာခဲ့ရင်း လမ်းကြောင်းသို့ရောက်အောင် ပြန်ပို့လျက်ရှိသော လေကြောင်းတစ်ခုနှင့်တွေ့နေကြရလေသည်။ ယခုအတိုင်းသာ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လက်သွားနေမည်ဆိုပါက သဲကန္တာရထဲသို့ပြန်ရောက်သွားမည်ကိုဒေါက်တာမှာ စိုးရိမ်ပူပန်လျက်ရှိ၏။

"ရပ်ပြီး မြေပြင်ကို ကျုပ်တို့ ဆင်းကြရလိမ့်မယ်ဗျ။ နို့ပေမဲ့ ပထမဆုံး လုပ်ရမှာက အခု လေနဲ့ ဆန့်ကျင်ဘက် လေကြောင်းတစ်ခုကို ကျုပ်တို့ရှာကြရလိမ့်မယ်"

အနိမ့်အမြင့်အမျိုးမျိုးတွင် ရှာဖွေစမ်းသပ်ပြီးနောက် မြောက်ဘက်သို့ တိုက်ခတ်နေသောလေကြောင်းစပ်ပြင်းပြင်းတစ်ခုနှင့် တွေ့ရှိကြလေသည်။ သို့နှင့် လွန်ခဲ့သည့်နေ့က စခန်းချခဲ့သည့် နေရာပေါ်သို့ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြသည်ဖြစ်ရာ ကျောက်ဆူးသံချိတ်မှာ ထူထပ်စွာ ယှက်သန်းနေသော ကိုင်းမြစ်များအကြားတွင် မြဲမြံစွာ ချိတ်တွယ်မိလျက် ရှိလေသည်။ လေမှာ ပြင်းထန်လှသည်ဖြစ်ရာ မီးပုံးပျံကြီးအတွက် အတော်ပင် အခက်အခဲတွေ့ကြရသေး၏။ ညဥ့်အချိန်သို့ရောက်မှ လေငြိမ်သွားသဖြင့် မိတ်ဆွေနှစ်ယောက်မှာ စိတ်လက်မချမ်းမသာနှင့်ပင် အတူတကွ စောင့်ကြပ်လျက်ရှိကြလေ၏။

နံနက်လင်းအားကြီးတွင် လေပြန်၍ထန်လာရာ ငြိမ်သက်စွာ ရပ်တည်၍မနေနိုင်ဘဲ လှုပ်ရှားလာလေသည်။

"ကျုပ်တို့ ထွက်မှပဲဒစ်ရေ။ ဒီမှာဆက်နေဖို့ မဖြစ်တော့ဘူး"

"ဒါဖြင့် ဂျိုးအတွက် ဘယ့်နယ် လုပ်မလဲ"

"ဂျိုးကို ကျုပ် ဘယ်ပစ်ထားပါ့မလဲ။ နို့ပေမဲ့ ဒီမှာ ဆက်နေလို့က ကျုပ်တို့အတွက်ရော ဂျိုးအတွက်ရော ဘေးရန်မကင်းဘူးဗျ"

သို့သော် ထွက်ခွာရန် အခက်အခဲတစ်ခု အကြီးအကျယ် တွေ့၍နေပြန်၏။ သံချိတ်မှာ အတွင်းသို့ နက်စွာဝင်၍ ချိတ်တွယ်နေသည့်ပြင် မီးပုံးပျံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုမူသည်း လေက အထက်သို့ပင့်တိုက်ကာ ဆွဲယူလျက်ရှိသောကြောင့် ချိတ်ကိုဖြုတ်ရမည့်အလုပ်မှာ များစွာခဲယဉ်း၍ နေလေသည်။ သို့နှင့် မတတ်နိုင်သည့်နောက်ဆုံး၌ ဒေါက်တာက သံချိတ်ကြိုးကို ဖြတ်လိုက်သဖြင့် မီးပုံးပျံကြီးသည် ပေ ၃၀၀ အမြင့်သို့ ရုတ်တရက် ဆောင့်ထက်သွားလေ၏။ အပေါ်၌ တိုက်ခတ်နေသော လေမုန်တိုင်းကိုကား ဒေါက်တာသည် မည်သို့မျှမတတ်နိုင်ဘဲ လက်ပိုက်၍သာ ကြည့်နေရလေတော့၏။

သို့နှင့် ဗိတိုရိယသည် တဘူးနယ်ကို ကျော်လွန်ခဲ့ပြီးနောက် ဆူဒန်နယ်ဖြစ်သော သဲကန္တာရတစ်ခုထဲသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့လေ၏။ ဒေါက်တာ၏ ပဲ့ကိုင်ခြင်းကို မခံယူဘဲ ပျံသန်းလာခဲ့သော မီးပုံးပျံကြီးသည် ၃ နာရီအတွင်း၌ မိုင် ၆၀ မျှ ခရီးပေါက်ခဲ့လေ၏။

ဒေါက်တာ- "ကျုပ်တို့ရပ်လည်း မရပ်နိုင်၊ ဆင်းလည်း မဆင်းနိုင်ကြဘူး။ သစ်ပင်ကလေး၊ တောင်ပူစာကလေးဆိုလို့လည်း တစ်ခုမျှ မမြင်ဘူး။ ဘုရားမ,ဂို့ ဆဟားရား သဲကန္တာရကိုတော့ ကျုပ်တို့ မဖြတ်ပါရစေနဲ့ဗျာ"

ထိုခဏ၌ လေပွေနှင့် တွေ့သဖြင့် ပုခက်ကြီးသည် ပြင်းထန်စွာ ယမ်းခါလျက်ရှိရာ ခရီးသည်များ လွင့်စဉ်ကျမသွားစေရန် ဆုပ်ကိုင်ထားကြရလေသည်။ ထို့နောက် ဗိတိုရိယကြီးသည် မမျှော်လင့်ဘဲ ရုတ်တရက် ငြိမ်သွားပြန်၏။ မြောက်ဘက်မှ လေကြောင်းတစ်ကြောင်းသည် ယခင်နှုန်းမျိုးနှင့် တိုက်ခတ်ကာ မီးပုံးပျံကြီးအား လာခဲ့သည့် လမ်းအတိုင်း ပြန်လည်ပို့ဆောင်လျက်ရှိကြလေ၏။

"ကျုပ်တို့အခု ဘယ်ကို သွားနေကြတာလဲ"

"ဘုရားကိုသာ အောက်မေ့ပေတော့ဒစ်ရေ၊ ကျုပ်မှန်းတာ မရဲခဲ့ဘူး ဆိုရင်တော့ ကျုပ်တို့ ဘယ်တော့မျှ ပြန်မြင်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေကို ပြန်သွားနေကြရတာပဲ။ အရေးကြီးတာကတော့ ကူးအားမြို့နဲ့နီးနိုင်သမျှနီး ဘိုးနူး ခရိုင်ထဲက တစ်နေရာရာကို ရောက်ဖို့ပဲ"

"လေကတော့ အရှိန်လျော့ပုံရလာပါပြီ။ ပြီးတော့ မိုးကုပ်စက်ဝိုင်းလည်း ကြည်ကြည်လင်လင် ပြန်ဖြစ်လာတယ်"

"ဒီလိုဆိုရင် ကောင်းတာပေါ့။ ဒစ်ရဲ့မှန်ပြောင်းနဲ့ ကျုပ်တို့သေသေချာချာ ဂရုစိုက်ကြည့်ကြရလိမ့်မယ်။ နေရာကလေးတစ်ကွက်မျှ မကျန်ရစ်ခဲ့အောင် သတိထားပေတော့"

"အဲဒီတာဝန်ကို ကျုပ်ယူပါ့မယ် ဆင်မြှူယယ်။ ပထမဆုံး သစ်ပင်ကို မြင်မြင်ချင်း ခင်ဗျားကို ကျုပ်ပြောပါ့မယ်"

သို့နှင့် ဒစ်သည် မှန်ပြောင်းကိုယူကာ ပုခက်ရှေ့ပိုင်းမှနေ၍ စိတ်အားထက်သန်စွာ ကြည့်ရှုလျက်ရှိလေ၏။

❖ ❖ ❖

အတန်ကြာသောအခါ ဒစ်သည် ဒေါက်တာဘက်သို့ လှည့်လျက်-

"ကျုပ် မျက်စိများမှားသလား မပြောတတ်ဘူး။ ဟောဟိုရှေ့က တရွေ့ရွေ့သွားနေကြတာဟာ မြင်းစီးသမားတစ်စု ဖြစ်မှာပဲ။ ဖုန်တွေ တထောင်းထောင်း ထနေတော့ သူတို့ကို ကွဲကွဲပြားပြားတော့ မမြင်ရသေးဘူး"

ဒစ်ညွှန်ပြရာသို့ လှမ်းမျှော်ကြည့်ရှုရင်း "သူတို့နေရာက ၉ မိုင် ၁၀ မိုင်လောက် ဝေးနေတာပဲ။ မှန်ပြောင်းနဲ့ကြည့်တောင်မှ ကွဲကွဲပြားပြားမြင်နိုင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း နို့ပေမဲ့ ကျုပ်တော့ သူတို့ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ သူတို့သွားနေကြပုံက ကျုပ်စိတ်ထဲမှာ ထူးခြားသလို ဖြစ်နေတယ်။ မြင်းတပ်သားတွေ သွားနေကြပုံမျိုးနဲ့ မတူဘူး"

(ဒစ်က အတန်ကြာ သေချာစွာ စူးစိုက်ကြည့်ရှုပြီးမှ ဆက်လက်၍) "ဟုတ်တယ် ကျုပ်ပြောတာမှန်တယ်။ သူတို့ဟာ မြင်းစီးသမားတွေပဲ ကြည့်စမ်းပါလား"

ဒေါက်တာသည် မှန်ပြောင်းကိုယူကာ ရွေ့လျားနေသော အရာဝတ္ထုများကို စေ့စေ့စပ်စပ် ကြည့်ရှုလေသည်။

"ခင်ဗျား ပြောတဲ့အတိုင်း အမှန်ပဲ။ ဧကန္တ အာရပ်တပ်ခွဲကလေးတစ်ခု ဖြစ်မှာပဲ။ သူတို့သွားနေကြတာ ကျုပ်တို့နဲ့ တပြေးတည်းပဲဗျ။ နို့ပေမဲ့ ကျုပ်တို့က ပိုမြန်လေတော့ သူတို့ကို မကြာမီမီလာမှာပဲ။ နောက်နာရီဝက်လောက်ကြာရင် သူတို့ ဘာလုပ်နေကြတယ်ဆိုတာ ကျုပ်တို့ သိရမှာပေါ့ဗျာ"

(ဒစ်က အတန်ကြာအောင် မှန်ပြောင်းနှင့် ထပ်ကြည့်ရင်း) "ဟုတ်တယ် အာရပ်တွေပဲ။ ကဆုန်ချပြီးစီးနေကြတယ်၊ အား ၅၀ လောက်တော့ ရှိလိမ့်မယ်ထင်တယ်၊ ကျုပ်ဖြင့် လေထဲမှာ တလွှားလွှားလွင့်နေတဲ့ သူတို့ကိုယ်ရုံကြီးကိုတောင် မြင်နေရတယ်။ မြင်းတပ်က တပ်လေ့ကျင့်ခန်းဆင်းနေတာနဲ့ တူပါတယ်ဗျာ၊ သူတို့ခေါင်းဆောင်က ရှေ့ပေ ၁၀၀ အကွာလောက်မှာ ရောက်နေပြီး သူတို့က နောက်က ပြေးလိုက်နေကြတယ်"

"သူတို့ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ကြောက်စရာ မလိုပါဘူး။ အရေးဆိုရင် ဒီထက်မြင့်အောင် ကျုပ်ပျံတက်သွားနိုင်တာပဲ"

(မှန်ပြောင်းနှင့် ဆက်၍ကြည့်ရင်း) "နေဦး . . . နေဦး ဆင်မြူယယ် အတော့်ကိုထူးဆန်းနေပါကလား။ ကျုပ်ဖြင့် သူတို့ပြေးနေကြပုံကို နားမလည်နိုင်အောင်ဖြစ်နေပြီဗျို့။ သူတို့ပြေးနေကြတဲ့နှုန်းနဲ့မညီမညာရှိနေကြပုံတော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် သူတို့ဟာ နောက်လိုက်တပည့်တွေ မဟုတ်ဘဲ ရန်သူကို လိုက်ပြီး ဖမ်းကြတဲ့ လူတွေဖြစ်ရမယ်"

"ခင်ဗျားဟာ သေချာရဲ့လား ဒစ်ရဲ့"

"သေချာတာမှ ကျုပ်ပြောတဲ့အတိုင်း မလွဲပါဘူးဗျာ။ လူတစ်ယောက်ကို သူတို့ လိုက်နေကြတာပဲ။ သူတို့ရှေ့က ပြေးနေတာ ခေါင်းဆောင် မဟုတ်ဘူး။ ထွက်ပြေးတဲ့လူတစ်ယောက်ဗျ"

မီးပုံးပျံကြီးသည် ခြေကုန်နှင်နေကြသော မြင်းစီးသမားများအား မီ၍ လာလေပြီ။

(ဒစ်က အရေးတကြီး အသံဖြင့်) "ဆင်မြူယယ်"

"ဘာလဲ ဘာဖြစ်သလဲ"

"အိပ်မက်များ ဖြစ်နေရော့သလား။ ဖြစ်မှ ဖြစ်နိုင်ပါ့မလား"

"ဘာဖြစ်တာလဲဗျ"

"ခဏနေစမ်းပါဦးဗျာ" ဟု ပြောပြီးလျှင် ဒစ်သည် မှန်ပြောင်းကို အဝတ်နှင့် သုတ်ကာ ထပ်၍ကြည့်ရပြန်လေသည်။

"ဟိုမှာ သူပဲ။ ဆင်မြူယယ်ရေ"

(အသံကျယ်ကျယ်ဖြင့်) "သူ"

ဒစ်က အကျိုးအကြောင်းကို ပြောပြလေသည်။ သူမည်သူဖြစ်ကြောင်း နာမည်ဖော်ပြရန် မလိုတော့ပေ။

"မြင်းပေါ်က လူဟာ သူပါပဲဗျာ။ ရန်သူတွေနဲ့ ခြေလှမ်း ၁၀၀ လောက် တောင် မကွာတော့ဘူး။ သူထွက်ပြေးလာတာ ဖြစ်မှာပဲဗျ"

(မျက်နှာတွင် သွေးရောင်ဆုတ်သွားလျက်) "ဂျိုးအစစ်ပဲ ဗျို့"

"သူကတော့ ပြေးရင်း ကျုပ်တို့ကို မြင်နိုင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



(မီးဖို့မှ မီးတိုလျှော့ပေးရင်း) "ကျုပ်တို့ကို သူမြင်ရစေမပေါ့ဗျာ။ ခဏ ကလေးနေရင်ကျုပ်တို့ သူ့အပေါ် ရောက်သွားကြမှာပဲ"

"ကျုပ်တို့ သေနတ်တစ်ချက်ဖောက်ပြီး သူ့ကို အချက်ပေးရလိမ့်မယ်။ အဲမှ ကျုပ်တို့ကို မြန်မြန်ပိုပြီး အာရုံစိုက်လာလိမ့်မယ်"

အာရပ်များ၏အော်သံကားလေထဲသို့ပင်လွင့်တက်၍လာ၏။ သို့သော် ရှေ့သို့အာရုံစိုက်၍ လိုက်နေကြရသဖြင့် သူတို့သည် မြေပြင်အထက် ပေ ၃၀ ခန့်မျှ မြင့်လျက် သူတို့နောက်ဘက် ခြေလှမ်း ၅၀၀ ခန့်အကွာတွင် ရှိနေသော ဗိတိုရိယကြီးအား သတိမထားမိဘဲ ရှိကြလေသည်။ ထိုအချိန်၌ သူတို့သည် မြင်းအလျား ၂၀ ခန့် အကွာအဝေးအတွင်းသို့ပင် ရောက်နေကြလေပြီ။ ထိုသူများအနက် ဂျိုးနှင့် အနီးဆုံး လူတစ်ယောက်သည် သူ၏လှံနှင့် ဂျိုးအားပစ်ထိုးလုဆဲဆဲတွင်မျက်စိလျင်လှသောဒစ်သည်ထိုသူအားသေနတ် နှင့်ကောင်းစွာချိန်၍ပစ်လိုက်သဖြင့်ထိုသူသည်မြင်းပေါ်မှတံလိမ့်ခေါက်ကွေး လိမ့်ကျသွားလေသည်။ ဂျိုးကား သေနတ်သံကြားသည်ကိုပင်လှည့်၍ မ ကြည့်ချေ။

မြင်းစီးသမားအချို့သည် ရုတ်တရက်ဖက်သတ်လိုက်ကြသဖြင့် ဖုန်များ ထဲတွင်ဗလုံးဗထွေးလိမ့်ကျသွားကြသော်လည်းကျန်လူများကားဆက်လက် လိုက်မြဲလိုက်လျက် ရှိကြလေသည်။

"ဂျိုးက ဘာလုပ်နေပါလိမ့်၊ ဘာကြောင့် မရပ်သေးတာလဲ"

"ဒီထက် ကောင်းတဲ့နည်းကို သူသိလို့ပေါ့ဒစ်ရယ်။ ကျုပ်တော့ သူ ဘာလုပ်နေတယ်ဆိုတာ နားလည်တယ်။ သူ မီးပုံးပျံနဲ့ တညီတည်း ပြေးနေ တယ်။ ဒါ ကျုပ်တို့ကို သူအားကိုးနေတာပဲ။ သတ္တိကောင်းတဲ့ သူငယ်ဗျာ။ ဒီလူယုတ်မာတွေရဲ့မျက်စိအောက်မှာတင်ပဲ သူ့ကို ကျုပ်တို့ခေါ်သွားမယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုမ်း ၂၀၀ လောက်ပဲ ကျုပ်တို့ဝေးပါတော့တယ်"

(ဒစ်က စိတ်အားတက်ကြွသော အမူအရာဖြင့်) "ကျုပ်တို့ ဘာလုပ်ကြမလဲဟင်"

"ပထမဆုံး ခင်ဗျား သေနတ်ကို ဘေးချထားလိုက်။ ဒါနဲ့ ခင်ဗျား ပေါင် ၁၅၀ ရှိတဲ့ သဲအိတ်ကို မနိုင်ပါ့မလား"

"ဒီထက်တောင် မနိုင်သေးရဲ့ဗျာ"

"ဒီလိုဆိုရင် အတော်ပဲ" ဟု ပြောကာ ဒေါက်တာသည် သဲအိတ်များကို ဒစ်၏လက်မောင်းပေါ်သို့ မ၍ ပုံပေးလေ၏။

"ကဲ ပုခက်နောက်ပိုင်းမှာ သွားရပ်နေပြီး သဲအိတ်တွေကို ချက်ချင်း ပစ်ချနိုင်အောင် အသင့်လုပ်ထားပေတော့။ နို့ပေမဲ့ ကျုပ်အမိန့်မရမချင်း မလုပ်ဖို့ကိုတော့ ခင်ဗျားအသက်နဲ့လဲပြီး ဂရုစိုက်ရလိမ့်မယ်နော်"

"ကျုပ်အတွက် စိတ်ချပါဗျာ"

ဝိတိုရိယကြီးကား ဂျိုး၏ နောက်မှ ကပ်လျက် လိုက်နေကြသော မြင်းတပ်သားများ၏ ဦးခေါင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်ရာ ပုခက်အရှေ့ပိုင်းမှ ဒေါက်တာသည် အလျှဉ်းသင့်သော အချိန်တွင် ပစ်ချပေးနိုင်ရန် ကြိုးလှေကားကို လက်ထဲတွင် အသင့်ကိုင်ထားလေ၏။ ဂျိုးကား သူ၏ရန်သူများ ရှေ့၌ ပေ ၅၀ ခန့် ကျော်လျက် ရှိသေးရကား ဝိတိုရိယကြီးသည် ထိုသူများတို့ကျော်လွန်ခဲ့လေပြီ-

(ဒစ်အား လှမ်းအော်၍) "သတိ"

"အသင့်ရှိပါပြီ"

"ဂျိုးရေ... သတိထားကြည့်ပေ့" ဟု ကျယ်လောင်စူးရှသောအသံဖြင့် ဘုန်းအော်ပြောပြီးလျှင် ဒေါက်တာသည် ကြိုးလှေကားကို ပစ်ချလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံး လှေကားထစ်သည် ဖုန်တောထဲတွင် တရွတ်တိုက်၍ သွားလေသည်။ ဒေါက်တာ၏ အော်သံကို ကြားသောအခါ ဂျိုးသည် မြင်းကို ဇက်မသတ်ဘဲ နောက်သို့ လှည့်ကြည့်လေသည်။ အနီးသို့ ကြိုးလှေကား ရောက်လာသည်နှင့်တစ်ပြိုင်နက် သူသည် တစ်ခါတည်း ဖမ်း၍ဆွဲလိုက်လေ၏။

"သဲအိတ်တွေကို ပစ်ချတော့ဗျို့"

"ပစ်ချလိုက်ပြီဗျို့" ဟူသော ဒစ်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဂျိုး၏ ကိုယ်ထက်ပိုသော အလေးချိန်တစ်ခုပေါ့သွားသော ဗိတ္တိုရိယကြီးသည် ပေ ၁၅၀ အမြင့်သို့ ချက်ချင်း ထိုးတက်သွားလေ၏။

ဂျိုးသည် သူ၏အလေးချိန်ကြောင့်သွက်သွက်ခါအောင် ကြိုးလှေကားလှုပ်ယမ်းလျက်ရှိစဉ် မြဲမြံစွာ ဆုပ်ကိုင်ထားပြီးမှ ဆပ်ကပ်ပွဲထဲမှ လူပြက်တစ်ယောက်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ အပေါ်သို့ တက်သွားပြီးလျှင် မိတ်ဆွေများ၏ လက်မောင်းကြားထဲသို့ ရောက်ရှိသွားလေ၏။

သူတို့၏ရန်သူကို မီးပုံးပျံကြီးက သယ်ဆောင်ကာ လျင်မြန်စွာ ဝေးကွာသွားသည်ကို မြင်ကြရသောအခါ အာရပ်များသည် အံ့သြခြင်းဖြင့် စူးရှကျယ်လောင်စွာ အော်ဟစ်လျက် ရှိကြတုန်၏။

"သခင် . . . မစ္စတာဒစ်" ဟု ဂျိုးသည် နှစ်ခွန်းမျှသာ ခေါ်နိုင်သည်။ ထို့နောက် သူသည် ဒစ်က ကျယ်လောင်သောအသံဖြင့် "လွတ်ပြီကွ...လွတ်ပြီ" ဟု ဝမ်းသာအားရ အော်ဟစ်နေခိုက်တွင် သတိမေ့လျော့သွားလေတော့၏။

ဂျိုး၏တစ်ကိုယ်လုံးကား အကွဲအရှဒဏ်ရာများဖြင့် သွေးခြင်းခြင်းနီလျက်ရှိ၏။ သူ၏ဒဏ်ရာများကို ဒေါက်တာက ဆေးကြော၍ ဆေးထည့်ပေးပြီးလျှင် ရွက်ထည်တဲအောက်၌ ဖြည်းညင်းစွာ သိပ်ထားလေသည်။ မကြာမီ သတိရလာပြီးသော် ရေတောင်းသဖြင့် ဒေါက်တာက ရေယူပေး၏။

www.burmeseclassic.com


ရေသောက်ပြီးသောအခါကြည်လင်လန်းဆန်းလာသဖြင့်ဂျိုးသည်မိတ်ဆွေနှစ်ယောက်အား လက်ဆွဲနှုတ်ဆက်ပြီးလျှင် သူ၏အဖြစ်အပျက်ကို ပြန်ပြောရန် ဟန်ပြင်လေ၏။ သို့သော် အားအင်ကုန်ခန်း နွမ်းဟိုက်နေသော သူ့အား ဒေါက်တာနှင့် ဒစ်တို့က ပြောခွင့်မပေးကြပေ။ သို့နှင့် ဂျိုးမှာ သက်သက်သာသာ လဲလျောင်းနေရပြန်ပြီးနောက် မကြာမီ အိပ်ပျော်သွားလေ၏။

ဂျိုးရောက်လာသောအခါ ဗိတိုရိယကြီးသည် အနောက်ဘက်စူးစူးသို့ ဖျံသန်းလျက်ရှိ၏။ ထိုည၌ မီးပုံးပျံကြီးသည်ကြီးမားသော သဖန်းပင်ကြီးတစ်ပင်ထိပ်၌ မြိမ်သက်စွာ ရပ်နား၍ နေလေရာ ဒေါက်တာနှင့်ဒစ်တို့သည် အလှည့်ကျ စောင့်ကြလေသည်။

သို့နှင့် ဂျိုးမှာ ၂၄ နာရီမျှ အနှောင့်အယှက်မရှိဘဲ ကောင်းစွာ အိပ်စက်ရလေသည်။

ဒေါက်တာ - "ဒါဟာ သူ့အတွက် လိုနေတဲ့ဆေးပဲ။ သဘာဝက သူ့ကို အကောင်းဆုံး ကုသပေးလိမ့်မယ်"

နံနက်သို့ ရောက်သောအခါ အရှိန်အဟော်ပြင်းသော လေသည် ရှေးဦးစွာ မြောက်ဘက်သို့ လည်းကောင်း၊ ထို့နောက် တောင်ဘက်သို့လည်းကောင်း တိုက်နေပြီးမှ နောက်ဆုံးတွင် အနောက်ဘက်သို့ မီးပုံးပျံကြီးကို သယ်ဆောင်သွားသဖြင့် မကြာမီ ခရီးသည်များသည် ယာခု နိုင်ဂျီးရီးယားဟုခေါ်သောနယ်၏မြောက်ဘက်နယ်နိမိတ်နှင့်မိုင်၅၀ခန့်ဝေး၍ဆူဒန်နယ်၏ တောင်ဘက်ဖျားတွင် ရှိသော ဖင်ဒါမြို့သို့ ရောက်သွားကြလေသည်။ လေးထောင့်ကွက်လပ်ကြီးကြောင့် ထိုမြို့ကို လွယ်ကူစွာ သိရှိရလေသည်။

(ဒစ်က အိမ်မြှောင်ကိုကြည့်၍ရှင်း) "အလို ဘယ့်နယ် ကျုပ်တို့ မြောက်ဘက်ကို သွားနေကြပါကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲဗျာ...တကယ်လို့ကျုပ်တို့တင်ဗတ်တူမြို့ကိုရောက်ကြရင်လည်း ပြောစရာမလိုပါဘူး။ ဒီထက်ကောင်းတဲ့ အခြေအနေမျိုးနဲ့ ဒီထက်ကောင်းတဲ့ခရီးမျိုး ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ဘူး"

"ဒီထက်ကောင်းတဲ့ ကျန်းမာရေးနဲ့လည်း တွေ့ရတော့မှာ မဟုတ်တော့ဘူး" ဟု အိပ်ရာမှ နိုးလာသော ဂျိုးက ရွက်ထည်အတွင်းမှ ခေါင်းပြူရင်း ဆက်၍ ပြောလိုက်လေသည်။

"ပေါ့ဒီမှာ ကျုပ်တို့ရဲ့ မိတ်ဆွေသူရဲကောင်းကြီးဗျို့၊ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ကြီး ခု ဘယ့်နှယ်နေသေးသလဲ"

"ခါတိုင်းလိုပဲ နေကောင်းသွားပါပြီ မစ္စတာဒစ်၊ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ချက်ရေအိုင်ကြီးထဲမှာ ရေချိုးပြီးတော့ ခရီးထွက်ရတာ လောကကြီးမှာ မရှိပါဘူးဗျာ"

"မင်းရဲ့ စွန့်စားမှုဟာ တကယ့် သူရဲကောင်းပီသပြီးတော့ တို့အသက်ကိုလည်း ကယ်ဆယ်ခဲ့ပါတယ် လူကလေးရယ်။ မင်းရဲ့စွန့်စားမှုကြောင့်သာ မဟုတ်ခဲ့ရင်တော့ ဗိတိုရိယကြီးဟာ ရေအိုင်ကြီးထဲကို ဧကန္တကျတော့မှာပဲ။ ဒီလိုကျမိရင်လည်း ဘယ်တော့မှ ရေအိုင်ထဲက ပြန်ထွက်နိုင်မှာ မဟုတ်တော့ဘူး" ဟု ဒေါက်တာက ဝင်ပြောသဖြင့် ဂျိုးက -

"သခင်တို့က စွန့်စားမှုလို့ခေါ်တဲ့ ကျွန်တော့်ရဲ့ ကျွမ်းထိုးကစားမှုဟာ သခင်တို့အသက်ကို ကယ်ဆယ်တယ်ဆိုရင် ကျွန်တော့်အသက်ကိုလည်း ကယ်ဆယ်ရာရောက်တာပါပဲ။ ခု ဒီမှာ ရှိကြတဲ့ ကျွန်တော်တို့ ၃ ယောက်လုံး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ရှိနေကြပြီပဲ။ ဘာမျှ နောက်ထပ် ပြောစရာ မလိုတော့ပါဘူးသခင်"

(ဒေါက်တာက ပြုံးလျက်) "ဘာပဲဖြစ်ဖြစ် မင်းအဖြစ်အပျက်ကို သူတို့ကို ပြန်ပြောပြရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ချင်တယ်ဆိုရင်တော့ ပြောပြပါ့မယ်သခင်။ နို့ပေမဲ့ ဒီငန်းဝဝကြီးကို ကျွန်တော်အရင်ကြည့်ပြီး ချက်လိုက်ပါရစေဦး။ မစွတာအစ်ဆာလှ ရှော့မယ်"

ဒစ်ပစ်လာသော ငန်းကြီးကို ချက်ပြုတ်၍ (အထူးသဖြင့် ဂျိုးသည်) မြိန်ရှက်စွာ စားသောက်ပြီးသောအခါ ဂျိုးက သူ၏ဇာတ်လမ်းကို စ၍ ပြောလေသည်။ သူစကားပြောနေသည့်အခိုက်တွင် ဒေါက်တာသည် အခါပေါင်းများစွာပင် ဂျိုး၏လက်ကို ယောင်ယမ်းဖိနှိပ်မိလေသည်။ သစ္စာရှိသော သူ့သခင်၏အသက်ကို အရေးထားကြောင်း ထင်ရှားစွာ သိရှိရတော့သည်။

ဂျိုးသည် ရေအိုင်ကြီး၏ ကမ်းခြေကို မည်ကဲ့သို့ ရောက်ရှိ၍ ထို့နောက် ရွှံ့နွံတောတစ်ခုသို့ မည်ကဲ့သို့ ကျရောက်ရသည်တို့ကို ပြန်ပြောပြလေသည်။

"ကျွန်တော့်ကိုယ်ကျွန်တော် သွားပြီလို့ ထင်လိုက်မိကယ် သခင်။ နို့ပေမဲ့သခင်တို့ကိုသွားပြီးသတိရလိုက်တာနဲ့ ငါတော့ဘယ်နည်းနဲ့မျှ ဒီရွှံ့နွံတွေထဲမှာ နစ်ပြီး မသေစေရဘူးလို့ အားတင်လိုက်တဲ့အချိန်မှာ ကျွန်တော့်ရှေ့နစ်လံအကွာလောက်မှာ လတ်လတ်ဆတ်ဆတ်ကြီး ဖြတ်ချထားတဲ့ကြိုးစတစ်ဖက်ကို လှမ်းပြီး မြင်လိုက်မိတာပါပဲ။ ဒါနဲ့ ကျွန်တော်လည်း နောက်ဆုံး ကြိုးစားတဲ့အနေနဲ့ ကြိုးစကို ဆွဲကြည့်လိုက်တော့ တင်းခံနေတာတွေ့ရတာနဲ့ကျွန်တော်လည်းကြိုးကိုအားပြုပြီးတရွတ်ဆွဲသွားလိုက်တာ နောက်ဆုံး မြေမာကို ရောက်သွားတာပါပဲ။ ကြိုးအဆုံးရောက်တော့ သံချိတ်တစ်ခုကို တွေ့ရတယ်။ ကျွန်တော်လည်း ဗိတိုရိယက သံချိတ်ဖြစ်နေမှာပဲ ဆိုတာ ချက်ချင်းမှတ်မိတယ်။ အဲဒီမှာ သခင်တို့စခန်းချသွားလေတော့ သခင်တို့ ဘယ်ကို ထွက်သွားတယ်ဆိုတာ ကျွန်တော် သိရတယ်။ ဒါနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

လည်း အားတက်လာပြီး ရေအိုင်ကြီးနှင့် ဝေးဝေးကကွင်းပြီး တစ်ညလုံး လျှောက်သွားတာပဲ။ နောက်ဆုံး မြင်းတွေ မြက်စားနေကြတဲ့ မြံပိုင်းကြီး တစ်ပိုင်းကို ရောက်သွားတယ်။ ကျွန်တော် ရောက်လာတာကို ဘယ်သူမျှ မသိကြဘူး။ ကျွန်တော်လည်းတစ်ခါတည်းမြင်းတစ်ကောင်ပေါ်ကိုခုန်တက် ပြီး တစ်မိနစ်တောင် မဆိုင်းဘဲ ဒုန်းစိုင်းပြေးတာပဲ။ လူနေတဲ့ ရပ်ရွာတွေဆို ရင်ဝေးဝေးကကွင်းပြီးသွားရတယ်။ နောက်ဆုံးကျတော့ သဲကန္တာရနယ်နိမိတ် ကိုရောက်လာတာပါပဲ။ အဲဒီကိုရောက်လာတာ ကျွန်တော် ဘယ်ကိုဦးတည် ပြီးသွားနေတယ်ဆိုတာ လွတ်လွတ်လပ်လပ်ကြည့်နိုင်တဲ့အတွက် ပိုဟန်ကျ တာပေါ့လေ။

(ဆက်လက်၍) "ဝိတိုရိယကြီးက ကျွန်တော့်ကိုများ စောင့်နေမလား လို့ ခဏခဏ မျှော်ကြည့်မိတယ်။ နို့ပေမဲ့ အရိပ်တောင် မမြင်ရဘူး။ ၃ နာရီ လောက်သွားမိတော့ ကျွန်တော်လည်း ဆင်ကန်းတောတိုးသလို အာရပ် တွေ စခန်းချတဲ့နေရာတစ်နေရာကို ကမူးရှူးထိုး ရောက်သွားမိတယ်။ အို ဘယ်ပြောကောင်းမလဲ ထွက်ပြီးလိုက်လိုက်ကြတဲ့ ဖြစ်ခြင်း။ အမဲလိုက် သမားတစ်ယောက်ဟာ သူကိုယ်တိုင် အလိုက်မခံရသေးသမျှ ကာလ ပတ်လုံး အမဲလိုက်တယ်ဆိုတာ ဘယ်လိုလဲလို့ သိမှာမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော့်စကားကိုနားထောင်ပါ မစ္စတာဒစ်၊ နောက်များ ဘယ်တော့မျှ အမဲလိုက်ဖို့ စိတ်မကူးပါနဲ့။ ဒီနောက်တော့ သခင်တို့ကို ကျွန်တော်မြင် ရတာပါပဲ။ ကျန်တာတော့ သခင်တို့ သိတဲ့အတိုင်းဖြစ်ပါတယ်"

"သိပ်သတ္တိကောင်းတဲ့ ဂျိုးပါပဲကွယ်။ မင်းရဲ့သတ္တိနဲ့ စွမ်းရည်ကို ငါ ယုံ ကြည်တဲ့အတိုင်းမှန်နေတာပါပဲ" ဟုဒေါက်တာက နှစ်သိမ့်အားရသောအသံ ဖြင့် ချီးကျူးလိုက်လေသည်။

ဂျိုးက သူ၏ဇာတ်လမ်းကို ပြန်ပြောလျက်ရှိစဉ် မီးပုံးပျံကြီး သည် ကူးဖြတ် ပြန်လှသော တောကြီးတစ်တောကို ကျော်ဖြတ်လျက် ရှိသဖြင့် စွန့်လွှဲပင်


www.burmeseclassic.com

www.burmeseclassic.com



များ၊ ထိကရုန်းပင်များနှင့် ဆူးရစ်ပင်များအကြားတွင် မြူးထူးရှုန်ပေါက်၍ကျွတ်တားနေကြသော သစ်ကုလားအုတ်များ၊ ဒရယ်များနှင့် ငှက်ကုလားအုတ်ကြီးများကို မြင်ကြရလေ၏။ သဲကန္တာရကို ကျော်လွှန်ခဲ့ပြီ ဖြစ်သဖြင့် တောတောင်၏ ရှုမျှော်ခင်းမှာ ပြန်လည် စိမ်းလန်းစိုပြည်၍ လာခဲ့လေသည်။

မိုင် ၂၅၀ မျှ ခရီးပေါက်ခဲ့ပြီးနောက် ညဥ့် ၁၀ နာရီခန့် ရှိသောအခါ ဝိတိုရိယသည် တစ်ကြိမ်က မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ဖူးသော နေရာတွင် စခန်းချရပ်နားလေသည်။ သူတို့သည် ပြိုပျက်ကျနေသော တိုက်တာအဆောက်အအုံများတိုလည်းကောင်း၊ ၎င်းတို့၏အလယ်၌ များပြားလှစွာသော ဗလီများမှ မျှော်စင်များကိုလည်းကောင်း လရောင်ဖြင့် မြင်ကြရသည်။ ဒေါက်တာသည် အခြေနေကို တွက်ဆခြင်းအားဖြင့် အက်ဂါဒီးမြို့နယ် နိမိတ်အတွင်းသို့ မိမိတို့ရောက်ရှိနေကြောင်း သိရှိရလေသည်။

မြို့နှင့် မိုင် ၂၀ ခန့်ဝေးသော လွင်ခင်းတစ်ခု၏ အလယ်မှောင်မိုက်ထဲတွင် ရောက်ရှိနေသည်ဖြစ်၍ ဝိတိုရိယကြီးကိုကား မမြင်ကြရပေ။ သို့သော်လကောင်း၍ နေသဖြင့် ဒေါက်တာသည် နံနက်ခင်း၏ လင်းရောင်ခြည်အလေး ပြုလာသည်နှင့် တစ်ပြိုင်နက် ထိုနေရာမှစတင် ထွက်ခွာခဲ့ပြန်လေသည်။

❖ ❖ ❖

မေလ ၁၇ ရက်သည် သာယာအေးချမ်းစွာနှင့်ပင် ကုန်လွန်၍ လာခဲ့၏။နောက်ဆုံးအကြိမ် ထွက်၍မလာခင် ဒေါက်တာသည် ရေရှားသည့်ဒေသထဲသို့ ရောက်ရှိလာမည်စိုးသဖြင့် လှောင်ကန်များကို ဂရုစိုက်၍ ဖြည့်တင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေကလည်း ကောင်းလျက် ရှိသည့်အပြင် လပြည့်ဝန်းကြီးကလည်း ကြည်လင်စွာ ထွန်းတောက်နေသဖြင့် ဒေါက်တာသည် ညဥ့်အချိန်၌ပင် ခရီးဆက်သွားရန် ဆုံးဖြတ်လိုက်၏။

ဂျိုး - "ကမ်းခြေကို ရောက်ဖို့ ကျွန်တော်တို့ အဝေးကြီး သွားရဦးမှာလားသခင်"

ဒေါက်တာ - "ဘယ်ကမ်းခြေကိုလဲ တပည့်ရဲ့၊ ဘယ်ကို တို့ရောက်ကြမယ်ဆိုတာ မပြောနိုင်သေးဘူးကွယ့်၊ ငါပြောနိုင်တာက အနောက်ဘက်မှာရှိတဲ့ တင်ဗတ်တူမြို့နဲ့ မိုင် ၄၀၀ ဝေးသေးတယ် ဆိုတာပဲ ပြောနိုင်တယ်"

ထိုနေ့ညဥ့် ၈ နာရီထိုးသောအခါ ဝိတိုရိယသည် အနောက်ဘက်သို့ မိုင် ၂၀၀ မျှရောက်ခဲ့ပြီးဖြစ်သဖြင့် သူတို့သည် တင်ဗတ်တူနှင့် တဖြည်းဖြည်း နီးကပ်၍ လာလေပြီ။ ဟမ်ဗိုရီ တောင်တန်းကြီးပေါ်သို့ လရောင်များ အစင်းလိုက်ဖြာကျလျက်ရှိရာ လှပသော ရှုမျှော်ခင်းများကို တွေ့ကြရလေသည်။

၂၀ ရက်နေ့၌ သူတို့သည် နိုင်ဂါ မြစ်ကြီး၏ လက်တက်များဖြစ်သော ချောင်းများနှင့် ကျနစွာ အကန့်လိုက်ဖောက်ထားသည့် တူးမြောင်းများကို မြင်ရ၏။ ထို့နောက် မကြာမီ သဲကန္တာရ၏ဘုရင်မ ခေါ် တင်ဗတ်တူ မြို့တော်ကြီးသည် ခရီးသည်များ၏ မျက်စိအောက်၌ ကားလိပ်ကြီးကို ဖြေ၍ချလိုက်ဘိသကဲ့သို့ ထင်ရှားစွာ ပေါ်လာတော့၏။

မြို့ကြီးမှာ ပစ်စလက်ခတ် ပစ်ထားကြသည့်လက္ခဏာဖြင့် ကျဉ်းမြောင်းသော လမ်းကလေးများတွင် နေလှမ်းအုတ်များ၊ မြက်ခြောက်များဖြင့် ဆောက်လုပ်ထားသည့် တစ်ထပ်အိမ်ကလေးများရှိနေကြ၏။ ဆင်ခြေဖုံးရပ်ကွက်တို့မှာ အမိုက်များသည် တောင်ပုံရာပုံစုပုံလျက်ရှိသည့်အပြင် ဈေးနေရာကိုလည်း တောင်ကုန်းတွင် ပြုလုပ်ထားသဖြင့် မြို့နှင့်မျှ အဆင်မပြေရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဖာဂတ်ဆင်မှာမူ ထိုမျှလောက် ခရီးပေါက်ခဲ့သည်ကိုမူ ဝမ်းမြောက်၍မဆုံးနိုင်အောင် ရှိတော့သည်။

ဒေါက်တာ - "ဘုရားသခင်ကတော့ ကျုပ်တို့ကို လိုရာရောက်အောင် သယ်ဆောင်လာပေတာပဲ"

ဒစ် - "အနောက်ဘက်ကိုသာ ရောက်ရင်တော့ဟုတ်ပါရဲ့"

ဂျိုး - "ကျွန်တော်တော့ အမေရိကန်ကိုပဲ သွားသွား၊ ဖန်ဇီးဘားကျွန်းကိုပဲ ပြန်ရောက်ရောက် အရေးမကြီးတော့ဘူး။ ဘယ်လမ်းပဲဖြစ်ဖြစ် မခဲယဉ်းတော့ပါဘူး"

ဒေါက်တာ - "တို့မှာ အဲဒီလိုလုပ်ဖို့ ပထမဆုံး အင်အားလိုလိမ့်မယ်ကွယ့်"

ဂျိုး - "ဘယ့်နယ်ခင်ဗျ ...။ ကျွန်တော်တို့ကို ဘယ်ဟာကများ တားဆီးနိုင်လို့လဲ"

ဒေါက်တာ - "ဓာတ်ငွေ့လေလူကလေးရဲ့ဓာတ်ငွေ့ပေါ့။ မီးပုံးပျံကြီးရဲ့ သတ္တိက တဖြည်းဖြည်း လျော့နေပြီ။ ပင်လယ်ကမ်းခြေကိုရောက်အောင် တောင် ထိန်းပြီးသွားရလိမ့်မယ်။ နောက်ပြီးကျန်တဲ့ သဲအိတ်တွေကိုတောင် မှပစ်ချတန်ပစ်ချရလိမ့်မယ်၊ တို့တစ်တွေကိုယ်ကပဲအလေးချိန် တော်တော် စီးနေပြီ"

ထိုညှ၌ ကျန်သဲများအားလုံးကိုသွန်ထုတ်ပစ်လိုက်ကြ၏။ ထို့ပြင် မီးဖိုမှာ အစွမ်းကုန်တောက်လောင်လျက်ရှိသော်လည်း ဒေါက်တာသည် မီးပုံးပျံကြီးကိုမူ မြေပြင်မှ သင့်တင့်သောအမြင့်သို့ရောက်အောင်မျှသာ လျှင် တက်စေနိုင်တော့၏။ သူတို့သည် တင်ဗတ်တူ၏ တောင်ဘက် မိုင် ၆၀ အကွာသို့ ရောက်ရှိနေကြလေပြီ။ သို့ဖြစ်၍ ဒီဗိုး ရေအိုင်ကြီး၏ ကမ်းခြေကို



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရောက်ရန် မျှော်လင့်ထားကြ၏။ ထိုရေအိုင်ကြီးမှာ နိုင်ဂါမြစ်ကြီးထဲမှ ပြန့်ကားထွက်လာသော ရေအိုင်ကြီးတစ်ခုဖြစ်သည်။

ထိုအချိန်၌ လေကြောင်းသည် သူတို့အား ဒါဟိုမီ ရှိရာသို့ လျင်မြန်စွာ သယ်ဆောင်လျက် ရှိ၏။ ထိုနယ်တွင် ပွဲလမ်းသဘင်ပေါ်ပေါက်သည့်အခါတိုင်း လူအမြောက်အမြားကို ယဇ်ပူဇော်လေ့ရှိသည့် ဘုရင်တစ်ပါး အုပ်ချုပ်လျက်ရှိရာ နယ်တွင်းသို့ ဆင်းရသည်နှင့် အတူတူပင် ဖြစ်ချေသည်။

တဖြည်းဖြည်းနှင့် သူတို့သည် မိုင် ၁၂၀ နီးပါးမျှ ခရီးရောက်လာခဲ့ကြလေသည်။ ထိုအချိန်၌ မီးပုံးပျံကြီးသည် ပုံပန်းချို့ယွင်းစပြုလာပြီးလျှင် ဓာတ်ငွေ့များလည်း လျော့သွားသဖြင့် ရှုံ့တွ၍နေသော အပေါ်ဖုံးအဝတ်ကြီး၏အစင်းကြောင်းများထဲသို့လေများတဝီးဝီးတိုးဝင်လျက်ရှိလေ၏။ ထိုအခြင်းအရာကို ဒစ်သည် သတိပြုမိလေသည်။

ဒစ် - "မီးပုံးပျံထဲမှာ အပေါက်များရှိနေသလား"

ဒေါက်တာ - "မရှိပါဘူး။ နို့ပေမဲ့ ဓာတ်ငွေ့တွေကို ထိန်းထားနိုင်တဲ့ ရော်ဘာတွေဟာ အပူရှိန်ကြောင့် ကြာတော့ ပျော့လာပြီး အရည်ပျော်ကုန်တယ်။ အဲဒါကြောင့် ဓာတ်ငွေ့တွေ ထွက်ကုန်တာပဲ"

"အဲဒါကို ကျုပ်တို့ ဘယ်လိုတားဆီးနိုင်မလဲ"

"ဘယ်လိုလုပ်လို့မျှ မဖြစ်ဘူး။ ကျုပ်တို့လုပ်နိုင်တာကတော့ မီးပုံးပျံကို တတ်နိုင်သမျှ ပေါ့အောင် ကျုပ်တို့စွန့်နိုင်တဲ့ ပစ္စည်းမှန်သမျှကို အောက်ပစ်ချရုံပဲ တတ်နိုင်တယ်။ ကျုပ်တို့အောက်ကို ဆင်းပြီး ပြင်များပြင်နိုင်မလား လို့ကြည့်ကြရအောင်"

"ကျုပ်ပြောမယ် ဒစ်၊ ကျုပ်တို့ ဒီဟာကို ပြန်ပြင်နိုင်ဖို့ လမ်းကို မရှိဘူး။ နောက်ပြီး ဒီနယ်တွေထဲမှာလည်း နည်းနည်းကလေးမျှ ကျုပ် မနားချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အခုမြင်နေရတဲ့သစ်ပင် ထိပ်ဖျားချင်းဆက်နေတဲ့ သစ်တောအုပ်ကြီးတွေဟာ အခြားမဟုတ်ဘူး။ သားရဲတွင်းတွေဗျ"

"ဘာ သားရဲတွင်းတွေလဲဗျ။ ခြသေ့်သားရဲတွင်းတွေလား"

"အဲဒါတွေထက် ဆိုးတဲ့ လူတွေပေါ့ဗျ။ အာဖရိကတိုက်မှာ အရက်စက်ဆုံး လူတွေပဲ။ ကျုပ်တို့ အခုဆိုရင် မြစ်နဲ့ သိပ်ပြီး မဝေးတော့ဘူး။ နို့ပေမဲ့ မီးပုံးပျံကြီးဟာ အဲဒီလောက် ဝေးဝေးတောင်မှ ရောက်အောင် သွားနိုင်မှာမဟုတ်ဘူးဆိုတာ ကျုပ်တင်ကြိုမြင်နေတယ်"

"ကျုပ်တို့ မြစ်ကမ်းနားကို ရောက်ရင်တော့ မျှော်လင့်စရာ ရှိတာပေါ့နော်"

"အဲဒီလိုဖြစ်အောင်ပဲ ကျုပ်တို့ ကြိုးစားကြရမှာပေါ့။ နို့ပေမဲ့ ကျုပ်စိုးရိမ်တာတစ်ခုရှိနေတယ်"

"ဘာလဲဗျ"

"တောင်တန်းတွေကို ကျုပ်တို့ ကျော်စရာ ရှိနေသေးတယ်လေ။ ကျုပ်တာ မီးပုံးပျံကို ဒီထက် မြင့်တက်အောင် မတတ်နိုင်လေတော့ အဲဒီမှာ အခက်အခဲ တွေ့ရလိမ့်မယ်"

"ဟော ဟိုမှာ ခင်ဗျားပြောတဲ့ တောင်တွေကိုတောင် မြင်နေရပြီထင်တယ်။ ကျုပ်တို့ ဒီတောင်တွေကို ရှောင်မသွားနိုင်ဘူးလား"

"မဖြစ်ဘူးထင်တယ်ဒစ်။ မိုးကုပ်စက်ဝိုင်း တစ်ဝက်နီးပါးဖုံးအောင်တန်းနေတဲ့ တောင်တန်းရှည်ကြီးကိုလည်း ကြည့်ဦးလေ။ ဒါထက် ဂျိုးရေ ရေတွေကို တစ်နေ့စာလောက်ပဲ ချန်ထားပြီး အားလုံး ထုတ်ပစ်ပိုက်စမ်းဟေ့"

"ထုတ်ပစ်ပြီးပါပြီသခင်"

ဒစ် - "ကျုပ်တို့မြင့်တက်လာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ - "ပေ၅၀လောက်မြင့်လာပါတယ်။ နို့ပေမဲ့ဒါနဲ့မလုံလောက်သေးဘူးဗျ"

အပေါ်၌ မိုး၍နေကြသော တောင်တန်းကြီးများသည် နီးကပ်လာသော အခါ သူတို့အပေါ်သို့ ပြိုလဲကျတော့မည်ကဲ့သို့ ထင်မှတ်ရလေသည်။ သို့နှင့် ပေပေါင်းရာနှင့်ချီ၍ မြင့်တက်ရန် လိုကြောင်း ထင်ရှားနေလေသည်။

ဒစ် - သေတ္တာအလွတ်တွေကို ကျုပ်တို့ပစ်ချကြရအောင်"

မီးပုံးပျံကြီးသည် ပေါင် ၅၀ ခန့် အလေးချိန်ပေါ့သွားသဖြင့် သိသိသာသာမြင့်တက်လာလေသည်။ သို့သော် တောင်များထက်ကား မမြင့်သေးချေ။ အခြေအနေများ ဆိုးရွားလျက်ပင် ရှိသည်။

ဒေါက်တာ - "တောင်ကို မကျော်နိုင်ရင်တော့ ပောဟို ကျောက်နံရံကြီးတွေနဲ့ ကျုပ်တို့ ပုခက်နဲ့ နောက် ၁၀ မိနစ်အတွင်းမှာ ဝင်ဆောင့်တော့မှာပဲ။ အသားမုန့်ခြောက်တွေပဲ ချန်ထားပြီး ကျန်တဲ့ပစ္စည်းတွေမှန်သမျှ အကုန်ပစ်ချစမ်းပေ့"

ဝိတ်ကိုရီယကြီးသည် အရှိန်ပြင်းစွာဖြင့် သွားလျက် ရှိလေရာ အကယ်၍ မျှော်လင့်ထားသည့်အတိုင်း ဝင်ရောက်ဆောင့်မိပါက စိစိညက်ညက် ကြေ မွသွားလိမ့်မည်ကို သူတို့ သိရှိကြလေသည်။ ဒေါက်တာသည် ပုခက်ပတ် လည်ကိုကြည့်ရှုသေး၏။ ပုခက်အတွင်း၌ပစ္စည်းများ လုံးဝ ပြောင်လုမတတ် ရှိနေသည်။

ဒေါက်တာ - "တကယ်လို့ လိုအပ်ခဲ့ရင် ခင်ဗျား သေနတ်တွေပါ ပစ်ချ ရလိမ့်မယ်ဒစ်ရေ"

ဒစ်က မျက်လုံးပြူးလျက် "ကျုပ်သေနတ်တွေကို စွန့်ပစ်ရမည် ဟုတ်စ"



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာ - "ကျုပ်ပစ်ချနိုင်းရင်တော့ မလွှဲသာလို့သာ ပစ်ချခိုင်းရမှာ ပဲမိတ်ဆွေ"

ဂျိုး - "ကျွန်တော်တို့ နီးလာပြီခင်ဗျ"

တောင်ထိပ်သည် ပုခက်ထက် ပေ ၆၀ ခန့်မျှ မြင့်လျက်ရှိသေးသည်။

ဂျိုးသည် ဒစ်အား ပြောဆိုခြင်းမပြုဘဲ စောင်များနှင့် ခြံယမ်းမီးကျောက် သေတ္တာများကို ပစ်ချလိုက်လေသည်။ မီးပုံးပျံကြီးသည် ကြောက်မက်ဖွယ် ကောင်းသော တောင်ထွတ်ကြီးအထက်သို့မြင့်တက်သွား၏။ သို့သော် လူစီး ပုခက်ကြီးကား ကျောက်တောင်များနှင့် မလွတ်သေးချေ။

ဒေါက်တာ - "ဒစ် ဒစ် ခင်ဗျားသေနတ်တွေကို ပစ်ချတော့ဗျို့။ နို့မဟုတ် ရင် ကျုပ်တို့ ဒုက္ခတွေ့လိမ့်မယ်"

ဂျိုး - "ခဏနေဦး မစ္စတာဒစ်၊ ခဏလောက်နေပါဦး"

ဒစ်သည် နောက်သို့လှည့်ကြည့်လိုက်သော အခါ ဂျိုးအား ပုခက်နံဘေး သို့ကျော်လွှားပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရလေသည်။

ဒစ်က ထိတ်လန့်တကြားဖြင့် "ဂျိုး ဂျိုး"

ဒေါက်တာက ညည်းသံကြီးဖြင့် "အတော့်ကို ဆိုးတဲ့ သူငယ်ပဲဗျာ"

တောင်ထိပ်မှာ ထိုနေရာတွင် ပေ ၂၀ ခန့်မျှ ကျယ်ဝန်းပြီးလျှင် အခြား ဘက်တွင်ကား မတ်စောက်လျက် ရှိလေသည်။ ပုခက်ကြီးသည် တောင် ထိပ်နှင့် သီသီကလေး လွတ်သွားပြီးနောက် တောင်ထိပ်ပေါ်ရှိ ကျောက်တုံး ကြီးများပေါ်သို့ ပွတ်ကာ သီကာ ကျော်လွှားလျက် ရှိလေသည်။ ထိုခဏ၌ "လွတ်ပြီ လွတ်ပြီ ကျွန်တော်တို့ လွတ်သွားပြီ" ဟု ရုတ်တရက် ပြောဆိုလိုက် သောအသံတစ်ခုကြောင့် ဒေါက်တာမှာ ရင်ဖို၍ သွားရှာလေသည်။


www.burmeseclassic.com

www.burmeseclassic.com


သူရဲကောင်းကြီးဂျိုးကား ပုခက်အောက်ပိုင်းကို လက်ဖြင့်ကိုင်ဆွဲကာ တောင်ထိပ်များပေါ်မှ ပြေးလွှားလိုက်ပါလာလေသည်။ ဤသို့အားဖြင့် မီးပုံးပျံကြီးအား သူ့ကိုယ်အလေးချိန်ကို ပေါ့သွားစေခဲ့၏။ သို့ရာတွင် မီးပုံးပျံကြီးသည် သူ့လက်တွင်းမှ ရုန်းထွက်သွားတော့မည့်ကဲ့သို့ ရှိနေသဖြင့် သူသည် တင်းကျပ်မြဲမြံစွာ ကိုင်တွယ်၍ ထားရလေသည်။

တစ်ဖက်စွန်းသို့ ရောက်သောအခါ ချောက်ကမ်းပါးကြီးသည် သူ့ရှေ့၌ ဟာလာဟင်းလင်း ပွင့်လျက်ရှိနေသဖြင့် ဂျိုးသည် မိမိကိုယ်ကို အားကုန်ညှစ်ထုတ်ကာ အထက်သို့ မြှင့်တင်လိုက်ပြီးနောက် ရာဇမတ်ကွက် ကြိုးများကို ဆွဲကိုင်ကာ သူ့အဖော်များရှိရာသို့ တက်ရောက်သွားလေ၏။

"ငါ့တပည့် သူရဲကောင်းကြီးဂျိုး၊ ငါ့မိတ်ဆွေကောင်းကြီး ဂျိုး" ဟု ဒေါက်တာက ဝမ်းသာအားရ အော်ဟစ် နှုတ်ဆက်လိုက်လေသည်။

"အို ဒီတစ်ခါတော့ သခင့်အတွက် မဟုတ်ပါဘူးခင်ဗျာ" ဟု ဂျိုးက ရယ်မောရင်း ဆက်လက်၍ ဒီတစ်ခါက မစ္စတာအစ်ရဲ့ ရှင်ဖယ်အတွက်ပါ။ အာရပ်တွေနဲ့ ကိစ္စပြီးကတည်းက ကျွန်တော်သူ့ကို ကျေးဇူးပြန်ပြီး ဆပ်စရာရှိနေတာလည်း တစ်ကြောင်း၊ သူ့သေနတ်ဆုံးမှာကို ကျွန်တော် မကြည့်ရက်နိုင်တာလည်း တစ်ကြောင်း ဒီဟာတွေကြောင့် ကျွန်တော် လုပ်တာပါခင်ဗျာ"

အစ်သည် ကျေးဇူးတင်ကြောင်းကို နှုတ်ဖြင့် ပြောဆိုခြင်း မပြုနိုင်တော့ဘဲ ဂျိုး၏လက်ကိုသာ လျှင်ပြုတ်ကျလုမတတ် ဆွဲခါလျက်ရှိလေသည်။

❖ ❖ ❖

ယခုအချိန်၌ ဝိတိုရိယကြီးသည် အောက်သို့ ဆင်းရန်သာ ရှိတော့၏။ သို့နှင့် ပေ ၂၀၀ အမြင့်အထိ ဆင်းသက်လာခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ – "ကျုပ်တို့ တောအုပ်ကြီးတစ်ခုနှင့် နီးလာကြပြီ။ ရပ်မယ်ဆိုရင် သစ်ပင်တစ်ပင်မှာ လွယ်လွယ်ကူကူ ရပ်နိုင်ပြီ။ နို့ပေမဲ့ အကြောင်းမရှိဘဲနဲ့တော့ မြေပြင်ပေါ်မှာ ညဥ့်အိပ်ညဥ့်နေမနေချင်ပါဘူး"

ဒစ် – "ကျုပ်တို့ဘာကြောင့် မြေပြင်ကို မဆင်းနိုင်ရမှာလဲဗျ"

ဒေါက်တာ – "ဘာကြောင့်လဲဆိုတာ ကျုပ်ထပ်ပြောရရင်တော့ တကွဲတပြားစီ ဆိုရင်တော့ အန္တရာယ်မကင်းလို့ပဲ။ ပြီးတော့ခက်ခဲတဲ့အလုပ်တစ်ခုအတွက်လည်း ခင်ဗျားအကူအညီကို ကျုပ်လိုချင်တယ်"

သို့နှင့် ဗိတိုရိယသည် သစ်ပင်ကြီးတစ်ပင်၏ထိပ်ဘက်၌ သစ်ကိုင်းကြီးတစ်ကိုင်းကို ချိတ်တွယ်ကာ မကြာမီလာရောက် ရပ်နားလေသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက် လေငြိမ်သွားသောကြောင့် မီးပုံပျံကြီးသည် တစ်ညဥ့်လုံး မလှုပ်မယှက် ရှိနေလေ၏။

ဒေါက်တာဖာဂတ်ဆင်သည် ကြယ်များကို အထောက်အထားပြုခြင်းအားဖြင့် သူရောက်ရှိနေသည့် အခြေအနေကို စစ်ဆေးကြည့်ရှုရာတွင် သူသည် ဆင်နီဂယ်မြစ်အထက်ပိုင်းနှင့် ၂၅ မိုင်ထက်ပို၍ မနီးကြောင်းကို သိရှိရလေသည်။ သို့ဖြင့် သူသည် မြေပုံထောက်ပြလျက် –

"ဒီမှာဗျ၊ ကျုပ်တို့လုပ်နိုင်တာကတော့ မြစ်ကိုကျော်ဖြတ်ဖို့ပဲ။ နို့ပေမဲ့ အဲဒီမှာ တံတားလည်း မရှိ၊ လှေလည်းမရှိလေတော့ ကျုပ်တို့ မီးပုံးပျံနဲ့ပဲ ဖြတ်ကြရလိမ့်မယ်။ အဲဒီလိုဖြတ်နိုင်ဖို့အတွက် မီးပုံးပျံကို ဒီထက်ပေါ့အောင် လုပ်ကြရလိမ့်မယ်၊ ဒီထက် ပေါ့အောင်ကတော့ ဓာတ်ငွေ့ပေးတဲ့ ကျုပ်တိရိယာတွေအားလုံးကို ဖြုတ်ပစ်ရမှာပဲ။ ဒီလိုဖြုတ်လိုက်ရင် ကျုပ်တို့အဖို့ ပေါင်ချိန် ၉၀၀ နီးပါးလျော့သွားလိမ့်မယ်"

"နို့ပေမဲ့ ဆင်မြူယယ် ...ခင်ဗျားဓာတ်ငွေ့ဆက်ပြီးရအောင် ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမပါဘဲ လုပ်ကြရမှာပေါ့ဗျာ။ ဒီမှာ နားထောင်၊ မိတ်ဆွေတို့ရဲ့မီးပုံးပျံကြီးထဲက ဓာတ်ငွေ့အင်အားကို ကျုပ်က သေသေချာချာ တိတိကျကျတိုင်းထွာထားပြီးပြီ။ ကျန်တဲ့ပစ္စည်းကလေးတွေနဲ့ ကျုပ်တို့တစ်တွေကို သယ်ဆောင်သွားဖို့ လုံလောက်ပါတယ်။ ကျုပ်တို့အားလုံး၊ သံချိတ် ၂ ချောင်းနဲ့ပေါင်းပါမှ ပေါင် ၅၀၀ ထက်ပိုမလေးပါဘူး"

မြူလုပ်ရသည့် အလုပ်ကား မလွယ်ကူလှပေ။ ကိရိယာတန်ဆာပလာအားလုံးတို့ကို တစ်ပိုင်းပြီးတစ်ပိုင်း ဖြုတ်ရလေသည်။ ထို့နောက် ဓာတ်သတ္တုများကိုရောစပ်ရသော အုပ်ဆောင်းမီးဖိုကြီးနှင့် ပေါင်းချွေးများဝင်ရောက်ရာ ပေါင်းအိုးကြီးစသည်တို့ကို အားလုံးအောက်သို့ ပစ်ချလိုက်ကြရလေ၏။

"တိုင်းရင်းသား လူမည်းတွေသာ ဒီပစ္စည်းတွေကို တောထဲမှာ တွေ့ကြရင်တော့ သိပ်အံ့ဩနေကြမှာပဲ။ ဒါတွေကို သူတို့ ဘုရားရုပ်တုလုပ်ပြီး ကိုးကွယ်ထားကြမလား မသိဘူး" ဟု ဂျိုးက ပြောလေ၏။

ထို့နောက် ဂျိုးသည် မီးပုံးပျံကြီး၏ပိုက်ကွန်ပေါ်သို့ ကျင်လည်ဖျတ်လတ်စွာ တက်ရောက်ပြီးလျှင် ၎င်း၏အောက်ပိုင်း၌ တပ်ဆင်ထားသော ပိုက်လုံးများကို ဖြုတ်ပြီးနောက် အပြင်သို့ ဓာတ်ငွေ့များမထွက်နိုင်စေရန် အပေါက်များကို ပိတ်လိုက်လေ၏။

သို့နှင့် ဝိတိုရိယကြီးသည် များစွာ ပေါ့ပါးသွားသဖြင့် လေထဲသို့မြင့်တက်သွားပြီးလျှင် သံချိတ်များကို တအားဆွဲငင်လျက် ရှိလေ၏။ သန်းခေါင်အချိန်သို့ ရောက်သောအခါ အလုပ်များအားလုံးပြီးစီး၍ အသားမုန့်ခြောက်ကို ညစာအဖြစ်ဖြင့် လျင်မြန်စွာ စားသောက်ပြီးလျှင် ဒစ်နှင့် ဂျိုးတို့သည် အနားယူလျက်ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ - "ကိုင်း ...လုံပြုပြီး အိပ်ကြပေတော့ မိတ်ဆွေတို့၊ ကျုပ်က ပထမအချိန်ကို စောင့်ပြီး ၂ နာရီထိုးရင် ဒစ်ကို ကျုပ်နှိုးမယ်။ ၄ နာရီထိုးတော့ဂျိုးကိုဒစ်က နှိုးလိမ့်မယ်။ နောက်၆နာရီထိုးတာနဲ့တစ်ပြိုင်နက် ကျုပ်တို့ ထွက်ကြမယ်။ ကျုပ်တို့ ဝေဟင်ခရီးရဲ့ နောက်ဆုံးနေ့အတွင်းမှာ ကျုပ်တို့ကို ဘုရားသခင် ကာကွယ်စောင့်ရှောက်ပါစေဗျာ"

ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီးလျှင် လကို တိမ်များဖုံးအုပ်သွားသဖြင့် အလင်းရောင်မရှိဘဲ ဖြစ်နေ၏။ ဒေါက်တာသည် အောက်၌ ထူထပ်စွာ ပိတ်ဖုံးလျက်ရှိကြသော သစ်ပင်အုပ်များပေါ်သို့ စူးစိုက်ကြည့်ရှု၍ နေရာ ထူးဆန်းအံ့ဩဖွယ်ကောင်းသောသူ၏ခရီးစဉ်ကြီးပြီးဆုံးတော့မည် ဖြစ်သဖြင့် စိတ်နှလုံး ချောက်ချားသကဲ့သို့ ဖြစ်နေသည်။ သူသည် တောအုပ်ထဲမှ အသံများကို ကြားရသည်ဟူ၍လည်းကောင်း၊ သစ်ပင်များ အကြားမှ မီးရောင်တစ်ခုကို လက်ခနဲ မြင်လိုက်ရသည်ဟူ၍လည်းကောင်း မှတ်ထင်မိသည်။ သို့နှင့်သူသည် ညကြည့်မှန်ပြောင်းကိုယူကာ ဘေးပတ်ဝန်းကျင်သို့ကြည့်ရှုလေသည်။ သို့ရာတွင် မည်သည့်အရာကိုမျှလည်း မမြင်ရ၊ မည်သည့်အသံကိုမျှလည်းမကြားရဘဲငြိမ်သက်တိတ်ဆိတ်မြဲတိတ်ဆိတ်လျက် ရှိလေ၏။

သူ၏အလှည့်ပြီးသွားသောအခါ ဒေါက်တာသည် ဒစ်အား နှိုး၍ သတိနှင့် စောင့်ကြပ်ကြည့်ရှုရန်ပြောဆိုပြီးလျှင် ဂျိုး၏နံဘေးတွင် ဝင်ရောက်လဲကာ မကြာမီ အိပ်ပျော်သွားလေသည်။

ဒစ်သည် ပုခက်ကြီး၏ထောင့်တစ်ထောင့်တွင် ထိုင်ရင်း မျက်လုံးများကို မဖွင့်ချင်အောင် ဖြစ်နေမိသည်။ အလွန်အမင်း တိတ်ဆိတ်လျက်ရှိသည့်ပြင် လေပြည်ကလေးကြောင့် တငြိမ့်ငြိမ့်လှုပ်ရှားလျက်ရှိသော ပုခက်တ



www.burmeseclassic.com

www.burmeseclassic.com

လည်း သူ့အား ချော့၍သိပ်သကဲ့သို့ ရှိနေသဖြင့် အိပ်ချင်လာသည့်စိတ်ကို အနိုင်နိုင်အားခဲတွန်းလှန်၍ နေရလေသည်။ သူသည် မျက်လုံးများကို အကြိမ်ပေါင်းများစွာ ပွတ်၍ပွတ်၍ ဖွင့်ကာ မှောင်ထဲသို့ စိုက်ကြည့်လေသည်။

မည်မျှကြာအောင် အိပ်ပျော်သွားမိသည်မသိ။ ပုခက်ကြီးအောက်မှ တဖျစ်ဖျစ်မြည်သော အသံများကျယ်လောင်စွာ ထွက်ပေါ်လာမှပင် အိပ်ရာမှ ရုတ်တရက် လန့်နိုးလာလေသည်။ သူသည် အိပ်ရာမှ လျင်မြန်စွာ ခုန်ထလိုက်ရာ ပြင်းထန်သော အပူရှိန်တစ်ခုသည် သူ့မျက်နှာပေါ်သို့ လာ၍ဟပ်လေသည်။ သစ်တောကြီးကား မီးတောက်မီးလျှံများဖြင့် တစ်တောလုံး ထိန်ထိန်လင်းလျက် ရှိနေလေပြီ။

သူသည် အကြောင်းရင်းကို မသိဘဲ "မီး...မီး" ဟု အော်လိုက်မိသည်။ သူ၏အဖော်နှစ်ယောက်သည် အိပ်ရာမှ ထိတ်လန့်တကြား ထလာပြီးလျှင် "ဘာဖြစ်တာလဲ" ဟု ဒေါက်တာဖာဂတ်ဆင်က မေးလေ၏။

"အလို မီးတွေ လောင်နေပါကလား။ နို့ပေမဲ့ ဘယ်သူက" ဟု ဂျိုး၏ စကားမဆုံးမီ မီးလောင်နေသော သစ်ပင်များအောက်မှ ဆူညံစွာ အော်ဟစ်ကြသော အသံများ ထွက်ပေါ်လာလေသည်။

ဂျိုး- "လူရိုင်းတွေသခင်၊ ကျွန်တော်တို့ကို သေသေချာချာ မီးလောင်အောင် သစ်တောကို မီးရှို့ကြတာပဲ"

ဝိတိုရိယကြီးကိုကား မီးပတ်လည်ဝိုင်းလျက်ရှိလေပြီ။ သစ်ခြောက်များကို မီးလောင်၍ တဖြောက်ဖြောက်မြည်သော အသံများနှင့် သစ်ကိုင်းစိုများ၏ တဖျစ်ဖျစ်မြည်သောအသံများသည် ရောထွေးဆူညံလျက် ရှိနေတော့၏။ ဘေးပတ်လည်တွင် မီးညွန့်မီးလျှံကြီးများဖြင့် ပင်လယ်ဝေလျက်ရှိ


www.burmeseclassic.com

www.burmeseclassic.com



သည်မှတစ်ပါး မည်သည့်အရာကိုမျှ မမြင်ရတော့ပေ။ ကြီးမားသော သစ်ပင်ကြီးများသည် မီးစွဲလောင်လျက်ရှိသော ကမ္ဘာ့ဌာန်း လှမည်းတောင်ကြီးများကဲ့သို့ ထိန်ထိန်ညီးလျက် ရှိသော တောမီးများ၏အလယ်၌ ထိုးထိုးထောင်ထောင် ထွက်ပေါ်လျက်ရှိကြသည်။ မီးညွှန့်မီးစွယ်များနှင့် မီးခိုးလုံးကြီးများသည်လည်း တိမ်တိုက်များနှင့် ရောယှက်၍ သွားလေရာ ခရီးသည်များသည်ကြီးမားလှစွာသော မီးလုံးကြီးတစ်လုံးထဲ၌ အငုံ့ခံ၍ နေရဘိသကဲ့သို့ရှိနေကြကုန်၏။

"ကျုပ်တို့အောက်ကိုဆင်းပြီးထွက်ပြေးကြရအောင်။ ကျုပ်တို့အသက်အေးကာ လွတ်ဖို့ဒီလမ်းပဲရှိတယ်" ဟု ဒစ်က အော်၍ ပြောလိုက်လေသည်။

သို့သော် ဒေါက်တာက သူ၏လက်ကို ဖမ်းဆွဲကာ တားဆီး၍ထားရင်းသံချိတ်များကို ချည်ထားသော ကြိုးများကို ဖြတ်တောက်လေသည်။ မီးပုံးပျံကြီးရှိရာသို့ ခုန်တက်လျက်ရှိသော မီးစွယ်မီးညွှန့်ကြီးများကား နီရဲသောလျှာကြီးများပမာ ပုခက်နံဘေးကို လျက်၍ နေကြ၏။ သို့သော် မကြာမီမီးပုံးပျံကြီးသည် အနှောင်အဖွဲ့မှ လွတ်ကင်းသွားသဖြင့် ရှတ်တရက် ပေ၁၀၀၀ အထိမြင့်အောင် လေထဲသို့ ခုန်ပျံတက်သွားလေတော့၏။ ကြောက်ခက်ဖွယ်ကောင်းလောက်အောင် အော်ဟစ်လိုက်ကြသော အသံများသည်တစ်တောလုံး ဆူညံသွားသည်နှင့်အမျှ သေနတ်သံများသည်လည်း တစ်ပြိုင်နက် တွဲဖက်ထွက်ပေါ်လာကြသည်။ သို့ရာတွင် အရှေ့ဘက်ဦးအလင်းဆောင်ကလေးနှင့်အတူ တဖြူးဖြူးသုတ်ဖြန်း၍လာသော လေပြည်ကလေး၏ဆောင်ကြဉ်းချက်အရ မီးပုံးပျံကြီးသည် အနောက်ဘက်သို့ဦးတည်ကာ မိမိခရီးကို ကောင်းစွာ ဆက်လက်သွားလျက် ရှိလေသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ - "တကယ်လို့ ညကသာ ပစ္စည်းတွေကို ကြိုကြိုတင်တင် ရွှေ့မထားမိရင် ကျုပ်တို့တစ်တွေဟာ အမှန်ဒုက္ခရောက်ကြပြီးသားပဲ၊ ဒါတောင် အခု ဘေးလုံးလုံး မကင်းသေးဘူး"

ဒစ် - "အခု ခင်ဗျား ဘာကြောက်စရာ ရှိတော့လို့လဲ။ ဝိတ်ိုရိယကြီးဟာ ခင်ဗျား မရိုင်းဘဲ မြေပြင်ကို မဆင်းနိုင်ဘူးမဟုတ်လား"

ဒေါက်တာ - "ကဲလေ ဒီဟာ ထားပါတော့နို့ပေမဲ့ ဟိုမှာ ကြည့်စမ်းပါဦး"

တောအုပ်ကြီးကို ကျော်လွန်လာခဲ့ကြပြီဖြစ်ရာ သူတို့သည် ဘောင်းဘီပွများကို ဝတ်ဆင်လျက် ကိုယ်ရုံကြီးများ တလွှားလွှားဖြင့် သူတို့နောက်သို့ အပြင်းလိုက်လာကြသော မြင်းစီးသမား ၃ဝ ခန့်ကို တွေ့မြင်ကြရလေသည်။ အချို့က လှံရှည်ကြီးများကိုလည်းကောင်း၊ တချို့က ပြောင်းရှည်တူမီးသေနတ်များကိုလည်းကောင်း ကိုင်ဆောင်လာကြ၏။ သူတို့စီးသော မြင်းများမှာ လျင်မြန်လှသဖြင့် တဖြည်းဖြည်းမျှသာ သွားလျက်ရှိသော ဗိတိုရိယကြီး၏ လမ်းကြောင်းအတိုင်း ထက်ကြပ်မကွာ လိုက်ပါလျက် ရှိကြကုန်၏။

ခရီးသည်များကို မြင်ကြရသောအခါ သူတို့သည် အော်ဟစ်ကာ သေနတ်များကို မြှောက်ပြကြ၏။ နေလောင်ထားသော သူတို့၏ မျက်နှာကြီးများပေါ်တွင် အပြင်းအထန် ဒေါသထွက်လျက်ရှိခြင်းကို အထင်အရှား မြင်နေကြရသည့်အပြင် တိုတောင်း၍ အဖျားချွန်လျက်ရှိသော သူတို့၏ မုတ်ဆိတ်များကြောင့်လည်း ပိုမိုကြောက်မက်ဖွယ်ကောင်းနေသည်။ ထိုသူများသည် ဆင်နီဂယ် မြစ်ကမ်းပါးသို့သွားရာ လမ်းတစ်လျှောက်တွင်ရှိသည့် လွင်ပြင်များနှင့် တောင်ကုန်းခပ်ပြေပြေများပေါ်တွင် မြင်းများကို အလွယ်တကူ စိုင်းနှင်လျက်ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာ - "ဒီလူတွေဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ ဘာလီတား လူမျိုးတွေပေါ့။ ဥရောပတိုက်သားမျက်နှာဖြူတွေကို ဆင်နီဂယ်နဲ့ နိုင်ဂါ အထက်ပိုင်းပိုင်းနယ်ဘက်ကနေပြီး သူ့လူတွေနဲ့ တိုက်ထုတ်နေတဲ့ အလ်ဟာဂျီဆိုတဲ့ လူရဲ့နောက်လိုက် မဟာမေဒင်တွေပဲ။ ဒီလူတွေ လက်ထဲရောက်မယ့်အစား ကျုပ်တော့ တောထဲက သားရဲတိရစ္ဆာန်တွေရဲ့ လက်ထဲကို ရောက်လိုက်ချင်သေးတယ်"

ဒစ် - " ကျုပ်လည်း ဒီလူတွေရဲ့ မျက်နှာထားကို ကြည့်ရတာ ...တယ် မကြိုက်ပါဘူး"

ဂျိုး - "ဒီလူယုတ်မာကောင်တွေ မိုးပေါ်ကို မပျံနိုင်ကြလို့တော်ပါသေးရဲ့။ အဲဒါအတွက် ကျွန်တော်တို့က တစ်ပန်းသာနေတယ်"

ဒေါက်တာ - "ဟောဟိုရွာတွေပျက်နေတာ တဲတွေ မီးလောင်ထားတာတွေကို ကြည့်။ အဲဒါတွေဟာ သူတို့လက်ချက်တွေချည်းပဲ။ တစ်ခါတုန်းက သာသာယာယာနဲ့ လယ်ယာစိုက်ပျိုးလုပ်ကိုင်နေထိုင်ကြတဲ့ နေရာတွေဟာ ခုတော့ အလုအယက်ခံကြရလို့ လူသူလေးပါး ဆိတ်သုဉ်းတဲ့ရွာပျက်ကြီးတွေ ဖြစ်နေကြပြီ"

ဒစ် - "ဘာပဲဖြစ်ဖြစ် သူတို့ ကျုပ်တို့ဆီကိုတော့ ရောက်မလာနိုင်ကြပါဘူး။ ပြီးတော့ ကြားထဲကလည်း မြစ်ကြီးခြားနေမှပဲ၊ ကျုပ်တို့ ကြောက်စရာ မလိုပါဘူး"

(ဒေါက်တာက ဘာရိုမီတာကိုကြည့်ရှုလျက်) "ဟုတ်တော့ ဟုတ်ပါရဲ့ ဒစ် ...နို့ပေမဲ့ ကျုပ်တို့ ဒီထက်အောက်ကို နိမ့်လို့တော့ မဖြစ်ဘူး"

တာလီဘားလူမျိုးများသည် တစ်မနက်ခင်းလုံး ဆက်လက်လိုက်လျက် ရှိကြလေရာ ၁၁ နာရီ ထိုးသောအခါ၌ကား ခရီးသည်များမှာ အနောက်ဘက်သို့ ၁၅ မိုင်မျှ ခရီးပေါက်ခဲ့ကြလေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသည် မိုးကုပ်စက်ဝိုင်းပေါ်မှ မိသားစုကလေးကို စောင့်ကြည့်နေ၏။ သူသည် လေကြောင်းပြောင်းသွားမည်ကို စိုးရိမ်ပူပန်နေမိသည်။ အကယ်၍ သူတို့သည် နိုင်ဂါမြစ်ဘက်သို့ ပြန်ရွှေ့သွားကြပါက အဘယ်သို့ ဖြစ်ကြလေမည်နည်း။ ထို့ပြင် မီးပုံးပျံကြီးသည် သိသိသာသာ အင်အားဆုတ်ယုတ်လျက် ရှိနေပြီးလျှင် သူတို့ စတင်ထွက်လာသည်မှ ယခုအချိန်အထိ မာတ်ငွေ့ကုဗပေ ၃၀၀ ကျော်မျှကုန်ခန်းသွားလေပြီ။ ဆင်နီဂယ်မြစ်ကား ၁၂ မိုင်မျှ ဝေးသေးသည်။ ဤနှုန်းအတိုင်းသာ ဆိုပါက အဆိုပါမြစ်သို့ရောက်ရန် ၃ နာရီမျှကြာပေဦးမည်။

မြစ်စီးသမားများထံမှ ထပ်မံအော်သံများကို ကြားရသဖြင့် သူတို့သည် လှည့်၍ကြည့်လိုက်မိကြ၏။ ဒေါက်တာသည် ဘာရိမိတာကို ကြည့်လိုက်ရာ အော်သံများ၏ အကြောင်းရင်းကို သိရလေသည်။

ဒစ် – "ကျုပ်တို့ အောက်ကို ကျနေကြပြီ"

ဒေါက်တာ – "ဟုတ်တယ်၊ ကျတာမှ မလွဲဘူး"

နောက် ၁၅ မိနစ်ခန့်မျှကြာသောအခါ ပုစက်သည် မြေပြင်နှင့် ပေ ၁၅၀ ခန့်မျှသာ ကွာတော့၏။ သို့သော် လေသည် ယခင်ကထက် ပိုမို တိုက်ခိုက်လျက်ရှိလေသည်။ တာလီဗားများသည် မြင်းများကို တိုး၍ နှင်ကြရာမှ မကြာမီ သေနတ်များကို တစ်ပြိုင်တည်း ပစ်လိုက်သော အသံကြီးတစ်ခုသည် လေထဲသို့ ဟိန်းတက်လာလေသည်။

ဂျိုး – "ကျွန်တော်တို့ နောက်ထပ် ပစ်ချနိုင်တာ ဘာများရှိသေးသလဲ"

ဒေါက်တာ – "အသားမုန့်ခြောက်တွေ ကျန်တာရှိသေးတယ်၊ အဲဒါတွေက တို့အတွက် ပေါင် ၃၀ လောက်တော့ ပေါ့သွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



(ကျီးက မှန်ဘောင်တွင်ကြီးကို ပုခက်နံဘေးသို့ ကျော်၍ပစ်ချရင်း) "တိုင်းသွားပေတော့ကွာ"

မြေပြင်နှင့် ထိလုမတတ်ရှိသော ပုခက်ကြီးသည် မြင်းစီးသမားများ၏ အော်သံများအကြားမှ အပေါ်သို့ မြင့်တက်သွား၏။ သို့သော် နာရီဝက်ခန့်ကြာသောအခါ ဝိတိုရိယကြီးသည် ပိုးထည်ကြီး၏ အပေါက်များမှ ဓာတ်ငွေ့များစိမ့်ထွက်နေခြင်းကြောင့် လျင်မြန်စွာ ကျဆင်းလာပြန်လေသည်။ မကြာမီ ပုခက်ကြီးသည် မြေပြင်ကို ရုပ်တိုက်လျက်ရှိသဖြင့် တာလီဗားများသည် ဆင်းရှိရာသို့ အားသွန်ပြေးလာကြပြန်၏။ သို့ပင်ဖြစ်လင့်ကစား ပုခက်သည် မြေပြင်နှင့် ထိလုမတတ်ရှိရာမှ တစ်ချက်မျှခုန်ကာ အပေါ်သို့ကြွတတ်သွားပြီးလျှင် ရှေ့သို့ တစ်မိုင်ခန့်တက်သွားပြီးမှ ပြန်ကျလာပြန်လေသည်။

"သူတို့လက်ထဲက ဘယ်နည်းနဲ့မျှ ကျုပ်တို့ မလွတ်တော့ပါဘူး" ဟု အော်တာ ဒေါ်သဖြင့် အော်ပြောလိုက်သည်။

ဒေါက်တာတမှ "တို့ချန်ထားတဲ့ ဘရန်ဒီပုလင်းတွေကို ပစ်ချလိုက်စေတော့ ကျီးရေ နောက်ပြီး တို့ကိရိယာ တန်ဆာပလာတွေနဲ့ လေးနေမယ့် အစည်းမှန်သမျှ ရော။ တို့ရဲ့နောက်ဆုံးကျောက်ဆူးသံချိတ်ကိုပါ ပစ်ချတော့ ဆော့။ တို့ဒီလိုမှမလုပ်ရင် မဖြစ်တော့ဘူး" ဟု အမိန့်ပေးလျက် ရှိလေသည်။

ကျီးသည် ဘာရိုမီတာနှင့် သာမိုမီတာများအားလုံးကို ပစ်ချလိုက်သည်။ သို့သော် အကြောင်း မထူးလှချေ။ မီးပုံးပျံကြီးသည် ခဏမျှသာ တက်သွားပြီးနောက် မြေပြင်သို့ ကျမြဲကျလာပြန်၏။ တာလီဗားများသည် ခြောက်ဆင်းလျက် ရှိကြလေရာ ကိုက် ၂၀၀ မျှပင် မဝေးတော့ချေ။

"သေနတ် ၂ လက်ကို ပစ်ချပေ့"



www.burmeseclassic.com

www.burmeseclassic.com



"တျူပ် သူတို့ကို မပစ်ရသေးဘဲ ပစ်မချနိုင်သေးဘူး" ဟူသော ဒစ်
ပြန်ပြောသံနှင့်အတူ သေနတ်သံ ၄ ချက်သည် ဆက်တိုက် ထွက်ပေါ်လာ
လျှင် မြင်းစီးသမား အများအပြားပင် ချက်ကောင်းကို ထိမှန်သွားသဖြ
မြင်းပေါ်မှ အောက်သို့ အတုံးအရုံး လဲကျသွားကြလေရာ ဒေါသဖြင့် ကြ
တမ်းစွာ အော်လိုက်ကြသောအသံများမှာ ဆူညံ၍ သွားလေတော့၏။

ဝိတိုရီယကြီးသည် တစ်ဖန် အပေါ်သို့မြင့်တက်လာပြန်၏။ သို့
မီးပုံးပျံကြီးသည် အတော်လှမ်းလှမ်းသို့ရောက်သောအခါ ပြန်၍ကျလို
ထို့နောက် ကြွ၍ တက်လိုက်နှင့် ရော်ဘာဘောလုံးကြီးတစ်လုံးသဖွ
တက်ချည် ကျချည် ဖြစ်နေလေသည်။ ပင်လယ်စောင့်နတ် နက်(ပ)ကျွ
နှင့် မြေစောင့်နတ်သမီးမှ ပေါက်ဖွားသော လက်ဝေ့ကျော် ဘီလူးကြီး အ
တီအပ်ကဲ့သို့ မြေပြင်နှင့်ထိကပ်မိတိုင်း အင်အားအသစ်တိုးလာသ
အလား ကဲ့ခဲသော ဤခရီးသည်တစ်စုတို့သည် နန်ရင်းပေါက်ရင်းဖြ
ရန်သူများလွတ်မြောက်ရန် ကြိုးစား ပြေးလွှားလျက် ရှိကြပုံမှာ ထူးဆ
သော ရှုမြင်ကွင်းတစ်ခု ဖြစ်၍နေလေသည်။ သို့သော် နောက်ဆုံးအ
ကား ရောက်လာချေတော့မည်။ အချိန်မှာ မွန်းတည့်လုနီးဖြစ်၏။ မီးပုံး
ကြီးသည် ဒယီးဒယိုင်နှင့် အားအင် လျော့ပါးလျက်ရှိလေရာ ကိုယ်ထ
ကြီးသည် တဖြည်းဖြည်း ပိန့်ရှုံ့၍လာပြီးလျှင် ပိုးသားထည်ကြီးမှ အ
အခေါက်များသည် တစ်ခုနှင့်တစ်ခု ပွတ်တိုက်လျက် ရှိကြသဖြင့် သွာ
ကြိတ်သံကဲ့သို့ အသံတစ်မျိုး ထွက်ပေါ်လာလေသည်။

ဒစ်- "ကျုပ်တို့တော့ စခန်းသိမ်းပါပြီ။ ကျတော့မှာပါပဲ"

ဂျိုးသည် စကားပြန်မပြောဘဲ သူ့သခင်မျက်နှာကို လှမ်းကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ - "မကျရဘူး။ အောက်ကိုဖြုတ်ချဖို့ ပေါင် ၁၅၀ တိတိ တွန်းသေးတယ်"

"ဘာဗျ" ဟု တအံ့တသြ မေးရင်း ဒစ်သည် ဒေါက်တာဖာဂတ်ဆင် ရူးသွားရှေပြီလောဟု တွေးနေမိလေသည်။

ဖာဂတ်ဆင် - "ပုခက်ကြီးလေဗျာ။ ကျုပ်တို့တ ပိုက်မှာတွယ်ပြီး နေရစ်ကြရမယ်။ ပိုက်ကြိုးတွေကို လက်နဲ့မြဲမြဲဆွဲပြီးမြစ်ကိုရောက်အောင် ကျုပ်တို့ လိုက်နိုင်ကြပါတယ်။ ကိုင်း မြန်မြန်လုပ်ကြပေတော့ မြန်မြန်"

ဖွဲကောင်းလှသော ခရီးသည်များသည် နောက်ဆုံးဖြစ်သော ဤအခွင့်အရေးကို ပြုလုပ်ရန် လက်နှေး၍ မနေကြတော့ပေ။ သူတို့သည် ဒေါက်တာ အကြံပေးသည့်အတိုင်းပိုက်ကွန်ကွက်များကိုတွယ်ကပ်၍နေကြစဉ်ဂျိုးသည် လက်တစ်ဖက်ဖြင့် ပုခက်ဆိုင်းကြိုးများကို ပုဆိန်နှင့် တွင်တွင်ကြီး ခုတ်ဖြတ်လေ၏။ မီးပုံးပျံကြီးသည် နောက်ဆုံးအကြိမ် မြေပြင်နှင့် ရိုက်ခတ်တော့ မည်ကဲ့သို့ရှိစဉ် ပုခက်သည် အောက်သို့ပြုတ်ကျသွားလေသည်။

ထိုအခါ မီးပုံးပျံကြီးသည် ပေ ၃၀၀ ခန့်မျှ လေထဲသို့ မြင့်တက်သွားရာ ဂျိုးက ဟူးရေး ဟု ဝမ်းသာအားရ အော်လိုက်လေသည်။

တာလီဗားများသည် မြင်းများကိုရိုက်၍ ဒုန်းစိုင်း လာကြသေး၏။ သို့ရာတွင် ကျန်ရှိသော ဝိတိုရိယကြီး၏ ကိုယ်ထည်အထက်ပိုင်းကြီးသည် လေ ကောင်းနှင့်တွေ့သဖြင့် ရန်သူများအား ဝေးလံစွာ ဖြတ်၍ထားခဲ့ပြီးလျှင် အနောက်ဘက်တောင်ငယ်ကလေးတစ်လုံးဆီသို့ လျင်မြန်စွာ ပျံသန်း သွားတ် ရှိလေ၏။ ထိုတောင်ငယ်ကလေးကား မြင်းစီးသမားများ၏ လမ်းဦး အန့်လန့် ခံလျက် တည်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ ၃ ယောက်သည် ပိုက်ကြိုးများကို မြဲမြဲစွာ ဆုပ်ကိုင်ထားကြလေသည်။ ခြေထောက်၌ ရစေရန် ခြေအောက်မှ ကြိုးများကိုလည်း ချည်နှောင်၍ထားကြသေး၏။ တောင်ငယ်ကို သူတို့ ကျော်လွန်မိသောအခါ ဒေါက်တာသည် "မြစ်ပေါ့ ဆင်နီဂယ်မြစ်ပေါ့" ဟုအော်၍ပြောလိုက်သည်။

မြစ်ကြီးသည် သူတို့ရှေ့၂ မိုင်ခန့်တွင် စီးဆင်းလျက် ရှိ၏။ ဝေးလံသောတစ်ဖက်ကမ်းသည် သူတို့အတွက် ဘေးရန်ကင်းလျက် ဆင်းသက်ရန်လည်း လွယ်ကူသော နေရာတစ်ခုဖြစ်လေသည်။

"နောက် နာရီဝက်ကြာရင် ကျုပ်တို့တစ်တွေ ဘေးရန်ကင်းကြပါပြီ" ဟု ဒေါက်တာ ဖာဂတ်ဆင်က ပြောလိုက်လေသည်။

သို့သော်မျှော်လင့်သည့်အတိုင်းမဖြစ်ပေ။ ဓာတ်ငွေ့များကုန်လုနီးပါးဖြစ်နေသော မီးပုံးပျံကြီးသည် သစ်ပင်များ ကင်းရှင်းသော မြေပြင်တစ်နေရာပေါ်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာလေသည်။ ထိုနေရာမှ ဆင်ခြေလျှောကုန်းပြင်များနှင့် ကျောက်တုံးထူထပ်သော လွင်ပြင်များဖြစ်လျက် ချုံပုတ်အနည်းငယ်နှင့် နေပူရှိန်ဖြင့် ခြောက်သွေ့နေသော မြက်တောကြီးရှိလေသည်။

ဝိတ်ိုရိယကြီးသည် မြေကြီးကို အကြိမ်ပေါင်းများစွာ ထိလိုက်ခုန်လိုက်ရှိရာမှ တစစအရှိန်သေ၍ လာခဲ့လေသည်။ နောက်ဆုံး၌ ပိုက်ကွန်ကြီး၏အထက်ပိုင်းနှင့် ကွင်းပြင်ကြီး၏အလယ်၌ ထီးထီးပေါက်နေသော ဗာအိုဗတ်ပင်ကြီးတစ်ပင်၏ အကိုင်းများနှင့် သွားရောက်ငြိတွယ်နေလေသည်။

ဒစ် - "ဒီတစ်ခါမှ ကိစ္စချောတာပဲ"

ဂျိုး - "မြစ်နဲ့ ကိုက် ၁၀၀ လောက်အတွင်းမှာမှ လာပြီးဖြစ်ရတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ပိုက်ပေါ်မှ ဆင်းသက်ကြပြီးလျှင် ဒေါက်တာသည် ကျယ်လောင်သောအသံကြီးဖြင့် တဝုန်းဝုန်းစီးဆင်းလျက်ရှိသော မြစ်ကြီးရှိရာသို့ သူ့အဖော်နှစ်ယောက်အား ခေါ်ဆောင်သွားလေသည်။

မြစ်ကမ်းနားသို့ရောက်သောအခါမှ ဒေါက်တာဖာဂတ်ဆင်သည် ဂိုနီဘာ ရေတံခွန်ဖြစ်ကြောင်းကို သိရှိရလေသည်။ လှေတစ်စင်းကို ထားဘိဦး။ သက်ရှိသတ္တဝါ တစ်စုံတစ်ခါကိုမျှ မတွေ့မမြင်ကြရပေ။

ထိုနေရာ၌ ဆင်နီဂယ်မြစ်သည် ပေ ၂၀၀ မျှ ကျယ်ဝန်းလျက် ရေတံခွန်သည် ပေ ၁၅၀ ခန့်မြင့်ပြီးလျှင် ရေလုံးကြီးများတဝုန်းဝုန်း ရိုက်ခတ်လျက်ရှိလေသည်။ မြစ်သည် အရှေ့နှင့်အနောက်ကို စီးဆင်းနေလျက် ကန့်လန့်ခံနေသော ကျောက်ကြောမှာ တောင်နှင့်မြောက်တန်းလျက် ရှိနေ၏။ ရေတံခွန်အလယ်မှာ ကျောက်ဆောင်ကြီးများသည် ကြီးမားလှသော ရှေးခေတ်သတ္တဝါကြီးများနှင့် သဏ္ဍာန်တူစွာ ရေလယ်ကောင်မှ ထူးဆန်းစွာ ထွက်ပေါ်၍နေကြပေသည်။

မြစ်ကို ကူးရန်ကား မဖြစ်နိုင်သော အရာပေတည်း။ ဒစ်သည်စိတ်ပျက်သည့်အမူအရာကို မဖုံးကွယ်နိုင်အောင် ရှိတော့၏။ သို့ရာတွင် စိတ်ဓာတ်ကြံ့ခိုင်သော ဒေါက်တာကမူ "ကိစ္စမချောသေးဘူးဟေ့" ဟု ရဲရင့်သော အသံကြီးဖြင့် အော်ဟစ်လိုက်လေသည်။

"ကျွန်တော်လည်း သိပါတယ် သခင်" ဟု သူ့သခင်အား ယုံကြည်အားကိုးသော အသံဖြင့် ထောက်ခံလိုက်လေသည်။

မြက်ခြောက်များသည် ဒေါက်တာအား ရဲရင့်စွန့်စားရမည့် အကြံအစည်တစ်ခုကို ဖြစ်ပေါ်စေ၏။ ထိုအရာသည် သူတို့၏တစ်ခုတည်းသော



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် ဖြစ်လေသည်။ သို့နှင့် သူသည် အဖော်များအား မီးပုံးပျံကြီး ရှိရာသို့ အလျင်အမြန်ပြန်၍ ခေါ်သွားလေသည်။

ဒေါက်တာ - "ကျုပ်တို့ ဟိုလူတွေရှေ့မှာ အနည်းဆုံး ၁ နာရီလောက် စောပြီး ရောက်နေတာပဲ။ ကိုင်း ဒီတော့ အချိန်ကုန်ခံလို့ မဖြစ်ဘူး။ ခင်ဗျားတို့ တက်နိုင်သမျှ မြက်ခြောက်တွေကို စုကြပေတော့။ အနည်းဆုံး ပေါင်တစ်ရာ လောက် ကျုပ်လိုချင်တယ်"

ဒစ် - "ဘာလုပ်လို့လဲဗျ"

ဒေါက်တာ - "ကျုပ်မှာ ဓာတ်ငွေ့မရှိတော့ဘူး မဟုတ်လား။ ဒီတော့ မြစ်ကို ကျုပ်တို့ မိုင်းငွေ့နဲ့ ဖြတ်ကူးရလိမ့်မယ်"

"အား ...ဆင်မြူးယယ် ...ခင်ဗျားဟာ တကယ်တော်တဲ့လူတစ်ယောက် ပါလား" ဟုဒစ်သည် ရီးကျူးလိုက်ပြီးလျှင် ဂျိုးနှင့်အတူ အလုပ်ကို စတင် လုပ်ကြလေရာ မကြာမီ ဗာအိုဗက် ပင်ကြီးအနီး၌ မြက်ခြောက်များတို့ အခြောက်အမြား စုပုံမိကြလေ၏။ ထိုကဲ့သို့ သူတို့ပြုလုပ်လျက်ရှိနေကြစဉ် ဒေါက်တာသည် မီးပုံးပျံကြီး၏အဝကို ချဲ့ပြီးလျှင်ကျန်ရှိသော ဟိုက်ဒရိုဂျင် ဓာတ်ငွေ့များကို ဘူးဆို့ပေါက်မှ အကုန်ထွက်သွားစေရန် ဂရုစိုက်၍ ထုတ်ပစ် လျက်ရှိလေသည်။ ထို့နောက် မြက်ခြောက်များကို မီးပုံးပျံကိုယ်လုံးကြီး အောက်၌ စုပုံ၍မီးရှို့လေသည်။

မီးပုံးပျံကြီးတစ်လုံးကို မိုင်းအပြည့်သွင်းရန်မှာ အချိန်အနည်းငယ်မျှ သာလိုသည်ဖြစ်ရာ ဒီဂရီ၁၈၀ မျှရှိသောအပူရှိန်သည် အထဲ၌ရှိသော လေထု ၏အလေးချိန်ကို လျင်မြန်စွာ လျော့သွားစေရန်ဖြစ်၏။ ဤသို့ဖြင့် ဗိတိုရိယ ကြီးသည် သူ၏ပိုင်းဝန်းသော ကိုယ်လုံးကြီးသဏ္ဍာန်အတိုင်း ပြန်ဖောင်း လေသည်။ မြက်ခြောက်များလည်း လိုသလောက်ရှိနေသဖြင့်ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



သည် မီးကို မပြတ်အောင် ထည့်ပေးလျက်ရှိရာ မီးပုံးပျံကြီးသည် သိသိသာ သာကြီး ဖောင်းလာလေသည်။

အချိန်ကား မွန်းတည့်ပြီးနောက် တစ်နာရီ၏ ၄ ပုံ ၃ ပုံခန့်မျှရှိလေပြီ။ ထိုအခိုက်တွင် မြောက်ဘက် ၂ မိုင်ခန့်ဝေးသောနေရာမှ တာလီဗားများ၏ အကျွန်များ တစ်ဖန် ပေါ်လာကြပြန်ရာ သူတို့၏အော်သံများနှင့် မြင်းခွာသံ များကို ပြတ်သားစွာ ကြားရလေသည်။

ဒစ် - "မိနစ် ၂၀ အတွင်းမှာ သူတို့ ဒီရောက်လာကြတော့မှာပဲ"

ဒေါက်တာ - "မြက်ထပ်ထည့်ဦးဟေ့ ဂျိုး။ မြက်ထပ်ထည့်ဦး။ နောက် ၁၀ မိနစ်ဆိုရင် တို့လေထဲ ရောက်နေကြတော့မယ်"

ဝိတ်ဒိုရိယကြီးသည် မှိုင်း ၃ ပုံ ၂ ပုံမျှ ပြည့်နေလေပြီ။

ဒေါက်တာ - "ကိုင်း ...မိတ်ဆွေတို့ အရင်ကလိုပဲ ဝိုက်ကို ကိုင်ထားကြ သတော့"

ဒစ်နှင့် ဂျိုးတို့က ပြိုင်တူ "ကောင်းပါပြီခင်ဗျာ"

"နောက် ၁၀ မိနစ်လောက် ကြာသောအခါ မီးပုံးပျံကြီးသည် အပေါ်သို့ တက်ရန် အပြင်းအထန် ရုန်းကန်စ ပြုလျက် ရှိလေတော့၏။ သို့သော် သူသို့ တိုးလာနေကြသော တာလီဗားများနှင့် ကိုက် ၅၀၀ ခန့်မျှ ဝေးကွာ ကြသေး၏။

ဒစ်ဝတ်ဆင် - "မြဲမြဲကိုင်ထားကြနော်"

ဒေါက်တာသည် နောက်ဆုံး မြက်ထုံးကို မီးထဲသို့ ခြေနှင့် ကန်သွင်း လိုက်ပြီးသည်နှင့် အပူရှိန်လုံလောက်စွာ ပြည့်၍ လာခဲ့ပြီဖြစ်သော မီးပုံးပျံ ကြီးသည် သစ်ကိုင်းများကို တိုးဝေ့ရိုက်ခတ်ရင်း အပေါ်သို့ ကြွတက်လာ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြီပေါ့ ...ထွက်ပြီ" ဟု ဂျိုးက အော်လိုက်၏။

သူအားတုံ့ပြန်သည့်အနေဖြင့် သေနတ်သံများ ထွက်ပေါ်လာ ကျည်ဆန် တစ်ဆန်သည် ဂျိုး၏ပခုံးကို ပွတ်သွားသေး၏။ ပေ ၈၀၀ ခန့် အမြင့်သို့ မီးပုံးပျံကြီးတက်သွားသည်ကို မြင်ကြရသဖြင့် ဒေါသကြီးစွာဖြင့် စူးရှစွာ အော်ဟစ်လိုက်ကြသော တာလီဗားများ၏အသံကား ပြော်ဖွယ် မရှိတော့ပေ။ လေကောင်းစွာ ရသွားသဖြင့် မီးပုံးပျံကြီးသည် ပြင်းထန်စွာ ယမ်းခါပြီးလျှင် ခရီးသည်များအားမြစ်ကို ကျော်ဖြတ်ကာ သယ်ဆောင်သွား လေ၏။

ထိုအချိန်အတွင်း၌ အချင်းချင်း စကားတစ်ခွန်းမျှပင် မပြောမိကြ သော ခရီးသည်ကြီးများသည် နောက် ၁၀ မိနစ်မျှကြာသောအခါ ဆင်နီဂယ် မြစ်၏ တစ်ဖက်ကမ်းသို့ တဖြည်းဖြည်း ဆင်းသက်လျက် ရှိကြလေသည်။

ထိုတစ်ဖက်ကမ်း၌ကား ပြင်သစ်ဝတ်စုံတို့ကို ဝတ်ဆင်ထားကြသော လူတစ်စုတို့သည် ထိတ်လန့်အံ့သြခြင်းဖြင့် ရပ်၍ ကြည့်နေကြ၏။ အခြား တစ်ဖက်ကမ်းမှ မီးပုံးပျံကြီးတစ်လုံး ပျံတက်လာသည်ကို မြင်ကြရသဖြင့် ထိုသူများ မည်မျှလောက် အံ့သြသွားကြမည်ကိုကား မှန်းဆ၍ ကြည့်နိုင် ပေလိမ့်မည်။ သို့ရာတွင် သူတို့၏အရာရှိများဖြစ်ကြသော ရေတပ်လက် နင်တစ်ဦးနှင့် တိုက်သဘော်ဗိုလ်ကလေး တစ်ဦးသည် ဒေါက်တာ ဖာဂဆ် ဆန်တို့၏စွမ်းစွမ်းတမံစွန့်စားကြသည့်အကြောင်းများကိုဥရောပ သတင်း များထဲ၌ တွေ့မြင်ဖတ်ရှုခဲ့သဖြင့် အကျိုးအကြောင်းကို ငယ်သားများအား ချက်ချင်း ရှင်းလင်းပြလေသည်။

မီးပုံးပျံကြီးကား တဖြည်းဖြည်း မှိုင်းများ အန်ထွက်လာသဖြင့် ပိုက်တို့ ကိုင်ထားသော ခရီးသည် သူရဲကောင်းကြီးများနှင့်အတူ အောက်သို့ ဆင်းလျက် ရှိလေ၏။ သူတို့သည် ကမ်းနားသို့ပင် ရောက်ပါမည်လော



www.burmeseclassic.com

www.burmeseclassic.com



ရိမ်လျက်ရှိကြသော်လည်း ပြင်သစ်စစ်သားအချို့က ရေထဲသို့ ဆင်းကာ အင်္ဂလိပ်ခရီးသည်ကြီး သုံးယောက်တို့အား ကမ်းနှင့် ပေအတော်ဝေးသော မြစ်ထဲ၌ ကျဆင်းလာသော မီးပုံးပျံကြီးမှ အချိန်မီ ပွေ့ပိုက်ဆယ်ယူလိုက်ကြလေသည်။

"ဒေါက်တာ ဖာဂတ်ဆင်လား ခင်ဗျာ" ဟု လက်ဖတင်နင်က မေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ။ ကျုပ်နဲ့ မိတ်ဆွေနှစ်ယောက်ပါပဲ" ဟု ဒေါက်တာက အေးအေးဆေးဆေးပြန်၍ ဖြေလေသည်။

ပြန်သစ်စစ်သားက ခရီးသည်များအား ကမ်းသို့ သယ်ယူသွားစဉ် မိုင်းများဖြင့် ဖောင်းပွလျက်ပင်ရှိသေးသော ဗိတိုရိယကြီးသည် လျင်မြန်သော မြစ်ကြောအတိုင်း မျောပါသွားလေ၏။

"သနားစရာ ကောင်းလိုက်တဲ့ ဗိတိုရိယကြီးရယ်" ဟု ဂျိုးက ဝမ်းနည်းကြေကွဲစွာ ညည်းညူရှာလေသည်။ မိတ်ဆွေသုံးယောက်တို့မှာ စိတ်ကိုများစွာ ထိခိုက်ကြလျက် မိမိတို့အား ဤမျှဝေးလံစွာ ခလုတ်မထိ၊ ဆူးမငြိစေဘဲ ဆောင်ကြဉ်းလာခဲ့ရှာသော မီးပုံးပျံကြီးအား ဂိုနီဇာ ရေတံခွန်ကြီးထဲသို့ မျောပါ ပျောက်ကွယ်သွားသည့်တိုင်အောင် စောင့်ကြည့်နေမိကြလေသည်။

❖ ❖ ❖

မြေပြင်သို့ ခရီးသည်များ သက်ဆင်းခဲ့ကြသော အဆိုပါ ဆင်နီဂယ်နယ်ကား ယခုတိုင် ပြင်သစ်နယ်ပိုင် ဖြစ်လေသည်။ ကျွန်ုပ်တို့ ခရီးသည်ကြီးများနှင့် ဆုံဆည်းမိကြသော ပြင်သစ်အရာရှိများကား ဂိုနီဇာ အနီး၌ စစ်စခန်းချရန် သင့်လျော်သော နေရာတစ်ခုကို ရှာဖွေစုံစမ်း၍ အစီရင်ခံရန် ပြင်သစ်အစိုးရက စေလွှတ်လိုက်သော အဖွဲ့တစ်ဖွဲ့ဖြစ်၏။ သို့ဖြင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ဒေါက်တာဖာဂတ်ဆင် မြေပြင်သို့ ဆင်းသက်ရာ၌ သက်သေများ ဖြစ်ကြလေသည်။

"ကျုပ်တို့ ရောက်လာတဲ့အကြောင်း တရားဝင် ကြေညာချက်ပေါ်မှာ လက်မှတ်ထိုးဖို့ကိစ္စကိုတော့ ခင်ဗျား ငြင်းဖို့ရှိမယ်မထင်ပါဘူးနော်" ဟု ဒေါက်တာက လက်ဖတင်နင်အား မေးမြန်းလေသည်။

လက်ဖတင်နင် - "ဝမ်းမြောက်ဝမ်းသာနဲ့ လက်မှတ်ထိုးပါ့မယ်ဗျာ။ နို့ပေမဲ့ ခင်ဗျားတို့ကို ကျွန်တော် ပထမ ပြုစုပါရစေဦး။ ခင်ဗျားတို့မှာ အနားယူဖို့ရော၊ အစားရော၊ အဝတ်ရော လိုနေပါတယ်။ ခင်ဗျားတို့ လိုတာတွေ အားလုံးကို ကျွန်တော်ထောက်ပံ့နိုင်ပါတယ်ခင်ဗျာ"

သို့နှင့် အံ့ဩဖွယ်ကောင်းသော ဒေါက်တာဖာဂတ်ဆင်နှင့် သူ၏ အဖော် သူရဲကောင်းကြီးများ၏ ခရီးစဉ်သည် ဤနေရာတွင် ပြီးဆုံးခြင်းသို့ ရောက်လေတော့၏။ သူတို့သည် မိမိတို့တတ်နိုင်သမျှ အစွမ်းကုန်ပြုစု စောင့်ရှောက်ကြသော မိတ်ဆွေကောင်းများနှင့် တွေ့ကြရ၏။ သူတို့ရောက်ရှိလာကြပုံကို ပြည့်စုံစွာ ရေးသားဖော်ပြပြီးလျှင် ခရီးသည်ကြီးသုံးယောက် သည်လည်းကောင်း၊ ပြင်သစ်ရှာဖွေစုံစမ်းရေးအဖွဲ့မှ အရာရှိများနှင့် စစ်သားများလည်းလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

သူတို့သည် ဆင်နီဂယ် မြစ်ကမ်းသို့ မေလ ၂၄ ရက်နေ့တွင် ရောက်ကြ လျက် မြောက်ဘက်အဖော်ဝေးတွင်ရှိသည့် ဗီဒီနီ မြို့သို့ ၂၇ ရက်နေ့တွင် ရောက်ရှိကြ၏။ ခရီးသည်များ ဆင်နီဂယ် မြစ်ရိုးတစ်လျှောက်သို့ စုန်ဆင်း သွားမည့် [illegible]ပစ် အမည်ရှိ မီးသင်္ဘောပေါ်သို့လည်း ချက်ချင်းလိုပင် တက်ရောက်နိုင်ကြသည်ကို တွေ့ရှိရလေသည်။ ဤသို့လျှင် ၁၄ ရက်မျှ ကြာသောအခါ ဇွန်လ ၁၀ ရက်နေ့၌ သူတို့သည် စိန့်လူဝီ သို့ ဆိုက်ရောက် ကြလေရာ ဘုရင်ခံက သူတို့အား ကောင်းမွန်စွာ ခရီးဦးကြို ပြုလေသည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ အင်္ဂလိပ်သင်္ဘောတစ်စင်းသည်လည်း ထွက်ခွာရန်အဆင်သင့် ရှိနေသဖြင့် ခရီးသည်များသည် ထိုသင်္ဘောပေါ်သို့ ရွှေ့ပြောင်းကြပြီးနောက် ဇွန်လ ၂၅ ရက်နေ့တွင် ပို့မောက်သို့ ရောက်လျက် ထိုမှတစ်ဆင့် လန်ဒန်မြို့သို့ မီးရထားဖြင့် ရောက်ရှိကြလေသည်။

ကမ္ဘာ့ပထဝီပညာအသင်းကြီးက သူတို့အား ဆီးကြို ညှော်ခံကြပုံကိုလည်းကောင်း၊ သူတို့အား အရပ်ရပ်မှ ဖိတ်ကြား၍ စည့်ခံပွဲများ ပြုလုပ်ကြပုံကိုလည်းကောင်း ကျွန်ုပ်တို့သည် ရေးသားဖော်ပြရန် လိုမည်မထင်ပေ။ အဆိုပါအသင်းကြီး၏ သင်းလုံးကျွတ် အစည်းအဝေးပွဲကြီးတွင် ဒေါက်တာဖာဂတ်ဆင်သည် သူတို့၏ ခရီးစဉ်မှတ်တမ်းကို ဖတ်ပြလျက် အသင်းကြီးက သူနှင့် သူ့အဖော်နှစ်ဦးတို့အား ၁၈၆၂ ခုနှစ်၏ အထူးခြားဆုံးဖြစ်သော ခရီးကြီးကို အောင်မြင်ပြီးဆုံးအောင် သွားနိုင်ခဲ့သည်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ရွှေတံဆိပ်များကို ပေးအပ်ခြင်းပြုလေသည်။

ရစ်ချတ်ကနေဒီ(ဒစ်) သည် အီဒင်ဘာရာ မြို့သို့ ပြန်လာခဲ့၍ ဒေါက်တာနှင့် သစ္စာရှိလှသော သူ၏ကျွန်းတို့ကား ထုံးစံအတိုင်း ငြိမ်းချမ်းသော သူတို့၏ ဘဝအရသာကို ပြန်လည် ခံစားလျက်ရှိကြလေ၏။ သို့ရာတွင် ယခုအချိန်၌ သူတို့သည် တစ်ဦးကိုတစ်ဦး သခင်နှင့် ကျွန်အဖြစ်ထက် မြဲမြံသော မိတ်ဆွေကြီးများအဖြစ်ဖြင့် ဆက်ဆံလျက် ရှိကြပေသတည်း။

BURMESE CLASSIC

□ ဒဂုန်ရွှေမျှား

**ပြီးပါပြီ**

www.burmeseclassic.com